# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**လွတ်မြောက်အောင် အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၇)


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၆၈)


# ကော်မရှင်၏အကြံပြုတင်ပြချက်အများအပြားကို အချိန်မဆိုင်းဘဲ ထိထိရောက်ရောက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၁၆

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ကြိုဆိုကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ယင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက်**

**၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်**

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ကြိုဆိုပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ကိုဖီအာနန်နှင့်တကွ ကော်မရှင်အဖွဲ့ဝင်များအားလုံး၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အမြော်အမြင်ရှိမှုနှင့် အပြုသဘောဆောင်သော ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် နိုင်ငံတော်အစိုးရမှ ကျေးဇူးအထူးပင်တင်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုအစီရင်ခံစာပါ အကြံပြုတင်ပြချက်များအပေါ် သဘောထားအမြင်တူညီကြောင်းနှင့် ယင်းတင်ပြချက်များသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အပေါ် ကောင်းမွန်သောအကျိုးသက်ရောက်မှုများစွာရရှိစေမည်ဟု ယုံကြည်ပါသည်။

ကော်မရှင်၏ အကြံပြုတင်ပြချက်အများအပြားကို အချိန်မဆိုင်းဘဲ ထိထိရောက်ရောက်ဖြင့် အကောင်အထည်ဖော်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်အား ယနေ့ နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့သည် သင်္ဂဟဟိုတယ် Private Dining Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# မူဝါဒပိုင်းဆိုင်ရာများတွင် ခေတ်နှင့်လျော်ညီစွာ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခက်အခဲများအပေါ် နိုင်ငံတော်ပိုင်းက ဖြည့်ဆည်းဖြေရှင်းပေးသွားမည်

စာ-၃




မြန်မာ့အလင်း

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခြေလှမ်းသစ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်ကို စီးပွားရေးပညာရှင်တို့က ထောက်ပြကြပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုရာ၌လည်း တောင်သူလယ်သမားအများစုဖြစ်သော လုပ်ကွက်ငယ်လယ်သမားတို့၏ ဘဝတိုးတက်မှုကို ဖော်ဆောင်နိုင်မှသာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အပံ့ဖြစ်မည်ဖြစ်ပါသည်။ လုပ်ကွက်ငယ် တောင်သူလယ်သမားတို့၏ အဓိကလိုအပ်ချက်များမှာ စိုက်ပျိုးရေးစရိတ်ချေးငွေ လုံလုံလောက်လောက်ရရှိရေးနှင့် စပါးပေါ်ချိန်တွင် ရရာဈေးဖြင့် ထိုးရောင်းရသောဘဝမှ လွတ်မြောက်ရေးအတွက် ငွေကြေးထောက်ပံ့မှုစနစ်တစ်ရပ်တို့ဖြစ်ပါသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်တစ်ရပ်မှာလည်း ချေးငွေလုံလုံလောက်လောက်ရရှိရေးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ် အကောင်အထည်ဖော်ခဲ့သော ၁၉၆၂ ခုနှစ်မှစ၍ ဘဏ်လုပ်ငန်းအားလုံးကို နိုင်ငံပိုင်သိမ်းယူခဲ့သောကြောင့် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းတို့ ပြိုလဲခဲ့ရပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံပိုင်ဘဏ်လုပ်ငန်းတို့သည် ဗဟိုချုပ်ကိုင်သော ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းတို့ကို နိုင်ငံရေး အမိန့်အာဏာတို့၏ စေခိုင်းချက်နှင့်အညီ ပံ့ပိုးပေးရသော အခန်းကဏ္ဍမှသာ ပါဝင်ခဲ့ရပါသည်။ တစ်နည်းဆိုသော် ၂၆ နှစ်ကြာဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံတော်ဘဏ်တို့၏ ဈေးကွက်စီးပွားရေးစနစ်ကို ပံ့ပိုးပေးနိုင်သည့် ကျွမ်းကျင်မှုအရည်အချင်းတို့ ပျောက်ကွယ်ဆုံးရှုံးခဲ့ရပါသည်။ စစ်ကောင်စီခေတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ပံ့ပိုးပေးမည့် ပုဂ္ဂလိကဘဏ်တို့ ပေါ်ထွန်းလာသော်လည်း ကမ္ဘာ့စီးပွားရေးစနစ်နှင့် ကွင်းဆက်ပြတ်နေသော ကာလဖြစ်၍ ပုဂ္ဂလိကဘဏ်တို့၏ အရည်အသွေး မြှင့်တင်ခြင်းကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဗဟိုဘဏ်၏ စိစစ်သုံးသပ်ချက်များအရ ပုဂ္ဂလိကဘဏ်များသည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ငွေထုတ်ချေးမှု အားနည်းလျက်ရှိပြီး ဘဏ်ကို ပိုင်ဆိုင်သော ကုမ္ပဏီကြီးတို့၏ စီးပွားရေးလုပ်ငန်းများနှင့် နီးစပ်ခင်မင်ရာ ပုဂ္ဂိုလ်လုပ်ငန်းရှင်များကိုသာ ငွေထုတ်ချေးမှုများပြားလျက်ရှိသည်ဟု သိရှိရပါသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကဘဏ်တို့၏ ချေးငွေထုတ်ပေးမှုသည် အားနည်းသောအဆင့်တွင် ရှိနေသော်လည်း လုပ်ကွက်ငယ်တောင်သူလယ်သမားတို့အတွက် ပုဂ္ဂလိကဘဏ်တို့၏ ချေးငွေထုတ်ပေးမှုသည် မဆိုစလောက်သာရှိပါသည်။ သုံးသပ်ရမည်ဆိုပါက လက်ရှိအနေအထားတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော ကဏ္ဍကြီးနှစ်ရပ်အတွက် ပုဂ္ဂလိကဘဏ်တို့က ချေးငွေထုတ်ပေးနိုင်မှုသည် လိုအပ်ချက်ထက် များစွာလျော့နည်းလျက်ရှိပါသည်။ ဤကဲ့သို့သော အခြေအနေမျိုး၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံခြားဘဏ်များအား ပြည်တွင်း၌ လက်ရှိအနေအထားထက် လုပ်ပိုင်ခွင့်များပိုမိုပေးအပ်ရန် စီစဉ်ဆောင်ရွက်နေခြင်းသည် ကြိုဆိုရမည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။ ။

**ဥတုရာသီ တောကိုမှီ**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူ လုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင် ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ဂျီနီဗာမြို့၌ အစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၁၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ် ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions-GANHRI) ၏ နှစ်ပတ်လည်အစည်းအဝေး-၂၀၁၇ သို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

ကုလသမဂ္ဂက ကမကထပြု၍ ဖွဲ့စည်းထားသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးတွင် အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းပေါင်း ၁၁၁ ဖွဲ့ရှိရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာမြို့၌ အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် အစည်းအဝေးသို့ လည်းကောင်း၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်း၍ "၂၀၃၀ ခုနှစ် အာဂျင်ဒါ အကောင်အထည်ဖော်ရေး အတွက် ကလေးသူငယ်များ၏ အခွင့်အရေး မြှင့်တင်ကာကွယ်ရေးတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## မှတ်ပုံတင်ခြင်းမရှိသည့် ဆင်းကတ်များကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ယာယီပိတ်သိမ်းသွားမည်

**နေပြည်တော် မတ် ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ မှတ်ပုံတင်ရန်နှင့်စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာများတွင် သုံးကြိမ် အသိပေးကြေညာခဲ့ပြီး မီဒီယာများတွင်လည်း အကြိမ်များစွာ ကြေညာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စာရင်းဇယားများအရ နိုင်ငံတော်အတွင်း သုံးစွဲလျက်ရှိသော SIM Card စုစုပေါင်း ၅၁ သန်းကျော်အနက် ၃၇ သန်းကျော်သာ မှတ်ပုံတင်ပြီးစီးကြောင်း သိရှိရသည်။

မှတ်ပုံတင်ခြင်းမရှိသည့် SIM Card များကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ယာယီပိတ်သိမ်းသွားမည်ဖြစ်ပါသဖြင့် Mobile တယ်လီဖုန်းသုံးစွဲသူ အများပြည်သူများအနေဖြင့် မိမိတို့အသုံးပြုလျက်ရှိသော မိုဘိုင်းတယ်လီဖုန်းများ ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် သုံးစွဲလျက်ရှိသော SIM Card များအား သက်ဆိုင်ရာ ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်၍ အမြန်ဆုံးမှတ်ပုံတင်ကြပါရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထပ်မံတိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၆-၃-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၁ · ၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၇၅ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ · ၂၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီခွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မူဝါဒပိုင်းဆိုင်ရာများတွင် ခေတ်နှင့်လျော်ညီစွာ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခက်အခဲများအပေါ် နိုင်ငံတော်ပိုင်းက ဖြည့်ဆည်းဖြေရှင်းပေးသွားမည်

ရန်ကုန် မတ် ၁၆

**လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနအသီးသီးမှဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ ယခုဆိုလျှင် လေးကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက် ၂၇ ချက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက် ၁၁ ချက်နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆုံးဖြတ်ချက် ၁၆ ချက် စုစုပေါင်း ၅၄ ချက်ကို ချမှတ်ခဲ့ကြောင်း။

အဆိုပါ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် လုပ်ငန်းကော်မတီများက ဆက်လက်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း UMFCCI သို့ အသိပေးအကြောင်းကြားထားပြီးဖြစ်ရာ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းရှင်များကို အသိပေးအကြောင်းကြားလျက်ရှိကြောင်း၊ မှတ်တမ်းများအဖြစ် ပြုလုပ်ထားပြီး ဝန်ကြီးဌာနများကလည်း ဆောင်ရွက်ပြီးစီးမှုများကို ပေးပို့ထားပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး ပုဂ္ဂလိကကဏ္ဍ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းရှင်များ၏အခက်အခဲများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်းထားပြီး ယင်းကော်မတီကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်အလိုက် လုပ်ငန်းကော်မတီငါးရပ်ကို ထပ်ဆင့်ဖွဲ့စည်းပေးထားပါကြောင်း။

ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးစေရန် အဟန့်အတားဖြစ်နေပြီး ခေတ်နှင့်မလျော်ညီသည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ပြင်ဆင်သင့်သည့်ဥပဒေများကို ပြင်ဆင်နိုင်ရေးနှင့် လိုအပ်သည့်စီးပွားရေးဆိုင်ရာ ဥပဒေသစ်များ ပြဋ္ဌာန်းနိုင်ရေးတို့အတွက် ဥပဒေဆိုင်ရာ အကြံပြုခြင်းများကို ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအနေဖြင့် ငွေကြေးတည်ငြိမ်မှုရရှိစေရန်




ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ထိုက်သင့်သလောက် တည်ငြိမ်မှုရရှိခဲ့ကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီအနေဖြင့် ရန်ကုန်ဆိပ်ကမ်းများတွင် ကုန်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းများ ပြုလုပ်ရာတွင် ပြည်ပသို့တင်ပို့သည့် ကုန်သေတ္တာများအတွင်း တရားမဝင်သစ်များဖမ်းဆီးရရှိမှုနှင့် ပြည်ပမှ တင်သွင်းလာသော သွင်းကုန်သကြား ကုန်သေတ္တာတွင် မူးယစ်ဆေးဝါးပါဝင်မှုများ တွေ့ရှိမှုကြောင့် စစ်ဆေးမှုများ ပိုမိုတင်းကျပ်စွာ လုပ်ဆောင်သည့်အတွက် ပို့ကုန်၊ သွင်းကုန်များကို ဆိပ်ကမ်းများ၌ ကုန်တင်၊ ကုန်ချပြုလုပ်ရာတွင် လုပ်ငန်းကြန့်ကြာမှုများဖြစ်ပေါ်နေသည်ဟု တင်ပြမှုအပေါ် လုပ်ငန်းကော်မတီအနေဖြင့် ကွင်းဆင်းပြီး လတ်တလောဖြေရှင်းပေးရမည့်အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ အချို့အချိန်ယူ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားရမည့် ကိစ္စရပ်များကိုမူ သက်ဆိုင်ရာဌာနများနှင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် တတ်နိုင်သမျှ ဖြေလျှော့ပေးခဲ့ကြောင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပိုမိုဖြေရှင်းပေးနိုင်ရန် သက်ဆိုင်ရာဌာနအားလုံးနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယခုမတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကော်မတီအနေဖြင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းဆင်းလက်မှတ်များ ရရှိရေးကိုလည်း အထူးဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရသစ် စတင်တာဝန်ယူသော ကာလဖြစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြည့်မည်ဆိုလျှင် လျာထားချက် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ သတ်မှတ်ခဲ့သော်လည်း ယနေ့အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၁၂ ဘီလီယံထိ ရရှိထားပြီးဖြစ်သည့်အတွက် လျာထားချက်ထက် ပိုမိုဝင်ရောက်ရင်းနှီးမြှုပ်နှံသည်ကို တွေ့ရမည်ဖြစ်ပြီး တိုးတက်မှုများရှိနေပြီ ဖြစ်ပါကြောင်း။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုမည့် ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃) သတ်မှတ်ချက်များကိုလည်း အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ယခုအစည်းအဝေးသည် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိက၏ အခန်းကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သည့် မူဝါဒပိုင်းဆိုင်ရာများတွင် ခေတ်နှင့်လျော်ညီစွာ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများအပေါ် နိုင်ငံတော်ပိုင်းက အတတ်နိုင်ဆုံး ဖြည့်ဆည်းဖြေရှင်းပေးသွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို တတ်နိုင်သမျှ တစ်လတစ်ကြိမ် ကြိုးပမ်းတွေ့ဆုံခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ပပို့ကုန်များတင်ပို့ရာတွင် တွေ့ကြုံရသောအခက်အခဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်နှင့် မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းတို့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

***** *ရှေ့ဖုံးမှ*

ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အချို့ကိစ္စရပ်များမှာမူ ဒေသန္တရအခြေအနေနှင့် လိုက်လျောညီထွေ ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း လျင်လျင်မြန်မြန် တိုးတက်မှုများရရှိလာမည်ဟု ယုံကြည်ထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ ရှုပ်ထွေးနက်နဲသည့်အခြေအနေများအတွက် လက်တွေ့ကျပြီး ရေရှည်တည်တံ့သောဖြေရှင်းချက်များကို ရှာဖွေရာတွင် ကူညီပံ့ပိုးမှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

---

## ရှိမေးနီးယားသမ္မတထံ သံအမတ်ကြီး ဦးမြင့်နောင် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၇**

ရှိမေးနီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မတ် ၁၄ ရက်တွင် ဘူခါရက်စ်မြို့၌ ရှိမေးနီးယားနိုင်ငံသမ္မတ မစ္စတာ ကလောက်စ် ဗမ်နာ ယိုဟမ်နစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

---

## သတိပေးနှိုးဆော်ချက်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားအား ၂၀၁၇ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အောက်ဖော်ပြပါအတိုင်း လမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၈-၃-၂၀၁၇ ရက်နေ့ (၁၆း၀၀)အချိန်မှ (၁၉း၀၀)အချိန်ထိ ပြည်လမ်းအား ဟံသာဝတီအဝိုင်းမှ ပြည်ထောင်စုရိပ်သာလမ်းထိ လည်းကောင်း၊ ဗားကရာလမ်းနှင့် ရှင်စောပုလမ်းအား ဦးဝိစာရ လမ်းဆုံမှ ဗဟိုလမ်းထိ လည်းကောင်း၊ အလုံလမ်းအား မြို့မကျောင်းလမ်းဆုံမှ ဗဟိုလမ်းထိ လည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် လမ်းလွှဲမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အစိုးရဆေးရုံများ၌ သူနာပြုဝန်ထမ်းအင်အားနည်းပါးနေပြီး အလုပ်မဝင်ရောက်သူဦးရေ များပြားလာ ဆေးရုံများတွင် အလုပ်ဝင်ရောက်နေသော သူနာပြုများကို လိုင်စင်များပြုလုပ်ပေးနေ

နေပြည်တော် မတ် ၁၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၇) အခမ်းအနားကို ရုံးအမှတ်(၄)တွင် ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။**

သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ ငွေကြေးကုန်ကျမှုကို အကာအကွယ်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်မြင့်မားရေး စသည့်ကျန်းမာရေးမူဝါဒများ ချမှတ်၍ အကောင်းဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ခွင့်ပြုရန်ပုံငွေများကို နှစ်စဉ် ပိုမို ခွဲဝေသုံးစွဲခွင့်ပြုခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၀၇၆၁၀၀ ဒသမ ၄၀၁ ကျပ်သန်း ခွင့်ပြုပေးရန် လျာထားတောင်းခံထားပါကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံခွင့်ပြုစာရင်းအရ ၄၉ ဒသမ ၉၉ ရာခိုင်နှုန်းခန့်ထားပြီး ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးတွင် ဆေးရုံပေါင်း ၁၁၂၃ ရုံ၊ သူနာပြုဝန်ထမ်းအင်အားအနေဖြင့် ခွင့်ပြု ၃၇၇၀၄ ဦး၊ ခန့်ထား ၂၀၆၈၃ ဦး၊ လစ်လပ် ၁၇၀၂၁ ဦး ရှိပါကြောင်း၊ လာမည့်ငါးနှစ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုများကို ပီပြင်ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အဆင့် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူထုဗဟိုပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ၊ ပညာရှင်အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍများ အားလုံး အလုံးစုံပူးပေါင်းပါဝင်သော အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ ကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ငွေကုန်ကျမှုအပါအဝင် အသေးစိတ်လုပ်ငန်းများ Operational Plan ကို ဆက်လက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်အောင်၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်အောင် အစဉ်အမြဲ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်၍ ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများလေ့ကျင့် မွေးထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

သူနာပြု၊ သားဖွားအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် သူနာပြု၊ သားဖွားအဆင့်အတန်းများကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ "အမျိုးသားအဆင့် သူနာပြုနှင့် သားဖွားနှီးနှောဖလှယ်ပွဲ" (National Nursing and Midwifery Seminar) ကို ၂၁-၁၂-၂၀၁၆ ရက်နေ့မှ ၂၂-၁၂-၂၀၁၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး သူနာပြုနှင့် သားဖွားပညာရေးကို မြှင့်တင်ပေးရန်၊ သူနာပြုနှင့် သားဖွားများ၏ အသက်မွေးဝမ်းကျောင်းစိတ်ဓာတ် (Professionalism) ကို မြှင့်တင်ပေးရန်၊ လုပ်ငန်းခွင်မှ သူနာပြုနှင့် သားဖွားများ၏ Role, Responsibilities, Job description များကို ခေတ်နှင့်လျော်ညီစွာ သတ်မှတ်ရန်၊ နိုင်ငံတကာမှ သူနာပြုအဖွဲ့အစည်းများနှင့် (Networking) ဆက်သွယ်ဆောင်ရွက်၍ သူနာပြုစုမှုနှင့် သားဖွားအရည်အသွေးများ ပိုမိုတိုးတက်လာစေရန်၊ အရည်အသွေးပြည့်မီသော သူနာပြုစုစောင့်ရှောက်မှု ပိုမိုရရှိစေနိုင်မည့်

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်အောင်၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်အောင် အစဉ်အမြဲ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်၍ ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများလေ့ကျင့်မွေးထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၇) အခမ်းအနား ကျင်းပစဉ်

**သူနာပြုသားဖွားကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုပါက ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင် အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သောအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပတ်သက်သည့် အခြားသိလိုသည်များရှိပါကလည်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပြောကြား**

နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်၊ သူနာပြုနှင့် သားဖွားများ၏ လုပ်ငန်းခွင်အခက်အခဲများကို ဖြေရှင်းပေးရန်နှင့် သူနာပြုနှင့် သားဖွားများအား လုပ်ငန်းခွင်တွင် ပျော်ရွှင်စေခြင်းဖြင့် လုပ်ငန်းခွင်တွင် ရေရှည်တည်တံ့ရန်၊ သူနာပြုနှင့် သားဖွားများ၏ စဉ်ဆက်မပြတ် ပညာရေးအခွင့်အလမ်းများ တိုးမြင့်လာစေရန်၊ သူနာပြု/ သားဖွားအင်အားပြုန်းတီးနေမှု (Attrition) ကို လျော့ပါးသွားစေရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

သူနာပြုသားဖွားများ၏ ဝတ်စုံများသည် ဝတ်ဆင်ရာတွင် သက်သောင့်သက်သာဖြစ်ပြီး ခေတ်နှင့်လျော်ညီသော ဝတ်စုံများအား ၁-၁-၂၀၁၇ ရက်နေ့မှစ၍ ပြင်ဆင်ဖြည့်စွက်ဝတ်ဆင်ခဲ့ပါကြောင်း၊ သူနာပြုသိပ္ပံဘွဲ့ရများနှင့် ဒီပလိုမာလက်မှတ်ရ သူနာပြုများ၊ သားဖွားဆရာမများ၏ လစာနှုန်းထား၊ ဝတ်စုံစရိတ်နှင့် စားစရိတ်များကို ပြင်ဆင်သတ်မှတ်ပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု အခါ နိုင်ငံတကာအဆင့်မီအောင် သူနာပြုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်)နှင့် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) သင်ရိုးညွှန်းတမ်းများကို WHO Nurse- Midwife Consultant ခေါ်ပြီး review & revise လုပ်နေပါကြောင်း၊ လုပ်ငန်းခွင်တွင် သူနာပြုအင်အားလိုအပ်နေသည့်အတွက် သူနာပြုသင်တန်းသား၊ သင်တန်းသူများကို အကြိမ်ပိုမိုခေါ်ယူပြီး မွေးထုတ်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ညှိနှိုင်းလျက်ရှိပါကြောင်း။

သူနာပြုသားဖွား ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုပါက ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင် အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သောအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပတ်သက်သည့် အခြားသိလိုသည်များရှိပါကလည်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက သူနာပြုသားဖွားပညာရေးနှင့်ပတ်သက်၍ လေ့ကျင့်မွေးထုတ်မှုအနေဖြင့် လက်ရှိတွင် သူနာပြုတက္ကသိုလ်နှစ်ခု သူနာပြု၊ သားဖွားနှင့် နှီးနွှယ်ကျောင်း ၅၀ တို့မှ မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသော သူနာပြုနှင့်သားဖွားများကို မွေးထုတ်လျက်ရှိပါကြောင်း၊ ယခုအချိန်အထိ သူနာပြု ၃၅၀၀၀ ကျော်နှင့် သားဖွားဆရာမ ၃၇၀၀၀ ကျော် လေ့ကျင့်မွေးထုတ်ပေးပြီးဖြစ်ပြီး တက္ကသိုလ်နှင့် သင်တန်းကျောင်းအသီးသီးတွင် သင်တန်းသား ၉၀၀၀ ကျော် သင်တန်းတက်ရောက်လျက် ရှိပါကြောင်း၊ သင်တန်းကျောင်းများတွင် သူနာပြုနှင့်သားဖွားများ လေ့ကျင့်သင်ကြားရေးနှင့် စာချုပ်ချုပ်ဆိုရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန

**သင်တန်းတက်ရောက်စဉ်က သုံးနှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုထားပါ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်သည်နှင့် တစ်ပြိုင်နက် သူနာပြုလိုင်စင်အမှတ်နှင့် သူနာပြုမှတ်ပုံတင်အမှတ် ထုတ်ပေးပါကြောင်း၊ ထို့အပြင် တာဝန်ချိန်ပြင်ပတွင် ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ လုပ်ကိုင်ခွင့်ရှိပါကြောင်း**

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က သူနာပြုများအနေဖြင့် သင်တန်းတက်ရောက်စဉ်က သုံးနှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုထားပါ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်သည်နှင့် တစ်ပြိုင်နက် သူနာပြုလိုင်စင်အမှတ်နှင့် သူနာပြုမှတ်ပုံတင်အမှတ်ထုတ်ပေးပါကြောင်း၊ ထို့အပြင် တာဝန်ချိန်ပြင်ပတွင် ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ လုပ်ကိုင်ခွင့်ရှိပါကြောင်းနှင့် သင်တန်းဆင်းသူနာပြုလိုင်စင်လက်မှတ်ရများ အနေဖြင့် Attrition Rate များနေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံကြီးများ၌ တာဝန်ချထားရာတွင် အခက်အခဲများရှိနေပါကြောင်း ပြောကြားသည်။


ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ယခုအခါ နိုင်ငံတော်အစိုးရဆေးရုံများ၌ သူနာပြုဝန်ထမ်းအင်အား နည်းပါးနေပြီး အလုပ်မဝင်ရောက်သူဦးရေ များပြားလာသောကြောင့် ၂၀၁၅ ခုနှစ်မှစ၍ သူနာပြုများကို ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်စဉ်မှာပင် တစ်ပြိုင်တည်း နိုင်ငံ့ဝန်ထမ်းအတွက် အလုပ်ခန့်စာကို ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်ပြီးသော သူနာပြု သားဖွားဆရာမများကို သူနာပြုသားဖွားဟူသောအမည်ကို ခံယူသုံးစွဲခွင့်ရှိကြောင်း သက်သေခံမှတ်ပုံတင်လက်မှတ် (Registration) ထုတ်ပေးခြင်း၊ သင်တန်းတက်စဉ်က ချုပ်ဆိုခဲ့သော စာချုပ်အရ အစိုးရဝန်ထမ်းအဖြစ် အလုပ်ဝင်ရောက်သည့်အခါ နှစ်နှစ်သက်တမ်းရှိ ပုံမှန်လိုင်စင်ကို ထုတ်ပေးခဲ့ပါကြောင်း၊ ကောင်စီအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ထုတ်ပေးခြင်း၊ လိုင်စင်ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးနေဆဲဖြစ်ပါကြောင်း၊ ဆေးရုံများတွင် အလုပ်ဝင်ရောက်နေသော သူနာပြုများကို လိုင်စင်များပြုလုပ်ပေးနေပြီး လိုင်စင်နံပါတ်လည်း ရှိကြပါကြောင်း၊ လိုင်စင်မရှိဘဲ သူနာပြု၊ သားဖွားလုပ်ငန်းကို လုပ်ခွင့်မရှိပါကြောင်း။


မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေပုဒ်မ (၅၂)၊ အပိုဒ်ခွဲ (ခ) ပါဖော်ပြချက်အရ ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ ထို့အတွက် လိုင်စင်ကဲ့သို့ အလားတူသည့်ထောက်ခံစာကို မှတ်ပုံတင်လက်မှတ်နှင့်အတူ ထုတ်ပေးနေပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်၍ ပြောရမည်ဆိုလျှင် ယခုကဲ့သို့ သုံးနှစ်တာဝန် ထမ်းဆောင်ခြင်းအားဖြင့် အာဆီယံနိုင်ငံများအကြား အသိအမှတ်ပြုနိုင်ရေး (MRA) အတွက် အခြားအာဆီယံနိုင်ငံများသို့ သွားရောက်အလုပ်လုပ်နိုင်ရန် အခွင့်အလမ်းရှိသွားမည်ဖြစ်ပါကြောင်း၊ ကောင်စီကဲ့သို့ National Regulatory Body က ထုတ်ပေးသည့် သက်တမ်းရှိ လိုင်စင်လည်းရှိရန်လိုပါကြောင်း၊ ထို့ကြောင့် ချုပ်ဆိုထားသော စာချုပ်ပါ ကတိကဝတ်နှင့်အညီ အစိုးရဝန်ထမ်းအဖြစ် သုံးနှစ်တာဝန်ထမ်းဆောင်ခြင်းအားဖြင့် နစ်နာစရာမရှိနိုင်ပါကြောင်း၊ ကောင်စီအနေဖြင့် (Patient Safety and Quality Assurance) ကို အဓိကရည်မှန်းချက်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သတ်မှတ်ချက်များနှင့်အညီ အလုပ်ဝင်ပြီး ထောက်ခံစာထုတ်ယူကြပါရန်နှင့် အခက်အခဲနှင့် ဆွေးနွေးတင်ပြစရာများရှိပါက ကောင်စီသို့ လာရောက်တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းစာဆရာကြီးများ၏မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(ဃဃ) သူနာပြုတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကို ပြီးဆုံးအောင်တက်ရောက်ရမည်။ ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သော အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ်ကြာ တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးကြရမည်။

(င င) ခံဝန်ချုပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် ၄၀၀၀၀၀/- (ကျပ်လေးသိန်းတိတိ)ကို ပေးလျော်ရန်နှင့် တည်ဆဲတရားဥပဒေအရအရေးယူခြင်းကိုလည်းခံရမည်ဖြစ်ပါသည်။





❖ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတသည် ကော်ဖီအရည်အသွေး စမ်းသပ်နေမှု၊ ကော်ဖီစေ့နမူနာများ၊ ကော်ဖီသီးများ စက်ဖြင့် အခွံခွာနေမှု၊ ကော်ဖီစေ့များ သိုလှောင်ထားရှိမှုနှင့် ကော်ဖီစေ့များ အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှု တို့ကို လိုက်လံကြည့်ရှုသည်။

**အရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်**

ယင်းနောက် ပွင့်ကောင်းနှင့် ခင်နွဲ့ရီ ကုမ္ပဏီလီမိတက် ကော်ဖီခြံသို့ရောက်ရှိ ကြရာ ခြံမန်နေဂျာက ခြံအတွင်း ကော်ဖီပင်များ စိုက်ပျိုးထားရှိမှု၊ နှစ်အလိုက် အသီးထွက်ရှိမှု၊ ကြားညှပ်သီးနှံ စိုက်ပျိုးထားမှု၊ ဈေးကွက်အခြေအနေနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတနှင့်အဖွဲ့သည် ကော်ဖီပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုသည်။

**အထောက်အကူပြုနိုင်**

ဒုတိယသမ္မတသည် ကော်ဖီခြံများသို့ ရောက်ရှိစဉ် ကော်ဖီသည် သဘာဝ အရိပ်ရပင်များအကြား ရောနှောစိုက်ပျိုးရသည့် အပင်မျိုးဖြစ်သည့်အတွက် တစ်ဆက်တည်း ရာသီဥတုကိုပါ ထိန်းသိမ်းရာရောက်ကြောင်း၊ ဒေသမှ ထွက်ရှိသည့်ကော်ဖီများ ဈေးကွက်ဝင်ရန်အတွက် မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ စနစ်တကျဆွတ်ခူးခြင်း၊ အခွံချွတ်ခြင်း၊ ကြိတ်ခွဲခြင်း အဆင့်ဆင့်အပြင် ထုပ်ပိုးမှုလည်း ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ရာသီဥတုဖြစ်စဉ် ပြောင်းလဲမှုများကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ဧကများ ထိခိုက်ကျဆင်းလာသည့်အတွက် အမြင့်ပိုင်းဒေသများတွင် အဆင့်အတန်းမီ ကော်ဖီများ စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ပြည်ပဝင်ငွေရရှိမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကော်ဖီစိုက်ပျိုးမှုကို စီမံကိန်းရေးဆွဲပြီး အလေးအနက်ထား စနစ်တကျစိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

**စိုက်ပျိုးထား**

ပြင်ဦးလွင် ကော်ဖီအရည်အသွေး အဆင့်အတန်းမှာ ကမ္ဘာ့ကော်ဖီဈေးကွက်ဝင်ဖြစ်ပြီး ပြင်ဦးလွင်မြို့နယ်အနေဖြင့် ကော်ဖီဧက ၁၉၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ပြင်ဦးလွင်ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်အတွင်း ကျောက်ဖြစ်ရုပ်ကြွင်း ပြတိုက်၊ သစ်ပင်မျိုးစိတ်များ ပျိုးထောင်ထားမှုနှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးသို့ ရောက်ရှိပြီး ပြည်သူများအား ဝန်ထမ်းများမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ဖွင့်လှစ်ထား**

နိုင်ငံတော်အနေဖြင့် မြို့နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှုပေးရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားရန်နှင့် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းရန် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် စီမံကိန်းနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး ရတနာပုံတယ်လီပို့စ် ပင်မအဆောက်အအုံသို့ရောက်ရှိရာ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရတနာပုံမြို့သစ်စီမံကိန်း ရည်ရွယ်ချက်၊ စီမံကိန်းနယ်မြေအတွင်းမှ သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေ ထုတ်ပေးခဲ့မှု၊ IT လုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီများအား နေရာချထားပေးခဲ့မှု၊ အဆိုပြုစီမံကိန်း( Master Plan)၊ စီမံကိန်းအဆင့်အလိုက် ပါဝင်သည့် မြေဧက၊ အနာဂတ်ကာလ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေ၊ ဖွံ့ဖြိုးရေးစီမံကိန်းအဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေ၊ အိမ်ရာစီမံကိန်းဧရိယာနှင့် ရတနာပုံမြို့သစ် စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို လည်းကောင်း၊ လုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးက လက်ရှိ ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပင်မ အဆောက်အအုံပေါ်မှ စီမံကိန်းနယ်မြေကို ကြည့်ရှုသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ကြည့်ရှုအားပေးစဉ်** (သတင်းစဉ်)



# မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး H.E. Mr. Goh Chok Tong နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းအခြေအနေ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအနာဂတ်အတွက် ရေရှည်အကျိုးဖြစ်ထွန်းရေး အလားအလာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် ကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာက ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကတည်းက လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး တရုတ်ဖိတ်ခေါ်အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သလို ယခုလဆန်းပိုင်းတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ပြီး ခြေစမ်းပွဲတစ်ပွဲ ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။

တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ယူကရိန်း၊ အိမ်ရှင်တရုတ်နှင့် ထိုင်းအသင်းတို့ကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှဖလား အမျိုးသမီး ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဗီယက်နမ်၊ ဆီးရီးယား၊ စင်ကာပူ၊ အီရန်အသင်းတို့ ပါဝင်လျက်ရှိသည်။ အာရှဖလားခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

# ပြည်တွင်း ပြည်ပမှ ကြိုတင်ဆန္ဒမဲများကို မုံရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ စတင်လက်ခံ

**မုံရွာ မတ် ၁၆**

မုံရွာမြို့နယ်မဲဆန္ဒနယ် ပြည်ပနိုင်ငံရပ်ခြားတွင်နေသောသူများ၏ ကြိုတင်ဆန္ဒမဲများကို မတ် ၁၆ ရက် နံနက် ၁၁ နာရီက မုံရွာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ စောင့်ကြည့်လေ့လာသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပါဝင်ယှဉ်ပြိုင်သည့် ပါတီကိုယ်စားလှယ်များ၏ ရှေ့တွင် ကြိုတင်ဆန္ဒမဲပုံးအတွင်း ဖွင့်ဖောက်ထည့်သွင်းခဲ့သည်။ ထိုသို့ ဖွင့်ဖောက်ထည့်သွင်းရာတွင် ပြည်ပ ရှစ်နိုင်ငံမှ ကြိုတင်မဲ ၂၃ မဲနှင့် ပြည်တွင်းဌာနဆိုင်ရာ ကျောင်းများ စခန်းများမှ ကြိုတင်မဲ ၂၆ မဲ စုစုပေါင်း ကြိုတင်မဲ ၄၉ မဲကို စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ရှေ့မှောက်တွင် မုံရွာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျင်စောနှင့်အဖွဲ့က မဲပုံးအတွင်း ထည့်သွင်းသည်။

"၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဒီနေ့ မတ် ၁၆ ရက်နေ့ကစပြီး ကြိုတင်မဲများကို စတင်လက်ခံပြီး ဆန္ဒမဲပုံးထဲမှာ ထည့်သွင်းမဲပေးနိုင်ပါပြီ။ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးတွေမှာလည်း သတ်မှတ်ထားတဲ့နေ့မှာ ကြိုတင်မဲကို စတင်လက်ခံသွားမှာဖြစ်ပါတယ်။" ဟု မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

မတ် ၁၆ ရက်မှစတင်၍ မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လက်ခံနေပြီဖြစ်ရာ ကြိုတင်မဲများကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် ဧပြီ ၁ ရက် ညနေ ၄ နာရီအထိ လက်ခံ၍ ညနေ ၄ နာရီနောက်ပိုင်းတွင် အခြားပေးသည့်မဲများနှင့်အတူ အများ၏ရှေ့တွင် ဖွင့်ဖောက်စစ်ဆေး ကြေညာသွားမည် ဖြစ်သည်။

ပြည်ပမှ ကြိုတင်မဲပေးရာတွင် ပေကျင်းမှ တစ်မဲ၊ ဗန်ကောက်မှ တစ်မဲ၊ ဒါကာမှ နှစ်မဲ၊ ကင်ဘာရာမှ တစ်မဲ၊ ခတ္တမန္ဒူမှ နှစ်မဲ၊ မော်စကိုမှ သုံးမဲ စင်ကာပူမှ ၁၂ မဲနှင့် လန်ဒန်မှ တစ်မဲ စုစုပေါင်း ၂၃ မဲဖြစ်သည်။ ထို့အပြင် ပြည်တွင်းတွင်ရှိသော ကွန်ပျူတာတက္ကသိုလ် ဝက်ထီးကန်ရဲလေ့ကျင့်ရေးကျောင်း၊ ဇီးပင်ကြီးရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ မန္တလေးဗဟို အကျဉ်းထောင်၊ ပုဂံယွန်းပညာရေးကောလိပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှ ကြိုတင်ဆန္ဒမဲ ၂၆ စောင်တို့ကို ဆန္ဒမဲပုံးအတွင်း စနစ်တကျထည့်သွင်းခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# နိုင်ငံခြားရေးဝန်ကြီးဌာနသက်တမ်း အနှစ် (၇၀) ခရီး

**မေနှင်းအေး**

မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးသက်တမ်းဟာ (၆၉)နှစ် ပြည့်တဲ့ အခါသမယမှာ နိုင်ငံခြားရေးဝန်ကြီးဌာနကတော့ သက်တမ်း အနှစ် (၇၀) ပြည့်မြောက်ပြီဖြစ်ပါတယ်။ လူသားတို့သက်တမ်းမှာ အနှစ် (၇၀)ဆိုတာ အိုမင်းရင့်ရော်တဲ့ အဘိုး၊ အဘွားအရွယ်ဆိုပေမယ့် အဖွဲ့အစည်း (institution) တစ်ခုအနေနဲ့တော့ အနှစ် (၇၀) ဆိုတာ တည်ငြိမ်ရင့်ကျက်တဲ့ အဖွဲ့အစည်းအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေတဲ့ အနေအထားလို့ ဆိုနိုင်ပါတယ်။

သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားဆက်ဆံရေးအကျပ်အတည်းတွေကို ထိထိရောက်ရောက်ဖြေရှင်းပေးနိုင်ခဲ့တဲ့ ရှင်ဒိသာပါမောက်၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောအတွင်းဝန် ဦးဘိုးလှိုင်စတဲ့ သံတမန်များရှိခဲ့ပေမယ့် နိုင်ငံခြားရေးဝန်ကြီးဌာနရယ်လို့ မရှိခဲ့ပါဘူး။ သူ့ကျွန်ဘဝမှာလည်း အချုပ်အခြာအာဏာမရှိတာကြောင့် နိုင်ငံခြားဆက်ဆံရေးဆိုတာမရှိဘဲ ၁၉၃၅ မြန်မာပြည်အက်ဥပဒေအရ ကာကွယ်ရေးနဲ့ ပြည်ပဆက်ဆံရေးဌာန (Defence and External Affairs Department) ဆိုပြီး ပူးတွဲထားရှိခဲ့ပါတယ်။ ၁၉၄၂-၄၅ ဂျပန်ခေတ်မှာ အဓိပတိဝန်ကြီးချုပ် ဒေါက်တာဘမော်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးနု (၁၉၄၃-၄၄)၊ သခင်မြ (၁၉၄၄-၄၅) တို့ကို ခန့်ထားခဲ့ပေမယ့် ရွှေရည်စိမ်လွတ်လပ်ရေးဖြစ်ပြီး နောက်ပိုင်းပေါ်ပေါက်လာတဲ့ဌာနနဲ့လည်း အဆက်အစပ်မရှိတာကြောင့် အဲဒီကာလကို နိုင်ငံခြားရေးဝန်ကြီးဌာနသမိုင်းမှာ ထည့်သွင်းထားတာ မတွေ့ရပါဘူး။

မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့ လမ်းခင်းပေးခဲ့တဲ့ အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီတို့ လန်ဒန်မြို့မှာ လက်မှတ်ရေးထိုးလိုက်ခြင်းဟာ နိုင်ငံခြားရေးဝန်ကြီးဌာန ပေါ်ပေါက်လာဖို့ လမ်းစလည်းဖြစ်ပါတယ်။ ဒီစာချုပ်အရ လွတ်လပ်ရေးမရမီ ဖဆပလကိုယ်စားလှယ်ခြောက်ဦးနဲ့ ဗြိတိသျှဘက်က ငါးဦးပါဝင်တဲ့ ဘုရင်ခံအမှုဆောင်ကောင်စီ (Governor’s Executive Council) ဟာ ကြားဖြတ်အစိုးရအဖွဲ့တာဝန်များကို ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်တဲ့ နိုင်ငံတစ်ခုအတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံခြားဆက်ဆံရေးကို တာဝန်ယူမယ့် နိုင်ငံခြားရေးဌာန (Department of Foreign Affairs) ဆိုတဲ့ သီးခြားဌာနတစ်ခု ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၇၇ ဒီ(အမ်အမ်)၄၇ဖြင့် ဖွဲ့စည်းခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကို ပထမဆုံးတာဝန်ယူခဲ့တဲ့ အကြီးအကဲပထမဆုံးနိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီး အတွင်းဝန်(ဒုတိယဝန်ကြီးအဆင့်)ကတော့ အိုင်စီအက်စ် ဦးရွှေဘော် ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ အချုပ်အခြာအာဏာလွတ်လပ်ရေးမရရှိဘဲ ကာကွယ်ရေးတို့၊ နိုင်ငံခြားဆက်ဆံရေးတို့ကို မဆောင်ရွက်နိုင်ပါဘူး။ နိုင်ငံခြားရေးဝန်ကြီးဌာနဆိုတာ လွတ်လပ်မှုနဲ့ အချုပ်အခြာအာဏာရဲ့ သင်္ကေတ၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သိမ်မွေ့သောနည်းနဲ့ အကာအကွယ်ပေးပြီး နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးစီးပွားကို ဖော်ဆောင်ပေးနေတဲ့ ဌာနလည်းဖြစ်ပါတယ်။ Diplomacy is the first line of defence. ဆိုတဲ့အတိုင်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို တပ်မတော်က လက်ရုံးရည်နဲ့ အကာအကွယ်ပေးသလို နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နှလုံးရည်နဲ့ အကာအကွယ်ပေးနေတာ ဖြစ်ပါတယ်။

လွတ်လပ်ရေးအကြိုပြင်ဆင်ဆဲကာလမှာ ဗြိတိသျှ ဓနသဟာယနိုင်ငံများရဲ့ ထုံးစံအတိုင်း မဟာမင်းကြီး (သံအမတ်ကြီး)တွေအဖြစ် အိန္ဒိယပြည်ထောင်စု (Indian Union)အတွက် ဦးဝင်းနဲ့ ပါကစ္စတန်နိုင်ငံအတွက် ဦးဖေခင်တို့ကို ပထမဆုံး မြန်မာသံအမတ်ကြီးများအဖြစ် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့မှာ ခန့်အပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအတွက် ထိုအချိန်က အရေးပါတဲ့နိုင်ငံများဖြစ်တဲ့ ပါကစ္စတန်၊ ဗြိတိန်၊ အိန္ဒိယ၊ တရုတ်၊ အမေရိကန်တို့မှာ ၁၉၄၇ ခုနှစ်အတွင်း မဟာမင်းကြီးရုံး၊ သံရုံးတွေဖွင့်ခဲ့ပြီး ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးပြီးချင်းမှာ ထိုင်း၊ ပြင်သစ်နဲ့ နယူးယောက်မှာ သံရုံး/ဆက်သွယ်ရေးရုံး/ကောင်စစ်ရုံးတွေ ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်က နိုင်ငံခြားရေးရုံးတော် (Foreign Office)လို့ ခေါ်ခဲ့ကြပြီး တော်လှန်ရေးကောင်စီခေတ် ၁၉၆၇ ခုနှစ် မေလ ၂၅ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာန (Ministry of Foreign Affairs)လို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်တည်လာအပြီး နှစ်ခုနှစ်ဆယ်အကြာမှာဆိုရင် မြင်သာတဲ့ရုပ်ဝတ္ထုဘက်က တိုးတက်မှုအဖြစ် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံနဲ့ သံတမန်အဆက်အသွယ်ထူထောင်ထားနိုင်တာ၊ သံရုံး ၃၅ ရုံး၊ အဖွဲ့ရုံးသုံးရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံးထိ တိုးချဲ့ဖွင့်လှစ်ခဲ့တာ၊ ဦးစီးဌာနခုနစ်ခုထူထောင်ပြီး ဝန်ထမ်းတွေလည်း တစ်ထောင်ကျော်ထိ ခန့်ထားခဲ့ထားတွေ ပြောနိုင်သလို အကောင်အထည်မပြနိုင်ဘဲ နိုင်ငံသားနဲ့ နိုင်ငံတော်အကျိုးသယ်ပိုးခဲ့တာ၊ တိုင်းပြည်ရဲ့ အခက်အခဲအန္တရာယ်တွေကို သံတမန်နည်းလမ်းနဲ့ ဖြေရှင်းခဲ့တဲ့ မှတ်တမ်းပေါင်းများစွာလည်း ရှိနေပါတယ်။ အာဏာရအစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ဆောင်ရတာဖြစ်ပေမယ့် ခေတ်အဆက်ဆက် နိုင်ငံခြားရေးမူဝါဒများရဲ့ အခြေခံသဘောတရားများ၊ သံတမန်များရဲ့အတွေ့အကြုံ အသိပညာနဲ့လိမ္မာပါးနပ်စွာ နိုင်ငံအကျိုးအကောင်အထည်ဖော်နိုင်မှုများဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဂုဏ်သိက္ခာကို ဖော်ဆောင်နေပါတယ်။

၁၉၄၇-၁၉၅၈ ဆယ်စုနှစ်ကာလများမှာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဟာ အခြေမခိုင်သေးတဲ့ အဖွဲ့အစည်းဖြစ်ပေမယ့် အရင်ဗြိတိသျှလက်ထက်က အတွေ့အကြုံရှိတဲ့ နိုင်ငံခြားသားများ၊ တခြားအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအတွေ့အကြုံရှိတဲ့ မြန်မာနိုင်ငံသား အိုင်စီအက်စ်ကြီးများ၊ နိုင်ငံရေးနယ်ပယ်က အတွေ့အကြုံ၊ အတွေးအခေါ်ရှိတဲ့ နိုင်ငံရေးသမားများ၊ ပညာရှင်များနဲ့ အားဖြည့်လို့ ရပ်တည်ခဲ့ပါတယ်။ လွတ်လပ်ရေးရခါစနိုင်ငံအနေနဲ့ သံတမန်ဆက်ဆံရေးသစ်တွေထူထောင်ဖို့၊ ကုလသမဂ္ဂ ဝင်ရောက်ဖို့၊ စစ်လျော်ကြေးရရှိပြီး ဖွံ့ဖြိုးမှုအထောက်အကူဖြစ်စေဖို့၊ နယ်နိမိတ်မျဉ်းသတ်မှတ်ဖို့တွေ ကြိုးပမ်းခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က နိုင်ငံရေးအင်အားစုများနဲ့ ကူးလူးဆက်ဆံမှုရှိခဲ့တဲ့ အတွေ့အကြုံတွေကလည်း အထောက်အကူပြုခဲ့ပါတယ်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလအရှေ့နဲ့ အနောက်အုပ်စုတို့ အားပြိုင်တဲ့ကြားမှာ မှန်ကန်တိကျတဲ့ ကြားနေရေးဝါဒကို ကျင့်သုံးပြီး ဒေသတွင်းနိုင်ငံများထဲမှာ လေးစားမှုရရှိခဲ့ပါတယ်။ ဗန်ဒေါင်းညီလာခံနဲ့ အာရှ-အာဖရိကဆက်သွယ်မှု၊ တတိယကမ္ဘာ့နိုင်ငံများအဖြစ် အင်အားစုစည်းခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှုတို့မှာ အိမ်နီးနားချင်း တရုတ်နိုင်ငံရဲ့ ပါဝင်နိုင်မှုကိုပါ အထောက်အကူပြုပေးနိုင်ခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းမှာ တက်ကြွစွာပါဝင်ပြီး မြန်မာနိုင်ငံထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ ကူမင်တန် တရုတ်ဖြူအရေးအခင်းမှာလည်း ကမ္ဘာ့အင်အားကြီး နိုင်ငံတွေရဲ့နောက်ကွယ်က ဆက်စပ်ပတ်သက်မှုတွေကြောင့် ကုလသမဂ္ဂညီလာခံထိ တက်ရောက်ဖြေရှင်းခဲ့ရတာမျိုးလည်း ရှိပါတယ်။ လွတ်လပ်ရေးရခါစ နိုင်ငံတစ်ခုအနေနဲ့ကြည့်ရင် ထိုစဉ်က မြန်မာ့သံတမန်တွေဟာ နိုင်ငံတကာရေးရာ၊ ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းတို့မှာ တွင်တွင်ကျယ်ကျယ်နေရာရခဲ့ပြီး အကျိုးဆက်အနေနဲ့ မြန်မာနိုင်ငံသား ဦးသန့်ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို အာရှတိုက်သားတစ်ဦးအနေနဲ့ ပထမဆုံးထမ်းဆောင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲမှာ ခေတ်စနစ်အပြောင်းအလဲနဲ့အညီ ဆိုရှယ်လစ်စနစ်အောင်မြင်ရေး၊ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ခဲ့သလို အနောက်အုပ်စုနိုင်ငံများနဲ့လည်း အဆင်ပြေသင့်မြတ်အောင် နေထိုင်ခဲ့ပေမယ့် နိုင်ငံတကာဆက်ဆံရေးမှာ ရှေ့တန်းက များစွာပါဝင်ဆောင်ရွက်ခြင်း မပြုခဲ့နိုင်တော့ပါဘူး။ ၁၉၇၉ ခုနှစ် အရှေ့အနောက်အုပ်စုများ အားပြိုင်မှု ပြင်းထန်နေတဲ့အချိန်မှာ ဘက်မလိုက်လှုပ်ရှားမှုရဲ့ ရပ်တည်ချက်တွေကိုတောင်

> **အနှစ် ၇၀ ကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းမျိုးဆက်အသီးသီးက အစိုးရအဆက်ဆက်လက်ထက်မှာ နိုင်ငံခြားရေးဝါဒကို ချဉ်းကပ်ပုံအမျိုးမျိုးနဲ့ အကောင်အထည်ဖော်ပြီး အမျိုးသားအကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ဖို့ ကြိုးစားခဲ့**

အင်အားကြီးနိုင်ငံက လွှမ်းမိုးမှုရှိလာတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အဖွဲ့ကနုတ်ထွက်လိုက်တဲ့အထိ ပြင်းထန်စွာတုံ့ပြန်ရင်ဆိုင်ခဲ့တာတွေလည်း ရှိပါတယ်။ အိမ်နီးချင်း တရုတ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးမူဝါဒအပြောင်းအလဲကို အချိန်ကိုက်လေ့လာသုံးသပ်ပြီး အခွင့်အရေးကို အသုံးချနိုင်လို့ ပြည်တွင်းမှာ လက်နက်ကိုင်တိုက်ခိုက်နေတဲ့ မြန်မာပြည် ကွန်မြူနစ်ပါတီကို တရုတ်နိုင်ငံက အကူအညီပေးနေမှုတွေကိုလည်း ရပ်တန့်စေနိုင်ခဲ့ပါတယ်။ မမျှော်လင့်ဘဲ ကိုယ့်နိုင်ငံထဲမှာ ကိုယ်ဖိတ်ထားတဲ့ဧည့်သည်အဖွဲ့ကို တခြားတစ်နိုင်ငံက လာရောက်အကြမ်းဖက်တိုက်ခိုက်ခဲ့လို့ မြန်မာနိုင်ငံအနေနဲ့ အဲဒီနိုင်ငံကို သံတမန်အဆက်အသွယ် ဖြတ်တောက်ပြီး အဲဒီနိုင်ငံက သံတမန်တွေကို ၄၈ နာရီအတွင်း နိုင်ငံက ထွက်သွားကြဖို့ ကြေညာချက်လည်း ထုတ်လိုက်ခဲ့ရဖူးပါတယ်။

အဲဒီနောက်ပိုင်း ၁၉၈၈ ခုနှစ်ကနေ ၂၀၁၀ ကာလအတွင်းမှာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မကြုံစဖူး သံတမန်ရေးအရ ထိုးနှက်တိုက်ခိုက်တာတွေခံခဲ့ရပါတယ်။ မြန်မာ့သံတမန်တွေဟာ ထိုခေတ်ကာလကတစ်လျှောက်လုံး ဒီမိုကရေစီထုံးနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် နိုင်ငံတကာရဲ့ ဖိအားပေးမှုအမြင့်ဆုံးခံစားခဲ့ရတဲ့ လှိုင်းလေအထန်ဆုံးကာလကို ဖြတ်သန်းကျော်လွှားဖို့ ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့ အတွေ့အကြုံဟာ အဲဒီကာလရဲ့ ထူးခြားမှုပါပဲ။ နိုင်ငံတကာ မျက်နှာစာမှာ စိန်ခေါ်မှုအမြင့်မားဆုံးနဲ့ သံတမန်တွေ မျက်နှာအငယ်ခဲ့ရဆုံးကာလလို့လည်း ဆိုရမှာဖြစ်ပါတယ်။ သံတမန်ဆိုတဲ့ ဆက်သွယ်ရေးလမ်းကြောင်းဟာ နှစ်နိုင်ငံစစ်ဖြစ်နေရင်တောင် ဖွင့်ထားရတဲ့ဆက်ဆံရေးပေမယ့် အရေးတယူအဖက်မလုပ်ဘူး၊ မဆက်ဆံဘူးဆိုတဲ့ အခြေအနေမျိုးလည်း ကြုံဖူးသွားရပါတယ်။ ဒီလိုအခက်အခဲတွေကြားမှာပဲ မိတ်ဆွေနိုင်ငံတွေရှာကြံဖို့၊ သံတမန်အဆက်အသွယ်သစ်တွေ ထူထောင်ဖို့၊ ဒေသဆိုင်ရာအဖွဲ့အစည်း အာဆီယံ၊ ဘင်းမ်စတက်အဖွဲ့အစည်းတွေကို ဝင်ရောက်ဖို့၊ ဘက်မလိုက်အဖွဲ့အစည်းကို ပြန်လည်ဝင်ရောက်ဖို့၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ တင်ပြစွပ်စွဲမှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့ဆိုတာတွေ ဆောင်ရွက်ခဲ့ရပါတယ်။ ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုတွေကို ပြည်တွင်းရေးပါလို့ တွင်တွင်ပြောရင်း နိုင်ငံတကာက လက်ခံအသိအမှတ်ပြုလာဖို့ အားထုတ်ခဲ့ရပါတယ်။ နိုင်ငံတကာရဲ့ အထင်အမြင်တွေကိုလည်း မိမိအစိုးရကို ပြန်လည်တင်ပြခဲ့ရပါတယ်။ ကုလသမဂ္ဂ၊ အာဆီယံတို့နဲ့ ပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံတကာအသိုင်းအဝိုင်းကို ပြန်လည်ဝင်ရောက်နိုင်ဖို့နိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုးပမ်းခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ် မေလ ၂၊ ၃ရက်များက နာဂစ်မုန်တိုင်းဒဏ်ကို မကြုံစဖူးပြင်းပြင်းထန်ထန်ခံရတဲ့အခါ လူသားချင်းစာနာမှုအထောက်အပံ့ (humanitarian assistance)တွေ ပေးချင်တဲ့ နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများနဲ့ နိုင်ငံတကာပိတ်ဆို့ပြစ်တင်မှုတွေ ခံနေရတဲ့အတွက် လူသားချင်းစာနာမှုအရ ဝင်ရောက်စွက်ဖက်ခြင်း (humanitarian intervention) ကို စိုးရိမ်နေတဲ့ မိမိအစိုးရတို့အကြား အဆင်ပြေစွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အာဆီယံပူးပေါင်းဆောင်ရွက်မှုကို အခြေခံတဲ့ မြန်မာ-ကုလသမဂ္ဂ-အာဆီယံသုံးပွင့်ဆိုင် (TCG-Tripartite Core Group) ယန္တရားကိုလည်း အောင်မြင်စွာအကောင်အထည်ဖော်ပေးနိုင်ခဲ့ပါတယ်။ မုန်တိုင်းအပျက်အစီးတွေ ရင်ဆိုင်ပြီး

စာမျက်နှာ ၇ သို့



# ရှမ်းပြည်နယ်တောင်ပိုင်း ကျေးရွာ ၄၁၆ ရွာ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဂျာမနီမှ ယူရို ၂၃ ဒသမ ၈၈၃ သန်း ချေးယူရန်ကိစ္စ ဆွေးနွေး



**နေပြည်တော် မတ် ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော် သမ္မတရုံးမှပေးပို့သည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းနှင့် နယ်နိမိတ်ရေိယာတိုးချဲ့ပြင်ဆင် ဖွဲ့စည်းခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၈ အရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့်စာတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာ အုပ်စုအတွင်းရှိ မောတောင်ဒေသအား ရပ်ကွက် သုံးရပ်ကွက်ပါဝင်သော မောတောင်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်၌ ကျေးရွာအုပ်စု တစ်အုပ်စု တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခြင်း၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ကျေးရွာအုပ်စု တစ်အုပ်စုနှင့် ကျေးရွာနှစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အောင်ပင်သာ ကျေးရွာ အုပ်စုမှ လူသတ်ကုန်းကျေးရွာအား သပြေတန်းကျေးရွာအဖြစ် အမည်ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ် နောင်အောကျေးရွာအုပ်စုရှိ လုံမိုင်းကျေးရွာတစ်ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်အတွင်း မိုင်းဟန်ကျေးရွာအုပ်စုရှိ နားကောင်းမူ ကျေးရွာမြေ နယ်နိမိတ်ဧရိယာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ၌ ရပ်ကွက် တစ်ရပ်ကွက် တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စု တစ်အုပ်စု နယ်နိမိတ် ဧရိယာပြင်ဆင် ဖွဲ့စည်းခြင်းနှင့် ကျေးရွာ တစ်ရွာတိုးချဲ့ဖွဲ့စည်းခြင်းတို့ပါဝင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူး ကားလမ်း ၂၉ မိုင်(လမ်းသစ်) အထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၅၅၇၅ ဒသမ ၀၀ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွေး(ခေါ်) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၊ ဘုတလင် မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ တောင်သာ မဲဆန္ဒနယ်မှ ဦးစစ်အေး၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးလားလ်မင်းထန်နှင့် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တို့က ထောက်ခံ ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးတင်မောင်ဝင်းက အထက်ချင်းတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ယခုဖောက်လုပ်မည့် လမ်းမှာ အရေးကြီးသည့်အတွက် မိမိအနေဖြင့် ထောက်ခံပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုလမ်းသာမက ဆက်စပ်လမ်းများ ရာသီမရွေးသွားလာနိုင်သည့် လမ်းများအဖြစ် အဆင့်မြှင့်တင်ပြီး လမ်းတံတားများကို ရေရှည်ခိုင်ခံ့အောင် လည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က ချင်းတွင်းမြစ်အထက်ပိုင်း၌ ခရီးသွားလာရေးအတွက် ရေလမ်းသာမက ကုန်းလမ်းမှပါ သွားလာနိုင်မည့် ယခုလမ်းဖောက်လုပ်ခြင်းကို ကြိုဆိုပါကြောင်း၊ အန္တရာယ်များသည့် ရေလမ်းခရီးကို အသုံးပြုနေရသည့် ပြည်သူများအတွက် ယခုကဲ့သို့ ဆောင်ရွက်သင့်ပါကြောင်း၊ လမ်းဖောက်လုပ်မှုအပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့်အပိုင်းအား တင်ပြရာတွင် ယခုထက် ပိုမိုတိကျ သေချာရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူ့ဘဏ္ဍာငွေများ ကုန်ကျသလောက် အရည်အသွေးကောင်းမွန်သော လမ်းများကို ရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ်ဘီလီယံ ၃၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ဘောဂဗေဒ)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၊ ပုလော မဲဆန္ဒနယ်မှ ဦးအုန်းခင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မြို့သစ် မဲဆန္ဒနယ်မှ ဦးသာအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့က ထောက်ခံ ဆွေးနွေးကြသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးရွာ ၄၁၆ ရွာသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ရန် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၂၃ ဒသမ ၈၈၃ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ တောင်ကြီး မဲဆန္ဒနယ်မှ ဒေါက်တာသန်းငွေ၊ ရွာငံ မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေးတို့က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် ကမ္ဘာ့ဘဏ်၏ ချေးငွေအစီအစဉ်အောက်မှ Development Policy Operation(DPO) ချေးငွေအမေရိကန် ဒေါ်လာသန်း ၂၀၀ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ဘောဂဗေဒ)က ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင် - ပင်လည်ဘူး ကားလမ်း ၂၉ မိုင်(လမ်းသစ်) အထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၅၅၇၅ ဒသမ ၀၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယနေ့အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ၂၀၁၇ ခုနှစ် မတ် ၁၇ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကို မတ်လ ၁၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

ရက်ပိုင်းအတွင်း မေလ ၂၅ ရက်နေ့မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းနဲ့ ၅၁ နိုင်ငံက ကိုယ်စားလှယ်အဖွဲ့ငါးရာနီးပါး ပါဝင်တက်ရောက်တဲ့နိုင်ငံတကာအလှူရှင်များညီလာခံ (Pledging Conference)ကို ကြိုတင်ပြင်ဆင်ချိန် ၆ ရက်တည်းနဲ့ ကျင်းပခဲ့ရတာလည်း နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတည်ပြုဖို့ လူထုဆန္ဒခံယူပွဲ၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲတို့မှာလည်း အခက်အခဲများကြားက မြန်မာ နိုင်ငံရဲ့အရေးပါတဲ့ နိုင်ငံရေးအပြောင်းအလဲအတွက် ပြည်ပရောက်နိုင်ငံသားတွေ ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၁၁-၂၀၁၆ ကာလ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းသော ဒီမိုကရေစီရေးအပြောင်းအလဲမှာ အရပ်သားတစ်ဖြစ်လဲအစိုးရနဲ့ နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ဖို့ လိုလားပြီး အသိအမှတ်ပြုလာတဲ့အခါ မကြုံစဖူး နိုင်ငံခြား ဧည့်သည်တော်တွေ နေ့စဉ်ရက်ဆက်ဆိုသလို တဖွဲဖွဲလာ ရောက်ကြတာတွေ၊ ရန်ကုန်မြို့မှာ သံရုံး၊ ကောင်စစ်ဝန်ရုံး (နိုင်ငံခြားသံရုံး ၄၇ ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးလေးရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံး ရှစ်ရုံး၊ ကုလသမဂ္ဂဆိုင်ရာရုံး ၁၇ ခု) တွေ တိုးချဲ့ဖွင့်လှစ်လာတာတွေကိုလည်း ကိုယ့်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ရှိတဲ့လူအင်အား၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေ အသုံးချပြီး လုပ်ခဲ့ကြရပါတယ်။ ဆယ်စုနှစ် နှစ်ခုကျော်အနောက်နိုင်ငံများကို နိုင်ငံတော်အကြီးအကဲ

**ခေတ်အဆက်ဆက် နိုင်ငံခြားရေးဝန်ကြီးများ**

၁။ ဗိုလ်ချုပ်အောင်ဆန်း (၁၇-၃-၁၉၄၇ မှ ၁၉-၇-၁၉၄၇)
၂။ ဦးနု (၂၁-၇-၁၉၄၇ မှ ၁-၈-၁၉၄၇)
(၁-၄-၁၉၄၉ မှ ၅-၄-၁၉၄၉)
၃။ သခင်လွန်းဘော် (၂-၈-၁၉၄၇ မှ ၃၀-၁၀-၁၉၄၇)
၄။ ဦးကျော်ငြိမ်း (၁၀-၉-၁၉၄၈ မှ ၁၁-၃-၁၉၄၉)
၅။ ဦးအေးမောင် (၅-၄-၁၉၄၉ မှ ၁၉-၁၂-၁၉၄၉)
၆။ စပ်ခွန်ချို (၂၀-၁၂-၁၉၄၉ မှ ၂၈-၁၀-၁၉၅၈)
၂၉-၄-၁၉၆၀ မှ ၁-၃-၁၉၆၂)
၇။ ဦးသိန်းမောင် (၂၉-၁၀-၁၉၅၈ မှ ၂၆-၂-၁၉၅၉)
၈။ ဦးချန်ထွန်းအောင် (၂၇-၂-၁၉၅၉ မှ ၄-၄-၁၉၆၀)
၉။ ဦးသီဟန် (၂-၃-၁၉၆၂ မှ ၁၇-၆-၁၉၆၉)
၁၀။ ဗိုလ်မှူးကြီး / ဒေါက်တာ မောင်လွင်
(၁၈-၆-၁၉၆၉ မှ ၄-၈-၁၉၇၀)
၁၁။ ဗိုလ်မှူးကြီး / ဒေါက်တာ လှဟန် ( ၄-၈-၁၉၇၀ မှ
၁၉-၄-၁၉၇၂)
၁၂။ ဦးကျော်စိုး (၂၀-၄-၁၉၇၂ မှ ၁-၃-၁၉၇၄)
၁၃။ ဗိုလ်မှူးကြီး / ဦးလှဘုန်း (၄-၃-၁၉၇၄ မှ ၃-၃-၁၉၇၈)
၁၄။ ဦးမြင့်မောင် (၃-၃-၁၉၇၈ မှ ၁၈-၃-၁၉၈၀)
၁၅။ ဦးလေးမောင် (၁၈-၃-၁၉၈၀ မှ ၉-၁၁-၁၉၈၁)
၁၆။ ဦးချစ်လှိုင် (၉-၁၁-၁၉၈၁ မှ ၄-၁၁-၁၉၈၅)
၁၇။ ဦးရဲခေါင် (၄-၁၁-၁၉၈၅ မှ ၁၈-၉-၁၉၈၈)
၁၈။ ဗိုလ်ချုပ်မှူးကြီး စောမောင်(၂၀-၉-၁၉၈၈ မှ ၁၇-၉-၁၉၉၁)
၁၉။ ဦးအုံးကျော် (၁၈-၉-၁၉၉၁ မှ ၁၅-၁၁-၁၉၉၈)
၂၀။ ဦးဝင်းအောင် (၁၅-၁၁-၁၉၉၈ မှ ၂၀၀၄)
၂၁။ ဦးဉာဏ်ဝင်း (၂၀၀၄ မှ ၃၀-၃-၂၀၁၁)
၂၂။ ဦးဝဏ္ဏမောင်လွင် (၁-၄-၂၀၁၁ မှ ၃၀-၃-၂၀၁၆)
၂၃။ ဒေါ်အောင်ဆန်းစုကြည် (၁-၄-၂၀၁၆ မှ ယနေ့ထိ)

ခရီးစဉ်ဆိုတာ အတော်ကလေးရှားပါးခဲ့ပေမယ့် ပြောင်းလဲလာတဲ့အခြေအနေတွေအရ အမေရိကန်ခရီးစဉ်၊ ဥရောပခရီးစဉ် ဆိုတာတွေကို လေ့လာဆည်းပူး ဖြည့်ဆည်းသင်ကြားရင်းပဲ ဆောင်ရွက်ခဲ့ကြရပါတယ်။ ဒီကာလမှာပဲ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ် အာဆီယံအဖွဲ့ကို ဝင်ရောက်ပြီးချိန်ကစလို့ ပထမဆုံးအကြိမ်အဖြစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကိုလည်း ကြိုးစားထမ်းဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတကာ အဆင့် ထိပ်သီးအစည်းအဝေးကြီးတွေ လက်ခံကျင်းပတဲ့အတွေ့အကြုံမရှိဘဲ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများရဲ့ အကူအညီနဲ့ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုလည်း ပြည်ပသံရုံးများမှာ ပြည်ပရောက် မြန်မာနိုင်ငံသား မဲဆန္ဒရှင်တွေမဲပေးနိုင်အောင် စိန်ခေါ်မှုအမျိုးမျိုးကြားက အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၆ မတ်လ ၃၁ ရက်နေ့နောက်ပိုင်း ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ရွေးကောက်ပွဲရလဒ်အတိုင်း တည်ငြိမ်အေးချမ်းစွာ အစိုးရအပြောင်းအလဲမှာ ပါဝင်ပံ့ပိုးပေးခဲ့ပါတယ်။ "ပြည်သူဗဟိုပြုသော သံခင်းတမန်ခင်း"ကို ဆောင်ရွက်သွားမယ်လို့ နိုင်ငံတော်အကြီးအကဲတွေက လမ်းညွှန်တဲ့အတိုင်း သံရေးတမန်ရေးအပြောင်းအလဲတွေကို ဟန်ချက်ညီဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းအားထုတ်နိုင်ခဲ့ပါတယ်။ နိုင်ငံသားအကျိုးစီးပွားတွေ ပိုမိုဖော်ဆောင်နိုင်ဖို့၊ မိမိနိုင်ငံအကျိုးအတွက်သာမက မိမိနှင့် ထိတွေ့ဆက်ဆံနေသည့် နိုင်ငံများရဲ့အကျိုးကိုလည်း ထည့်သွင်းစဉ်းစားပေးတတ်ဖို့၊ ပြည်တွင်းငြိမ်းချမ်းရေး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာမှာ အထောက်အကူပေးနိုင်ဖို့ဆိုတဲ့ ကျယ်ပြန့်တဲ့ အမျိုးသားရေးတာဝန်များကိုလည်း ထမ်းဆောင်ဖို့ လမ်းညွှန်ချက်တွေ ရရှိထားပါတယ်။ ပိုမိုကျယ်ပြန့်တဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများရဲ့အရည်အချင်းနဲ့ စွမ်းဆောင်ရည်တွေ ပိုမိုပြည့်ဝစေဖို့ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမှာလည်း ဖြစ်ပါတယ်။

အနှစ် ၇၀ ကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းမျိုးဆက်အသီးသီးက အစိုးရအဆက်ဆက်လက်ထက်မှာ နိုင်ငံခြားရေးဝါဒကို ချဉ်းကပ်ပုံအမျိုးမျိုးနဲ့ အကောင်အထည်ဖော်ပြီး အမျိုးသားအကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ နိုင်ငံခြားရေးဝါဒဟာ အာဏာရအစိုးရတစ်ရပ်က ချမှတ်ပေးတာဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဝန်ထမ်းများအနေနဲ့ သံတမန်ရေးနည်းနာတွေနဲ့ အကောင်အထည်ဖော်ရတာဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိချိန်ကစပြီး အစဉ်တစိုက်အဆက်ဆက်သော အစိုးရများက တရားဝင်ကြေညာထားတဲ့ နိုင်ငံခြားရေးဝါဒဟာ မြန်မာနိုင်ငံရဲ့ပထဝီအနေအထား၊ အင်အားအနေအထား၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေတို့နဲ့ကိုက်ညီတဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး ဝါဒ၊ တိကျမှန်ကန်သောကြားနေရေးဝါဒ ဖြစ်ပါတယ်။ အနှစ် (၇၀) ဖြတ်သန်းလာခဲ့တဲ့ ခရီးတစ်လျှောက် အောင်မြင်မှုတွေ၊ အားနည်းချက်တွေ၊ အခက်အခဲစိန်ခေါ်မှုတွေ၊ ရုန်းကန်ဖြတ်သန်းရမှုတွေ၊ ပေးဆပ်ရမှုတွေ၊ ခံစားစံစားရမှုတွေနဲ့ အတွေ့အကြုံအမြောက်အမြားရရှိခဲ့ပါတယ်။ ဒီအတွေ့အကြုံ တွေကပဲ နိုင်ငံခြားရေးဝန်ကြီးဌာနကို ပိုမိုခိုင်မာတောင့်တင်းတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေဖို့ အထောက်အကူပြုပေးခဲ့တာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ အလားတူပဲ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်းမွန်ပြည့်စုံစေဖို့ နိုင်ငံအကျိုး ပိုမိုသယ်ပိုးနိုင်ဖို့ဆိုတာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေမှာ တာဝန်ရှိပါတယ်။ လူဆိုတာ သေမျိုးဖြစ်ပေမယ့် အတွေ့အကြုံသင်ခန်းစာတွေဟာ မျိုးဆက်တစ်ခုကနေ မျိုးဆက်တစ်ခုကို လက်ဆင့်ကမ်းလို့ရပါတယ်။ အဖွဲ့အစည်း(institution) တို့ရဲ့အားသာချက်က အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံ (institutional memory) တွေကို လက်ဆင့်ကမ်းပေးခြင်းဖြင့် အဖွဲ့အစည်းရဲ့တည်ငြိမ်ရင့်ကျက်မှု ဂုဏ်သိက္ခာကို တည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ အနှစ် (၇၀)ဆိုတဲ့ကာလဟာ လူသားမျိုးဆက်နဲ့ ကြည့်ရင်မျိုးဆက်နှစ်ခု-သုံးခုရဲ့ အဆက်အစပ်ကာလဖြစ်ပါတယ်။ နိုင်ငံတကာသံတမန်လောကမှာ သံတမန်ဆိုင်ရာ အကယ်ဒမီကျောင်းကြီးတွေရှိပေမယ့် သံတမန်နည်းနာဆိုတာ ကျောင်းမှာတင် တတ်မြောက်အောင် သင်ကြားနိုင်တဲ့ ပညာ မဟုတ်ဘဲ စဉ်ဆက်မပြတ်ဆည်းပူးမှု၊ အတွေ့အကြုံနည်းနာ လက်ဆင့်ကမ်းခံယူမှု၊ ပူးတွဲလေ့ကျင့်ပျိုးထောင်ပေးမှုတွေ လိုအပ်ပါတယ်။ သားကောင်းတမန်များအနေနဲ့ ဘယ်ခေတ်ရောက်ရောက် နိုင်ငံတော်နဲ့ပြည်သူတွေရဲ့အကျိုးစီးပွားအတွက် ဖော်ဆောင်နိုင်ရေးအတွက် ကျန်ရှိနေသည်။ စိန်ခေါ်နေမှုများကို ရှေ့တန်းကရင်ဆိုင်ကာကွယ်ဖြေရှင်းရင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဆက်လက်ဖွံ့ဖြိုးတိုးတက်အဓွန့်ရှည်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေ။

## ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၆**

တပ်မတော်(ရေ)စစ်ရေယာဉ်များသည် မတ် ၂၃ ရက်မှ မတ် ၃၁ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များလေ့ကျင့်ပစ်ခတ်ခြင်းများအား ကိုကိုးကျွန်းရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး အတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ သတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၆**

တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာကို နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း ၈၁၄ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု စုစုပေါင်း ၈၃၁ ခုတို့၌ ယနေ့နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ ဖြေဆိုခွင့်ရှိသူ ၈၁၅၂၇ ဦးရှိသည့်အနက် ၇၃၉၃၁ ဦး ဖြေဆိုခဲ့ ကြပြီး ၇၅၉၆ ဦး ဖြေဆိုရန် ပျက်ကွက်သဖြင့် ဖြေဆိုသူ ၉၀ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်သည်။ တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆွံ့အနားမကြားဖြေဆိုသူနှစ်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်လက်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၂ ဦး၊ အကျဉ်းထောင်နှင့် အချုပ်များတွင် ဖြေဆိုသူ သုံးဦးရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသတွင် ဖြေဆိုရန် ကိုးဦး စာရင်းသွင်းထားသော်လည်း အထက (၂) တပ်ကျောင်းတွင် နှစ်ဦး၊ ကွမ်းလုံ စာစစ်ဌာနတွင် လေးဦး စုစုပေါင်း ခြောက်ဦး ဖြေဆိုကြသည်။

**(သတင်းစဉ်)**

## မောင်တောဒေသဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ စစ်တွေမြို့သို့ရောက်ရှိ

**စစ်တွေ မတ် ၁၆**

ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ရန်ကုန်လေဆိပ်မှ AIR KBZ လေကြောင်းဖြင့် ထွက်ခွာလာကာ စစ်တွေလေဆိပ်သို့ မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရောက်ရှိပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှတာဝန်ရှိသူများက ကြိုဆိုကြသည်။ အဆိုပါအဖွဲ့သည် မတ် ၁၇ ရက် နံနက် ၇ နာရီတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် မောင်တောဒေသသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



## ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ကြိမ်ချောင်းကျေးရွာရှိ ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး

**မောင်တော မတ် ၁၆**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာသည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ထားရှိသော စာစစ်ဌာနသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ဆရာ ဆရာမများ၏ သွားလာရေးနှင့် လုံခြုံရေး၊ ကျောင်းသား ကျောင်းသူများ ဖြေဆိုထားသည့် အဖြေလွှာများအား သက်ဆိုင်ရာ ပညာရေးဌာနသို့ စနစ်တကျ အပ်နှံနိုင်ရေးအတွက် ဒေသတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ကြိမ်ချောင်းတိုယ်နယ်ဆေးရုံနှင့် ဖားဝပ်ချောင်းကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ တည်ဆောက်နေမှုကို ကြည့်ရှုခဲ့သည်။

**အေးမြ(မန္တလေး)**
**အေးမင်းသူ**

## ရန်ကုန်တိုင်းဒေသကြီး၌ ပထဝီဝင်ဘာသာရပ် ဆက်လက်ဖြေဆို

**ရန်ကုန် မတ် ၁၆**

ယနေ့ဆက်လက်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အတွဲ(၂) ပထဝီ၊ သမိုင်း၊ ဘောဂ၊ အတွဲ(၃) ပထဝီ၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၈) ဓာတု၊ ရူပ၊ ပထဝီဘာသာရပ်များကို ရန်ကုန်တိုင်းဒေသကြီး စာစစ်ဌာန ၅၅ ခုတို့၌ ပထဝီဝင်ဘာသာရပ်ကိုဖြေဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျား ၂၇၀ ၊ မ ၃၅၅ ဦး စုစုပေါင်း ၆၂၅ ဦးအနက် ဖြေဆိုသူ ကျား ၁၉၅ ဦး၊ မ ၂၉၀ ဦး စုစုပေါင်း ၄၈၅ ဦး (ဖြေဆို ရာခိုင်နှုန်း ၇၇ ဒသမ ၆၀)ရှိပြီး ပျက်ကွက်သူ ကျား ၇၅ ဦး၊ မ ၆၅ ဦး စုစုပေါင်း ၁၄၀(ပျက်ကွက်ရာခိုင်နှုန်း ၂၂ ဒသမ ၄၀) ရှိသည်။ မတ် ၁၇ ရက် (သောကြာနေ့) သမိုင်းဘာသာရပ် ဖြေဆိုရန်ကျန်ရှိကြောင်း သိရသည်။ **ဥမ္မာသန့်**

## မောင်တောမြို့နယ် အောင်ဇံရဲကင်းမှ လုယူခံရသည့် လက်နက်သုံးလက်အနက်မှ ကျန်ရှိသည့်တစ်လက်ပြန်တွေ့

**နေပြည်တော် မတ် ၁၆**

မောင်တောမြို့နယ် အောင်ဇူနယ်မြေ အောင်ဇံရဲကင်း ရဲတပ်ဖွဲ့ဝင်များထံမှ မတ် ၁၁ ရက်က လူ ငါးဦးလုယူသွားသော လက်နက် သုံးလက်အနက် ကျန်ရှိနေသည့် ဘီအေ(၆၃) တစ်လက်အား ယနေ့နံနက်ပိုင်းက ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အောင်ဇူနယ်မြေ ခေတ္တနယ်မြေမှူးနှင့်အဖွဲ့၊ အောင်ဇံကျေးရွာ ပြည်သူ့စစ်အဖွဲ့တို့သည် မတ် ၁၁ ရက် ညနေ ၅ နာရီက သေနတ်လုယူထွက်ပြေးသွားသည့် လမ်းကြောင်းများအတိုင်း လိုက်လံရှင်းလင်းခဲ့ရာ နယ်စပ် မိုင်တိုင် ၄၂ အနီး ဝေလာတောင်ချောင်းဘေး၌ ဘီအေ- ၉၄(ကျည်အိမ်မပါ) ၂ လက် အား ပြန်လည်တွေ့ရှိခဲ့သည်။

ကျန်ရှိသည့် ဘီအေ-၆၃ သေနတ် တစ်လက်(ကျည် ၁၅တောင့်ပါ ကျည်အိမ် တစ်ခု) အား နယ်စပ်မှတ်တိုင် ၄၂ ကင်းစခန်း၏ နယ်စပ်ခြံစည်းရိုး အနောက်မြောက်ဘက် တစ်ဖက်နိုင်ငံဘက်ခြမ်းရှိ ဘော်ရစ်တေလီရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်ဝေးသည့် ဆာရာမတ်ချောင်း အရှေ့ဘက်ကမ်း ချုံပုတ်အတွင်း၌ ဘော်ရစ်တေလီရွာသားနှစ်ဦးက ယနေ့နံနက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် ကင်းစခန်းသို့ လာရောက်အကြောင်းကြားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက နံနက် ၉ နာရီတွင် နယ်စပ်ခြံစည်းရိုးအနီးသွားရောက်၍ သေနတ်နှင့် ဆက်စပ်ပစ္စည်းများအား လက်ခံလွှဲပြောင်းရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာမှ ခေတ္တတိမ်းရှောင်ပြီး ပြန်လည်ရောက်ရှိလာသော မိသားစုများအား စားနပ်ရိက္ခာများထောက်ပံ့

**မောင်တော မတ် ၁၆**

မောင်တောဒေသမြောက်ပိုင်း ဦးရှည်ကျကျေးရွာမှ ခေတ္တတိမ်းရှောင်ပြီး ပြန်လည်ရောက်ရှိလာသည့် မိသားစုများအား စားနပ်ရိက္ခာများထောက်ပံ့သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက အမှာစကားပြောကြားသည်။

ယင်းနောက် မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ UNHCR မှ Mrs.Mar Co(Senior Field Coordinator) က အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးနှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၁၂ စုသို့ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် မိသားစု ၁၂ စုနှင့် မိသားစုဝင် ၁၀၆ ဦးတို့အတွက် မိသားစုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆားနှစ်ပိဿာ၊ ဆီ နှစ်ပိဿာနှင့် ကုလားပဲနှစ်ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**
**အေးမင်းသူ**

## မောင်တောမြို့နယ်၌ ကျေးရွာသားတစ်ဦးပျောက်ဆုံး

**နေပြည်တော် မတ် ၁၆**

မောင်တောမြို့နယ် စဉ်တောင်ကျေးရွာမှ ရွာသားတစ်ဦး မတ် ၁၂ ရက် ညနေ ၅ နာရီက နေအိမ်မှ ရွာထဲသို့ထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ ၅ စဉ်တောင်ကျေးရွာနေ မာမတ်ရော်ဖီး (၂၁ နှစ်) သည် မတ် ၁၂ ရက် ညနေ ၅ နာရီက နေအိမ်၌ ရေချိုးရန် ပြင်ဆင်နေစဉ် ဖုန်းလာသဖြင့် ရွာထဲသို့ ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း၊ ၎င်းပျောက်ဆုံးမှုနှင့် ပတ်သက်၍ ငါးခူရနယ်မြေစခန်းမှ လူပျောက်စာရင်းသွင်းပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ ဒဏ်ရာများနှင့်သေဆုံးနေသည့် ရွာသားတစ်ဦးတွေ့ရှိ

**နေပြည်တော် မတ် ၁၆**

မောင်တောမြို့နယ် ပွန်တီကျေးရွာသားတစ်ဦး ယမန်နေ့ နံနက်ပိုင်းက နွားကျောင်းထွက်သွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာ ယနေ့နံနက်ပိုင်းတွင် တောင်ပြို-ကြိမ်ချောင်းကားလမ်းဘေး၌ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

မောင်တောမြို့နယ် ပွန်တီကျေးရွာနေ တန်ဒါမျာ(၅၉ နှစ်) သည် ယမန်နေ့ နံနက်ပိုင်းက နွားကျောင်းထွက်သွားရာမှ ညနေပိုင်းတွင် နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မိသားစုဝင်များက တောင်ပြိုရဲစခန်းသို့ သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် လိုက်လံရှာဖွေခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တောင်ပြို- ကြိမ်ချောင်း ကားလမ်းဘေး ပုစွန်ကန်အနီး၌ ဦးခေါင်းပြတ်ရှ၊ လည်ကုပ်ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် တောင်ပြိုနယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် မတ် ၁၆**

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးနှင့်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချာနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မြန်မာ - ရုရှား နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ခဲ့ပြီး ရုရှားအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်ပက်ထရူရှက်ဗ်နှင့် မတ် ၁၃ ရက်တွင် ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ အကျိုးတူကိစ္စ ရပ်များနှင့် ဒေသအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၁၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

# ရခိုင်ပြည်နယ်အကြံပေးကော်မရှင်အဖွဲ့၏ နိုင်ငံတော်အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာ အကြံပြုချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

**သတင်းနှင့် ဓာတ်ပုံ**

**ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)**

**ရန်ကုန် မတ် ၁၆**

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအားလုံး၏ လူမှုဘဝပိုမိုကောင်းမွန်လာရေးအတွက် အကြံပြုချက်များအဆိုပြုနိုင်ရန် မြန်မာနိုင်ငံအစိုးရက တာဝန်ပေးထားသည့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်အဖွဲ့၏ အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာအကြံပြုချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်ဆုရှင် မစ္စတာ ကိုဖီအာနန်ဥက္ကဋ္ဌအဖြစ်တာဝန်ယူသော ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲသို့ အကြံပေးကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသာလှရွှေ (မြန်မာနိုင်ငံ ကြက်ခြေနီအသင်း-နာယက)၊ ဦးအေးလွင် (ငြိမ်းချမ်းမေတ္တာအဖွဲ့ တည်ထောင်သူ)၊ Ms.Laettia van den Assum(နယ်သာလန်နိုင်ငံ၏အထူးသံတမန်)၊ ဒေါ်စောခင်တင့်(ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းရန်ကုန်-ဥက္ကဋ္ဌ)၊ Mr.Ghassansalame(လက်ဘနွန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဟောင်း)၊ ဒေါက်တာမြသီတာ ( သားဖွား၊ မီးယပ်ပညာအဖွဲ့- ဥက္ကဋ္ဌ)၊ ဦးဝင်းမြ (မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်- ဥက္ကဋ္ဌ)၊ ဦးခင်မောင်လေး(မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်-အဖွဲ့ဝင်)တို့ တက်ရောက်၍ နိုင်ငံတော်အစိုးရသို့ ပထမဦးဆုံးတင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် Mr.Ghassansalame က ကိုဖီအာနန်တင်ပြသည့် ကြားဖြတ်အစီရင်ခံစာတွင် ကော်မရှင်ကို ယမန်နှစ်က စတင်ဖွဲ့စည်းခဲ့ကြောင်း၊ စတင်ဖွဲ့စည်းပြီးနောက်ပိုင်းကော်မရှင်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် တကယ့်အဖြစ်အပျက်အနေအထားများကိုကြည့်ရှုရန် ရည်ရွယ်ထားကြောင်း၊ ရရှိလာသည့် တွေ့ရှိချက်များကို ဩဂုတ်လမတိုင်ခင်နောက်ဆုံးအပြီးသတ်အစီရင်ခံစာအနေဖြင့် တင်သွင်းသွားရန် ရှိပါကြောင်း၊ သို့သော်လည်း အစိုးရအနေဖြင့် အရေးတကြီးဆုံးဖြတ်ရမည့်ကိစ္စရပ်များအတွက် ကြားဖြတ်အစီရင်ခံစာကို ယခုကဲ့သို့ စီစဉ်တင်သွင်းခြင်းဖြစ်ကြောင်း၊ ယခု အစီရင်ခံစာတွင် အကြံပြုချက်ပေါင်း ၃၀ ပါဝင်ကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာအကြံပြုချက် ၃၀ အား ကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်က ဖတ်ကြားထားသည့် ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ Mr.Ghassansalame က အစီရင်ခံစာတွင် ပါဝင်သည့် အကြံပြုချက်အကျဉ်းချုပ်ကို တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားသည်။

အကြံပြုချက် အကျဉ်းချုပ်တွင် လူသားချင်းစာနာထောက်ထားမှုအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအားလုံးသည် ပြဿနာဖြစ်ပွားနေသည့် ဒေသအပါအဝင် ဒေသများအားလုံးသို့ အကန့်အသတ်မရှိ သွားရောက်ရန် တိုက်တွန်းအကြံပြုထားကြောင်း၊ ပြည်တွင်း၊ ပြည်ပသတင်းဌာနများကိုလည်း အဆိုပါဒေသများသို့ သွားရောက်ခွင့်ပြုရန် နိုင်ငံတော်အစိုးရထံ တောင်းဆိုပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်သည်ဟု အစွပ်စွဲခံထားရသူများနှင့် ကျူးလွန်ထားသူများအား တာဝန်ခံခိုင်းရန် လိုအပ်ကြောင်း၊ ဒုက္ခသည်များအား မိမိတို့သဘောဆန္ဒအလျောက် မိမိတို့နေရပ်သို့ပြန်ချင်ပါက စေလွှတ်ပေးနိုင်ရန်အတွက် ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းရန် အကြံပြုပါကြောင်း၊ ရခိုင်မြောက်ပိုင်းဒေသတွင်ရှိနေသည့် တရားမဝင် ကုန်သွယ်မှုများကိုတားဆီးနှိမ်နင်းရန်၊ တရားဝင်ကုန်သွယ်ရေးများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် အကြမ်းဖက်မှုနှင့် အကြမ်းဖက်ဝါဒများပပျောက်ရေး ဖြေရှင်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငါးနှစ်စီမံကိန်းတစ်ရပ် အမြန်ဆုံးဆောင်ရွက်၍ ထုတ်ပြန်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စများ အညီအမျှရရှိရေး ဆောက်ရွက်သွားရန်လိုကြောင်း။

ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် သင်တန်းများပေးရန် လိုကြောင်း၊ ရခိုင်ပြည်နယ်ရှိ ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါဒေသတွင်ရှိနေသည့် ဒေသခံများနှင့် လိုက်လျောညီထွေဖြစ်သည့် ဖွဲ့စည်းပုံမျိုးဖြစ်ရန် တိုက်တွန်းထားကြောင်း၊ အဆိုပါဒေသတွင် နေထိုင်သူများအား နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန်နှင့် နိုင်ငံသားအခွင့်အရေးများရရှိရန် ဆောင်ရွက်သွားသင့်ကြောင်း၊ နိုင်ငံသားအခွင့်အရေးဆိုသည်မှာ လွတ်လပ်စွာသွားလာခွင့်၊ ရွှေ့ပြောင်းခွင့်နှင့် လူ့အခွင့်အရေးများပါဝင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မဟာဗျူဟာတစ်ရပ်ချမှတ်၍ နိုင်ငံသားစိစစ်ရေးကိစ္စရပ်များကို အလျင်အမြန်ဆောင်ရွက်ရန် အကြံပြုထားကြောင်း။

တိုင်တန်းမှုများရှိလာပါက တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းသွားရန်လိုကြောင်း၊ ကိုင်တွယ်ဖြေရှင်း ရာတွင် အဖွဲ့အစည်းအသစ်ဖွဲ့၍ ဖြေရှင်းရန်လိုပါကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ရာတွင် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရန် အကြံပြုကြောင်း၊ အိုးပစ်အိမ်ပစ် ထွက်ပြေးနေကြသူများ၏ စခန်းများ ရခိုင်ပြည်နယ်တွင်ရှိနေပြီး အဆိုပါစခန်းများ ပိတ်သိမ်းရန်လိုအပ်ပြီး မဖြစ်မနေပိတ်သိမ်းရမည့် စခန်းသုံးခုရှိကြောင်း၊ ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရခိုင်ဒေသတွင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်တွင် အပြန်အလှန်တွေ့ဆုံစကားပြောကြား၍ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အရေးတကြီးလုပ်ဆောင်ချက်အနေဖြင့် အမုန်းစကားဖြင့် သွေးထိုးလှုံ့ဆော်သူများအား အရေးယူရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အား စဉ်ဆက်မပြတ် ပြောဆိုဆွေးနွေးရန်လိုအပ်ကြောင်း စသည်တို့ ပါဝင်သည်။

ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များသည် ရခိုင်ပြည်နယ်ရှိ အခြေအနေတိုးတက်လာစေရန် မြန်မာအစိုးရအနေဖြင့် လတ်တလော အကောင်အထည်ဖော်နိုင်မည့်အဆင့်များနှင့် ရေရှည်ဆောင်ရွက်သွားသင့်သည့် အကြံပြုချက်များ ပါဝင်သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များက မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**မေး ။ ။ ရခိုင်ပြည်နယ်မြောက်ပိုင်းကို သူတို့ သတင်းသွားရောက်ရယူတဲ့အခါမှာ ခွင့်မပြုခဲ့ပါဘူး၊ အတားအဆီးမရှိဘဲ အပြည့်အဝသွားလို့ရအောင် ကော်မရှင်က တင်ပြထားတဲ့အပေါ်မှာ ဘယ်တော့လောက်ဖြစ်နိုင်မှာပါလဲ။**

ဖြေ ။ ။ ဒီကိစ္စက မြန်နိုင်သလောက် အမြန်ဆုံးဆိုရင်တော့ အကောင်းဆုံးပါပဲ၊ ကော်မရှင်အနေနဲ့လည်း အကြံပြုချက်တွေကို တင်သွင်းတော့မှာဖြစ်ပါတယ်၊ မဖြစ်မနေလုပ်ဆောင်ရမယ့် ကိစ္စကတော့ သတင်းဌာနများက မီဒီယာတွေအနေနဲ့ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ရရှိသင့်ပါတယ်။

**မေး ။ ။ အစီရင်ခံစာကတင်ပြီးသွားပြီလား၊ တင်ပြီးပြီဆိုရင်လည်း ဘယ်ဌာနကို တင်ထားပါသလဲ၊ ဘယ်နေ့ဘယ်ရက်ကတင်ပါသလဲ၊ ဒါကိုလက်ခံရရှိတဲ့သူကကော ဘယ်လိုဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောပါသလဲ။**

ဖြေ ။ ။ ဒီကော်မရှင်ကို ဖွဲ့စည်းပေးလိုက်တာကတော့ အားလုံးသိကြတဲ့အတိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွဲ့စည်းပေးလိုက်တာဖြစ်ပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့ ပထမစတင်ပြီး လုပ်ဆောင်တဲ့နေ့ကတည်းက ဒီကိစ္စနဲ့ပတ်သက်ပြီး ဆောင်ရွက်နေသူတွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်၊ အဲဒီအထဲမှာ ဘာတွေပါဝင်သလဲဆိုရင် လုံခြုံရေးအတွက် ဆောင်ရွက်နေကြတဲ့ပုဂ္ဂိုလ်တွေ တစ်နည်းအားဖြင့် တပ်မတော်အပါအဝင် လုံခြုံရေးဆောင်ရွက်နေသူတွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ ပြည်ထောင်စုအဆင့်မှာဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ပြည်ထောင်စုအဆင့်အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ စီမံအုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်တွေအားလုံးနဲ့ တွေ့ဆုံနေပါတယ်၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်မှုနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးနဲ့

*စာမျက်နှာ ၁၁ သို့*

# မြောက်ကိုရီးယားအရေး ပူးပေါင်းဆောင်ရွက်ရန် ဂျပန်နှင့်အမေရိကန် ထပ်ဆင့်အတည်ပြု




**တိုကျို မတ် ၁၆**

မြောက်ကိုရီးယားအရေး အပါအဝင် အရေးကြီးသည့် အကြောင်းအရာများကို တောင်ကိုရီးယားနိုင်ငံနှင့်အတူ ပူးပေါင်းလျက် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်တို့က ထပ်လောင်း အတည်ပြုပြောကြားခဲ့ကြကြောင်း သိရသည်။

ဂျပန်နှင့် အမေရိကန်ဝန်ကြီးနှစ်ဦးတို့သည် ကြာသပတေးနေ့တွင် တိုကျို၌ တွေ့ဆုံမှုပြုလုပ်ခဲ့ပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

ကီရှီဒါက မြောက်ကိုရီးယား၏ နျူကလီးယား စမ်းသပ်မှုများသည် လက်ခံနိုင်ဖွယ်ရာမရှိကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တမင်ရန်စသည့် အပြုအမူများကို ရှောင်ရှားရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် တွန်းအားပေးသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားအမြင်များ ဖလှယ်ခဲ့ကြကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယား အရေးကိစ္စကို ချဉ်းကပ်မှုပုံစံသစ်တစ်မျိုးဖြင့် အဖြေရှာသွားရန် တေလာဆန်က တိုက်တွန်းခဲ့သည်။ အမေရိကန်တွင် ကျင့်သုံးခဲ့သည့်မူဝါဒများသည် ဆယ်စုနှစ်နှစ်ခုအတွင်း အောင်မြင်ဖြစ်မြောက်ခြင်း မရှိခဲ့ဘဲ မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်များ ထုတ်လုပ်မှုနှင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများကိုသာ ပိုမိုတိုးတက်များပြားလာစေခဲ့သည်ဟု တေလာဆန်က ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးဖြစ်သည့် ကီရှီဒါနှင့် တေလာဆန်တို့သည် မြောက်ကိုရီးယားအရေး ပြောဆိုရာတွင် တရုတ်နိုင်ငံက အဓိကကျသည့်နေရာမှ ပါဝင်နေမှုကိုလည်း ပြောဆိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂျပန်နှင့် အမေရိကန်တို့သည် တရုတ်နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်ခြင်းဖြင့် မြောက်ကိုရီးယားအရေးအဖြေရှာရာတွင် ပူးပေါင်းပါဝင်သွားရန် တိုက်တွန်းမည်ဖြစ်ကြောင်း ကီရှီဒါက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ပါရီရှိ IMF ရုံးတွင် စာအိတ်ဖွင့်ဖောက်ရာမှ ပေါက်ကွဲမှုဖြစ်ပွား

**ပါရီ မတ် ၁၆**

ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ကောင်ရှိ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ရုံးတွင် ကြာသပတေးနေ့က စာတစ်စောင်ကို ဖွင့်ဖောက်လိုက်ရာမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်များက ဖော်ပြသည်။

သံသယရှိဖွယ်စာတစ်စောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နောက်တွင် IMF နှင့် ကမ္ဘာ့ဘဏ်ရုံးခွဲများ၌ စစ်ဆင်ရေးတစ်ခု ဖြစ်ပွားနေကြောင်း ပါရီရဲဌာနကတွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

"စာတစ်စောင်ကို ဖွင့်ဖောက်လိုက်ပြီးတဲ့နောက်မှာ စာအိတ်ပေါက်ကွဲသွားပြီး လူတစ်ယောက်ဒဏ်ရာရရှိသွားတာပါ" ဟု ရဲတပ်ဖွဲ့သတင်းရင်းမြစ်များက ရိုက်တာသို့ ပြောကြားခဲ့သည်။




ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပါရီရှိ (IMF) ရုံးအပြင်ဘက်တွင် ရဲများအား တွေ့ရစဉ်

သမ္မတရွေးကောက်ပွဲ မတိုင်မီ ရက်သတ္တပတ်ခြောက်ပတ်မျှအလိုတွင် ယင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဂရိစစ်သွေးကြွအုပ်စုများ ပါဝင်သည့် လျှို့ဝှက်ကြံစည်မှုအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

ပေါက်ကွဲပစ္စည်း ထည့်သွင်းထားသည့် အဆိုပါစာအိတ်ကို ဂျာမနီဘဏ္ဍာရေးဝန်ကြီး ဝုဖ်ဂန်စကတ်ချ်ဘဲလ်အား ဗုဒ္ဓဟူးနေ့တွင် ပေးပို့လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဓာတ်ငွေ့ယိုစိမ့်ပေါက်ကွဲမှုဖြစ်

**နယူးဒေလီ မတ် ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ကန်ပါးလ်မြို့တွင် ယမန်နေ့က ဓာတ်ငွေ့ယိုစိမ့်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အဆောက်အအုံတစ်လုံးပြိုကျခဲ့ပြီး လူ ခြောက်ဦး ထက်မနည်းသေဆုံးခဲ့ကာ ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် ကန်ပါးလ်မြို့ ရှီဗရက်ဂျ်ပါးလ်ဧရိယာအတွင်းရှိ အအေးခန်းစက်ရုံတစ်ခုအတွင်း ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီး မိနစ်ပိုင်းအတွင်း အဆောက်အအုံပြိုကျခဲ့ကာ လူခြောက်ဦး၏ ရုပ်အလောင်းများကို အပျက်အစီးများကြားမှ ဆွဲထုတ်ခဲ့ရကြောင်းနှင့် အပျက်အစီးများအကြား ပိတ်မိနေသူများရှိနေနိုင်သည့်အတွက် သေဆုံးသူဦးရေတိုးလာနိုင်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆောက်အအုံပြိုကျမှုကြောင့် လူခြောက်ဦးသေဆုံးသွားကြောင်း နိုင်ငံပိုင်ဆေးရုံက ကြေညာခဲ့ပြီး ဒဏ်ရာရရှိသူ ၁၃ ဦးမှာ ဆေးကုသမှုများ ခံယူလျက်ရှိကြောင်းနှင့် ၎င်းတို့အားလုံးသည် အအေးခန်းစက်ရုံအတွင်း အလုပ်လုပ်နေသည့် အလုပ်သမားများဖြစ်ကြောင်း ရဲအရာရှိက ပြောကြားခဲ့သည်။ အဆိုပါဖြစ်ရပ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**




# အီသီယိုပီးယား အမှိုက်ပုံပြိုကျ သေဆုံးသူ ၁၁၃ ဦးအထိရှိလာ

**အဒစ်အဘာဘာ မတ် ၁၆**

အီသီယိုပီးယားနိုင်ငံ မြို့တော်အဒစ်အဘာဘာတွင် ဖြစ်ပွားခဲ့သော အမှိုက်ပုံပြိုကျမှုကြောင့် သေဆုံးသူစာရင်းသည် ယမန်နေ့တွင် ၁၁၃ ဦးအထိ ရောက်ရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အီသီယိုးပီးယားနိုင်ငံတွင် သုံးရက်ကြာ အမျိုးသားဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလ ပြုလုပ်နေကြောင်း သိရသည်။

သေဆုံးသူ ၁၁၃ ဦးအနက် အများစုမှာ အမျိုးသမီးများ ဖြစ်ကြောင်း၊ အမှိုက်ပုံပြိုကျမှုသည် မတ် ၁၁ ရက်က ဖြစ်ပွားခဲ့ကြောင်း၊ အမှိုက်ပုံပြိုကျခဲ့မှုကြောင့် အိမ်များစွာကို ဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။ အမှိုက်ပုံပြိုကျမှုသည် လူများအနားယူနေသည့် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပျောက်ဆုံးသူစာရင်း အတိအကျမသိရသေးကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း သေဆုံးသူစာရင်းမှာ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ပြိုကျမှုဖြစ်ပွားခဲ့သည့် အမှိုက်ပုံသည် အဒစ်အဘာဘာမြို့၏ အကြီးမားဆုံးသော အမှိုက်ပုံဖြစ်ပြီး မြေဧရိယာအကျယ်အဝန်း ဟက်တာ ၃၀ကျော်ရှိကာ အမြင့် ၃၀ မီတာခန့်ရှိကြောင်း သိရသည်။ ယင်းအမှိုက်ပုံဘေးပတ်လည်တွင် ပြည်သူအချို့မှာ ယာယီတဲများဆောက်လုပ်ကာ နေထိုင်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံတွင် ၂၀၂၅ ခုနှစ်မတိုင်မီ လေဆိပ်အသစ် ၁၃၆ ခုတည်ဆောက်မည်

**ပေကျင်း မတ် ၁၆**

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ် မတိုင်မီ လေဆိပ်အသစ် ၁၃၆ ခုတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း အစိုးရ သတင်းရင်းမြစ်က ယမန်နေ့က ပြောကြားခဲ့သည်။




ထပ်မံတည်ဆောက်မည့် လေဆိပ်သစ်များသည် ကမ္ဘာ့အဆင့်မီ နိုင်ငံတကာနှင့် ဒေသတွင်းသယ်ယူပို့ဆောင်ရေးအချက်အချာများ ဖြစ်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင်နှင့် ပြည်သူ့လေကြောင်း အုပ်ချုပ်ရေး၏ စီမံကိန်းအရ သိရသည်။

၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့ငွေကြေးဆိုင်ရာ အကျပ်အတည်းဖြစ်ပွားမှုအားကာမိရန်အတွက် တရုတ်နိုင်ငံသည် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းအတွက် ငွေကြေးစတင်သုံးစွဲလာခဲ့သလို လေဆိပ်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း စတင်ခဲ့သည်။ တရုတ်နိုင်ငံ၏ လေဆိပ်ဝန်ဆောင်မှုများမှာ တိုးတက်လာသော်လည်း လက်ရှိလေဆိပ်များသည် အပြည့်အဝကောင်းမွန်မှုမရှိသေးကြောင်းနှင့် တည်နေရာအဆင်မပြေမှုများ ရှိနေသေးကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံတွင် အများပြည်သူဆိုင်ရာ လေဆိပ် ၂၀၇ ခုရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် လေဆိပ် ၂၆၀ ဝန်းကျင်ရှိလာမည်ဟု မျှော်လင့်ထားသည်။ ထို့အပြင် တရုတ်နိုင်ငံလေဆိပ်များသည် ၂၀၁၅ ခုနှစ်တွင် ခရီးသည် သန်း ၉၁၀ အား လက်ခံနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ခရီးသည် ၁ ဒသမ ၅ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် ၂ ဒသမ ၂ ဘီလီယံအထိ လက်ခံနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

*စာမျက်နှာ ၉ မှ*

တွေ့ဆုံနေပါတယ်၊ ရခိုင်ပြည်နယ်အနေနဲ့ ပြောမယ်ဆိုရင်လည်း ရခိုင်ပြည်နယ်မှာရှိတဲ့ အရပ်သူ အရပ်သားများ၊ ရခိုင်ပြည်နယ်အစိုးရအပြင် တပ်မတော်နဲ့ ရဲတပ်ဖွဲ့အပါအဝင် ပုဂ္ဂိုလ်တွေနဲ့လည်း တွေ့ဆုံလျက်ရှိနေပါတယ်၊ အလုပ်လုပ်နေပါတယ်၊ ယဉ်ကျေးမှုသဘောအရ ဝတ္တရားရှိတဲ့အတိုင်းပြောရမယ်ဆိုရင်တော့ အားလုံးသောတာဝန်ရှိသူများလက်ထဲကို ကျွန်တော်တို့ရဲ့ အဓိကအစီရင်ခံစာကိုပေးပို့ပြီးဖြစ်ပါတယ်၊ အဲဒီထဲမှာ တပ်မတော်လည်း ပါဝင်နေသလို အရပ်ဘက်က ပုဂ္ဂိုလ်တွေလည်း ပါဝင်နေပါတယ်၊ ဒီကော်မရှင်ဟာ မှီခိုမှုကင်းရှင်းလွတ်လပ်တဲ့ ကော်မရှင်ဖြစ်ပါတယ်၊ ဒါ့ကြောင့် တစ်နည်းအားဖြင့် ဘယ်သူ့ကိုမှ ကြောက်မနေရသော ကော်မရှင်ဖြစ်ပါတယ်၊ အဲဒီလို ကော်မရှင်ဖြစ်တဲ့အတွက်ကြောင့်လည်း ဒီလိုတင်သွင်းပြီးတဲ့ အခါမှာတော့ ဘာကိုမှပြုပြင်ပြောင်းလဲဖို့ အကြောင်းမရှိပါဘူး။ မစ္စတာကိုဖီအာနန်အပါအဝင် ကော်မရှင်အဖွဲ့ဝင်များအားလုံးက မျှော်လင့်နေတာကတော့ နိုင်ငံတော်အစိုးရနဲ့တကွ အစိုးရနဲ့ပတ်သက်ပြီးတော့ အုပ်ချုပ်ရေးမှာ ပါဝင်နေသူများအားလုံး တင်ပြခဲ့သော အကြံပြုချက်များအတိုင်း လေးစားလိုက်နာစွာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ။ အိုးပစ်အိမ်ပစ် ထွက်ပြေးရသူများရဲ့ စခန်းသုံးခု ပိတ်သိမ်းဖို့ အကြံပြုထားတယ်လို့ ဆိုတဲ့ အပေါ်မှာ ဘာတွေများတွေ့ရှိလို့ အဲဒီလိုပိတ်သိမ်းရတာပါလဲ။**

ဖြေ ။ ။ အဲဒီစခန်းသုံးခုသာမကရှိရှိသမျှ အိုးပစ်၊ အိမ်ပစ်ထွက်ပြေးကြသူများ စခန်းတွေ အားလုံးဟာ တစ်နေ့မှာတော့ ပိတ်သိမ်းရမှာပဲ ဖြစ်ပါတယ်။ ပိတ်သိမ်းဖို့လည်း လိုအပ်နေတာတွေ ရှိပါတယ်။ တချို့ဆို ဖွင့်သာဖွင့်ထားတာ တကယ်တော့ ရွာနဲ့ ကိုက်အနည်းငယ်အကွာမှာနေနေကြတာပါ။ အားလုံးပေါင်းလိုက်ရင် စုစုပေါင်းလူပေါင်းတစ်သောင်းကျော်လောက်ဟာ အဲ့ဒီလိုစခန်းတွေမှာနေနေကြတာ ဖြစ်ပါတယ်။ အဲ့ဒီထဲကမှ သုံးခုကိုပြောရရင် ကမန်မိသားစု ၅၅ ဦးလောက်ရှိတဲ့နေရာရယ်၊ မွတ်စလင်မိသားစု ၂၁၅ စုလောက်ရှိတဲ့ နေရာတစ်နေရာ၊ ရခိုင်မိသားစု ၆၅ စုလောက်နေထိုင်တဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ အဲ့ဒီသုံးခုကတော့ သူတို့ နေရပ်ကို ပြန်ပို့မယ်ဆိုရင် အများကြီးအဆင်ပြေမှာ ဖြစ်တဲ့အတွက်ကြောင့် တစ်ဆင့်ချင်းသွားတဲ့အခါမှာ အဲ့ဒီသုံးခုကိုစတင်ပြီး လုပ်ဆောင်တာ ဖြစ်ပါတယ်။ ပြန်ပို့တယ်ဆိုတဲ့အခါမှာ သူတို့လည်း ပြန်သွားရမှာ မကြောက်အောင် သူတို့ရောက်သွားပြီးမှ ပတ်ဝန်းကျင် အနီးအနားက စိုးရိမ်ထိတ်လန့်မှုတွေ မရှိဘူးဆိုရင် ပြန်သွားလို့ရမယ့် အနေအထားမျိုးပဲ ဖြစ်ပါတယ်။

**မေး ။ ။ ရဲတပ်ဖွဲ့ကိုသင်တန်းပေးမယ် ပြောထားပါတယ်။ သင်တန်းပေးမယ်ဆိုတာ ဘယ်လိုတွေများပေးမှာပါလဲ။ အခုဖြစ်စဉ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့ခေါ်ဖို့ ရှိပါသလား။**

ဖြေ ။ ။ ရဲနဲ့ ပတ်သက်ပြီး အပိုင်းသုံးပိုင်းရှိပါတယ်။ တစ်ပိုင်းက ရဲတပ်ဖွဲ့ဖွဲ့စည်းပုံပါပဲ။ အဲ့ဒီဒေသအတွင်း မှီတင်းနေထိုင်ကြတဲ့သူတွေကို ကိုယ်စားပြုမှုများ ထိုက်သင့်သလို ပါဝင်သင့်ပါတယ်။ ဒုတိယအချက်က သူတို့ကိုလူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး လေးစားလိုက်နာတတ်အောင် သင်တန်းတွေပေးဖို့ လိုပါတယ်။ အခုလိုပြောတာက ရဲတပ်ဖွဲ့အနေနဲ့ လူ့အခွင့်အရေးကို ချိုးဖောက်နေတယ်လို့ ပြောတာမဟုတ်ပါဘူး။ နောက်တစ်ခုက အဲ့ဒီဒေသမှာ ဖြစ်နေတာက လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ထားသလို ဖြစ်နေတယ်။ တမင်ပိတ်နေတာမျိုး မဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်သွားနိုင်ရင် ကောင်းပါလိမ့်မယ်။

ငြိမ်းချမ်းရေးတပ်ဖွဲ့ကိုခေါ်ဖို့က လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။ ပြည်တွင်းစစ်လို နှစ်ဖက်အကြီးအကျယ်ဖြစ်နေတာမျိုးမှ လုပ်ကြတာပါ။ လုံခြုံရေးကောင်စီရဲ့ သဘောတူညီခွင့်ပြုချက်တွေ လိုပါတယ်။ နိုင်ငံတော်အနေနဲ့ ဒါမှမဟုတ် တာဝန်ရှိသူတွေအနေနဲ့ အားလုံးကသာလျှင် အခုတင်ပြတဲ့ အကြံပြုချက်တွေကို အဆောတလျင် လုပ်ဆောင်ကြမယ်။ လေးစားလိုက်နာသွားမယ်ဆိုရင် အဲ့ဒီလောက်ဝေးဝေးအထိ သွားစရာမလိုပါဘူး။ ပြဿနာကြီးကြီးမားမား ရှိမနေပါဘူး။ ငြိမ်းချမ်းရေးတပ်ဖွဲ့ကြီးခေါ်လောက်အောင် မလိုအပ်ပါဘူး။

**မေး ။ ။ အစီရင်ခံစာထဲမှာပါသလို ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နိုင်ငံသား ဖြစ်ခွင့်သတ်မှတ်ပေးဖို့ တိုက်တွန်းထားတော့ လူပေါင်းဘယ်လောက်လိုအပ်တာလဲ။**

ဖြေ ။ ။ နိုင်ငံသားဖြစ်ခွင့် နဲ့ ပတ်သက်ပြီး စိစစ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ လိုတယ်လို့ ပြောသွားပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ထောင်ပေါင်းများစွာသော သူတွေဟာ သူတို့ ဘယ်သူဘယ်ဝါဖြစ်ကြောင်း စာရွက်စာတမ်း မရှိပါဘူး။ နောက် မွေးစာရင်းလည်းမရှိပါဘူး။ ဒါကြောင့်



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်အချို့ကို တွေ့ရစဉ်

ဒါတွေကို စိစစ်ဆောင်ရွက်ဖို့ လိုပါတယ်။ နောက် နယ်စပ်ကို ဖြတ်ကျော်တဲ့ကိစ္စ မရှိတော့ပါဘူး။ လောလောဆယ်မှာ နယ်စပ်ကို ပိတ်ထားလို့ပါ။ ဒါကိုလည်း အမြန်ဆုံးပြန်ဖွင့်စေချင်ပါတယ်။ ဒါကလည်း ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ နှစ်နိုင်ငံကြားမှာ တရားဝင်ကုန်သွယ်ရေး ဆက်လက်ဖြစ်ထွန်းဖို့ပါ။ အဲ့ဒီလိုဖြစ်ထွန်းမှ နှစ်နိုင်ငံအကြား အကျိုးရှိမှာပါ။ စိစစ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့၊ နိုင်ငံသားပြုသင့်တဲ့သူကိုပြုပေးဖို့ လိုအပ်ပါတယ်။ ဒါကို မဟာဗျူဟာ ချပြီး အမြန်ဆုံးလုပ်ဆောင်ဖို့ ပြောကြားပါတယ်။ နိုင်ငံသားပြုခွင့်ရခဲ့ရင် နိုင်ငံသားပိုင် အခွင့်အရေးတွေပါ ရရှိအောင် ဆောင်ရွက်သင့်ပါတယ်။ အဖေ၊ အမေကို စစ်ဆေးပြီးစီးပါက သားသမီးကို ဆက်လက်စစ်ဆေးဖို့ မလိုတော့ပါဘူး။

**မေး ။ ။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်ခွင့် ဥပဒေကို ရခိုင်ပြည်နယ်မှာ ဆန္ဒပြမယ်ကြားနေပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ် ဥပဒေက နိုင်ငံတကာအမြင်အရ ပြီးပြည့်စုံမှု ရှိပါသလား။**

ဖြေ ။ ။ လူသားတွေလုပ်ဆောင်တဲ့ အရာမှာဘယ်အရာမှ ပြီးပြည့်စုံတယ်ဆိုတာမရှိပါဘူး။ ဥပဒေပြင်ဆင်ဖို့ တာဝန်က အကြံပေးကော်မရှင်ရဲ့ တာဝန်မဟုတ်ပါဘူး။ နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်နေတဲ့ အခြေအနေ တွေ ပိုဆိုးမသွားအောင် တာဝန်ပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အကြံပေးခြင်း ကိစ္စကိုသာ ဆောင်ရွက်ပါတယ်။

**မေး ။ ။ ကော်မရှင်အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သွားရောက်ပြီး အဲ့ဒီမှာရှိနေတဲ့ ဒုက္ခသည်တွေ၊ တာဝန်ရှိသူတွေတွေ့ခဲ့တာနဲ့ပတ်သက်ပြီး သိလိုပါတယ်။ နောက်တစ်ခုက ကုလသမဂ္ဂက ဒုက္ခသည်တွေပြောထားတာနဲ့ ပတ်သက်ပြီး ကြေညာချက်ထုတ်ထားတာရှိပါတယ်။ အဲ့ဒါကဘယ်လောက်အထိ မှန်ကန်ပါသလဲ။**

ဖြေ ။ ။ ကော့ဘဇားမှာ ဒုက္ခသည်တွေ၊ ဘင်္ဂလားဒေ့ရှ်က တာဝန်ရှိသူတွေနဲ့ တွေ့ခဲ့ပါတယ်။ လူသားချင်းစာနာမှုအရေးဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းတွေနဲ့လည်းတွေ့ပါတယ်။ အားလုံးနဲ့ စကားပြောပါတယ်။ ဒါပေမယ့် ကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးတာမဟုတ်ဘဲ တွေ့ဆုံတယ်။ တွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီး အစိုးရကိုအကြံပဲပြုတာပါ။

# ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**အလုံ မတ် ၁၆**

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံ မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်တင်မြှောက် ပွဲ အောင်မြင်စွာနှင့် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက အလုံမြို့နယ် ဌာနာ ရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ် ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်အောင်မိုးက ဧပြီ ၁ ရက် မဲများပေးချိန်၌ လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မဲမပေးမီ မဲပြားများကိုလည်း လုံခြုံရေးတာဝန်များပေးထားခြင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဝင်းက ၂၀၁၇ ခုနှစ် ကြားဖြတ် ရွေးကောက်တင်မြှောက်ပွဲ လုပ်ကိုင်စဉ် အသေးစိတ်ကို ရှင်းလင်းခဲ့ပြီး မွန်းလွဲပိုင်းတွင် ညှိနှိုင်းအစည်းအဝေးကို အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**




# မသန်စွမ်းဆန္ဒမဲပေးမည့်သူများအား စနစ်တကျမဲပေးနည်းစနစ်ကို မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မတ် ၂၀ ရက်၌ မုံရွာမြို့ မြို့သစ်ရပ် မဲရုံ၌ပြသပေးမည်

**မုံရွာ မတ် ၁၆**

ဧပြီလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မသန်စွမ်းသူများ၊ အာရုံကြောမသန်စွမ်းသူများနှင့် အမြင်အာရုံမသန်စွမ်းသူများအား မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက မတ် ၂၀ ရက်တွင် မုံရွာမြို့ မြို့သစ်ရပ်က မဲရုံတစ်ရုံမှာ စနစ်တကျမဲပေးနည်းစနစ်များကို လက်တွေ့သင်ကြားပြသသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြင်စောထံမှ သိရသည်။

“အထူးအနေနဲ့မသန်စွမ်းသူများနဲ့ အာရုံကြောမသန်စွမ်းသူတွေ အမြင်အာရုံမသန်စွမ်းသူတွေကို မတ် ၂၀ ရက်မှာ စနစ်တကျမဲပေးနည်းစနစ်တွေကို လက်တွေ့သင်ပေးဖို့ စီစဉ်ထားပါတယ်။ အဲဒီမှာ မျက်မမြင်တွေဖတ်လို့၊ ရေးလို့ရတဲ့ လက်စမ်းစူးဖောက်စာနဲ့ မဲပေးစနစ်ကိုပြသပေးသွားမှာပါ။ တကယ်မဲပေးရင် မဲရုံထဲမှာ ကိုယ့်သဘောတနဲ့ကိုယ် မဲပေးလို့ရအောင် လေ့ကျင့်ပေးတာပါ။ ဒါ့အပြင် မဲရုံတာဝန်ရှိသူတွေအနေနဲ့ စောင့်ရှောက်မှုလုပ်ငန်းတွေကို မဲရုံစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လုပ်တတ်အောင် သင်ကြားပြသပေးသွားမှာဖြစ်ပါတယ်။ အမြင်အာရုံအားနည်းသူတွေနဲ့ အာရုံကြောအားနည်းသူတွေ မဲပေးနိုင်ဖို့အတွက် ကူညီစောင့်ရှောက်မှု အပြည့်ပေးနိုင်ဖို့နဲ့ မဲရုံကို လာရောက်ရာမှာ အဆင်ပြေစေဖို့ အတက်အဆင်းတွေမှာ ပြင်ညီတွေခင်းပေးဖို့လည်း သက်ဆိုင်ရာမဲရုံတွေမှာ ဆောင်ရွက်နေပါတယ်”ဟု ၎င်းက ပြောသည်။

မုံရွာမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စု ၈၅စုတွင် မဲရုံပေါင်း ၁၅၉ ရုံ အနက် မသန်စွမ်းသူများ၊ အာရုံကြောမသန်စွမ်းသူများနှင့် အမြင်အာရုံမသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ မဲရုံ ၁၁၈ ရုံတွင် မဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက မဲရုံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်မှုတွေကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအသီးသီးတွင် ဝှီးချဲယား မသန်စွမ်းသူ ၂၉၇ ဦး၊ အာရုံကြောမသန်စွမ်းသူ ၂၉၁ ဦးနှင့် အမြင်အာရုံမသန်စွမ်း ၆၂၁ ဦး စုစုပေါင်း ၁၂၀၉ ဦး ဆန္ဒမဲပေးရန် စာရင်းပေးထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဝါးထုတ်ကုန်များကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရေး အသိပညာပေးပြပွဲကျင်းပ



**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနှစ်နိုင်ငံ၌ ယဉ်ကျေးမှုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်မှ ဝါးလက်မှုအနုပညာပစ္စည်းကျွမ်းကျင်ပညာရှင်များ၏ ရိုးရာလက်မှုပညာ ဝါးခြင်းအလုပြပွဲကို မတ် ၁၆ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဖွင့်လှစ်ပြသရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အိန္ဒိယသံအမတ်ကြီးနှင့်သံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ ဝါးလက်မှုအနုပညာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့သည်။

"ကျွန်တော်တို့ရှေးဟောင်းယဉ်ကျေးမှုပြတိုက်ဟာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရဲ့ တစ်ခုတည်းသောယဉ်ကျေးမှု ပြတိုက်ဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်က ဖွဲ့စည်းခဲ့တဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ မဏိပူရပြည်နယ်ရဲ့ အိမ်နီးချင်းပြည်နယ်တွေအပြင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအိုနဲ့ တရုတ်နိုင်ငံတို့မှ ရှေးဟောင်းအနုပညာပစ္စည်းတွေ ထိန်းသိမ်းထားပါတယ်။ ဒီနိုင်ငံတွေက လုပ်တဲ့ ကြေးထည်၊ ဝါးထည်၊ ချည်ထည်၊ သတ္တုထည်တွေနဲ့ ပြုလုပ်တဲ့ရှေးဟောင်းပစ္စည်းတွေကို ထိန်းသိမ်းပြသထားပါတယ်။ ကျွန်တော်တို့ ဒီပြပွဲမှာတော့ ဝါးနဲ့ပြုလုပ်တဲ့လူ့အသုံးအဆောင်ပစ္စည်းတွေ ထုတ်ပိုးသယ်ယူပစ္စည်းတွေနဲ့ မီးဖိုချောင်သုံးလက်မှုပညာပစ္စည်းတွေ ပြသထားပါတယ်။ ဒီပြပွဲကနေတစ်ဆင့် နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုတွေကို အပြန်အလှန်ဖလှယ်ပြီး ဝါးနှင့်ပြုလုပ်တဲ့ အနုပညာပစ္စည်းထုတ်ကုန်တွေ ဆက်လက်ထုတ်လုပ်သွားနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု အိန္ဒိယရှေးဟောင်းယဉ်ကျေးမှုဌာန ဝါးအနုပညာကျွမ်းကျင်ပညာရှင် ရှရီမူတာဘဟာဒူးက ပြောသည်။

အဆိုပါ ကျွမ်းကျင်ပညာရှင်ဦးဆောင်သော အဖွဲ့ဝင်သုံးဦးသည် မန္တလေးမြို့၌လည်း မတ် ၁၂ ရက်မှ ၁၄ ရက်အထိ ဝါးထည်ရှေးဟောင်းအနုပညာလက်ရာ ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြောင်း၊ ယခုတစ်ဖန် အမျိုးသားပြတိုက်တွင် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ခင်းကျင်းပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိဘောဂများနှင့် အခြားထုတ်ကုန်များအတွက် သစ်များကိုနှစ်ပေါင်းများစွာ လွန်ကဲစွာ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ သစ်တောဖုံးလွှမ်းဧရိယာများ ကျဆင်းလာကြောင်း၊ သစ်သားလိုအပ်ချက်နေရာတွင် ဝါးဖြင့်အစားထိုးလုပ်ကိုင်သင့်ပြီဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကို ဝါးဖြင့်ပြုလုပ်သော ပစ္စည်းများသည် ပေါ့ပါးပြီးကိုယ်ပိုင်ဟန်ဖြင့် လှပခံ့ညားမှု အပြည့်အဝရှိကြောင်း၊ ဝါးထည်ပစ္စည်းများသည် သစ်သားကဲ့သို့ နှစ်ပေါင်းများစွာ တာရှည်ခိုင်ခံ့မှုရှိကြောင်း၊ ပြည်သူများ စိမ်းလန်းစိုပြည်ရေးကို အလေးထားသည့်အနေဖြင့် ဝါးထုတ်ကုန်များကို ပြောင်းလဲသုံးစွဲ သင့်ပြီဖြစ်ကြောင်း အဆိုပါ အိန္ဒိယဝါးကျွမ်းကျင်ပညာရှင်များက အသိပေးပြောကြား ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မင်္ဂလာဒုံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ဈေးဘူတာသစ်လမ်း ရထားလမ်းဘေးတွင် ယနေ့ မွန်းလွဲ ၂ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးဘူတာသစ်လမ်းအတွင်းရှိ (၁၀ × ၂၀)ပေရှိ သွပ်မိုးထရံကာ ပျဉ်ခင်းနေအိမ်တစ်လုံး၏ အနောက်ဘက်တွင် မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်ရာမှ အနီးရှိထရံအား မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးကူးစက်လောင်ကျွမ်းမှုကြောင့် အနီးရှိ သွပ်မိုးထရံကာ ပျဉ်ခင်းအိမ်လေးလုံး မီးလောင်ကျွမ်းခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိလူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မင်္ဂလာဒုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့၊ ဒုရဲမှူး မြတ်ထွန်းကျော်နှင့်အဖွဲ့ရောက်ရှိကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာမီးလောင်မှုကြောင့် စုစုပေါင်း နေအိမ်လေးလုံးဆုံးရှုံးခဲ့၍ မီးပေါ့ဆစွာအသုံးပြုပြီး တိမ်းရှောင်သွားသူ ကိုအေးကို (၂၅)နှစ်အား ဖမ်းဆီးရမိရေးအတွက် မင်္ဂလာဒုံမြို့မရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ - ထင်ပေါ်ဝင်း(ကမာရွတ်)**



## စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၂၉ စီး၊ သွင်းကုန် ၇၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၂၄၂ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက



သွင်းကုန်ကြေညာလွှာတွင်ကြေညာထားသည်ထက်ပိုမိုသယ်ဆောင်လာသော Cycle Tyre,Tube,Helmet,Exhaust များ

တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၈ ဒသမ ၈၁ သန်းခန့် ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၅ ရက်တွင် မြဝတီမှ ရန်ကုန်မြို့သို့ သွားရောက်မည့် Mitsubishi Fuso ၁၂ ဘီးယာဉ်ကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာသွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Cycle Tyre, Tube, Helmet, Exhaust သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ဘေထုတ် (အဝတ်အထည်ဟောင်း)အိတ် ၆၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၂၂၇ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပိတ်ဆို့နေသော ရေမြောင်းအဟောင်းများ ပြန်လည်တူးဖော်

**ရန်ကုန် မတ် ၁၆**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်းအတွင်း ခတ္တာလမ်း( ရိုးကြီးချောင်း ပတ်လမ်းထောင့်အနီး)ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ အရောင်းဆိုင်တန်းရှေ့ရှိ နှစ်အတန်ကြာ ပိတ်ဆို့နေခဲ့သော ရေမြောင်းအတွင်း ပြန်လည်တူးဖော်ရာတွင် အင်္ဂတေများဖြင့် ပိတ်နေသည်ကို တွေ့မြင်ရသည်။

ရိုးကြီးချောင်းရေထွက်ပေါက်ကပ်လျက်ရှိသော အဆိုပါနေရာရှိ ရေမြောင်းတွင် အင်္ဂတေဖြင့်ပိတ်နေသဖြင့်ရေစီးဆင်းမှုမရှိဖြစ်နေသည်။ အနီးဆုံးနေရာမှ ရေစီးဆင်းရမည့်အစား ကုံကော်လမ်းမဘက်သို့ ပြောင်းပြန်ရေစီးနေ၍ ရေစီးရေလာနည်းပြီး ယင်းလမ်းအတွင်းမိုးရာသီအချိန်မကြာခဏ ရေလျှံမှုကြုံတွေ့ရတတ်သည်။ ပွဲရုံဝင်းအတွင်း နှစ်စဉ်ရေမြောင်းဆယ်ယူနေကြသော်လည်း ရေစီးရေလာ လိုအပ်ချက်ရှိနေသဖြင့် ရေကြီးမှု တွေ့နေရဆဲဖြစ်သည်။ ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်နေသော စီမံချက်၏ အကျိုးသက်ရောက်မှုကြောင့် ရေထွက်ပေါက်များ ရေမြောင်းများ အခိုင်အမာပိတ်ဆို့နေမှုများကို လူအားစက်အား အသုံးပြုတူးဖော်နေသည်ကို မြင်တွေ့ရသည်။

အဆိုပါနေရာများရှိရေမြောင်းများ တူးဖော်ရှင်းလင်းပြီးပါက ယင်းနေရာအနီးရှိ ရေအိုင်သဖွယ်ခြင်များပေါက်ဖွားနေသောရေများလွယ်ကူစွာစီးဆင်းနိုင်လိမ့်မည်ဟု ကိုသိန်းထိုက်က ပြောသည်။ သို့သော် ဆယ်ယူရှင်းလင်းပြီးသော ရေမြောင်းအချို့အတွင်း အမှိုက်များပစ်ချနေမှုများကိုမြင်တွေ့နေရရာ ယင်းသို့သော စည်းကမ်းမဲ့အပြုအမူများကို တာဝန်သိသူတစ်ဦးအနေဖြင့် စောင့်ထိန်းလုပ်ဆောင်သင့်သည်ဟု အဆိုပါ



ပွဲရုံဝင်း ရေမြောင်းများအတွင်း အမှိုက်ပစ်ချထားသည်ကို လူမှုကွန်ရက်မီဒီယာပေါ်မှမြင်တွေ့ရသူများက ပြောလာသည်ဟု သိရသည်။ **ခင်ဆိုင်**

## မှုခင်းကျဆင်းရေး အသိပညာပေးမော်တော်ယာဉ် လှည့်လည်ပြသ

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မှုခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေသည့် ဝန်ဆောင်မှုကို ရှေးရှုကာ ရဲလုပ်ငန်းစဉ်စနစ်ကို သိရှိစေရန်နှင့် ပြစ်မှုကျူးလွန်ခြင်းမခံရစေရန်တို့အတွက် မှုခင်းကျဆင်းရေးအသိပညာပေး ရွေ့လျားပြခန်းများကို ယမန်နှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မှုခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်သည် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးရှေ့၌ ၂၀၁၇ ခုနှစ် မတ် ၁၄ ရက် နံနက် ၉ နာရီတွင် ပြသရာ မူးယစ်ဆေးဝါးအန္တရာယ်၊ မှုခင်းဆိုင်ရာများ၊ လူကုန်ကူးမှု အသိပညာပေးဆိုင်ရာများ၊ ယာဉ်မတော်တဆဖြစ်ရပ်ပညာပေးဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဓာတ်ပုံများ၊ အသိပညာပေးပိုစတာများ ပြသထားရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ စုစုပေါင်း ၃၀၀ ခန့် လာရောက်လေ့လာကြရာ ပြည်သူများ၏ သိရှိလိုသည်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်လွင်ဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းပြောကြားပြီးနောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **အောင်ဇော်ထွေး**

# အမြန်လမ်းမကြီး၌ ယနေ့နံနက်ပိုင်းတွင် ယာဉ်မတော်တဆမှု လေးမှုဖြစ်ပွား

**နေပြည်တော် မတ် ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၁၃/၃ နှင့် ၁၁၃/၅) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းစိုးနိုင်ဦး မောင်းနှင်လာသော TOYOTA ISISANM VAN မော်တော်ယာဉ်မှာ ယနေ့နံနက် ၂ နာရီ ၁၅ မိနစ်က ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကာရံထားသော အလူမီနီယံတန်းကို တိုက်မိတိမ်းမှောက်ပြီး လမ်းယာဘက်ချောက်ထဲသို့ ထိုးကျခဲ့သည်။


ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ခြောက်ဦးစလုံး အန္တရာယ်ကင်းခဲ့သော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။

အလားတူ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က မိုင်တိုင်အမှတ် (၁၁၃/၇ ) အကြား ရန်ကန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ရာဂျူး မောင်းနှင်လာသော HONDA INSIGHT မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် ရေမြောင်းထဲသို့ ရောက်ရှိခဲ့သည်။ ယာဉ်မောင်းမှာ ထိခိုက်မှုမရှိကြောင်း သိရသည်။

ယနေ့နံနက် ၉ နာရီကလည်း မိုင်တိုင်အမှတ် ( ၁၁၃/၇ နှင့် ၁၁၄/၀) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း မျိုးမင်း မောင်းနှင်လာသော MICRO Bus မော်တော်ယာဉ်မှာ အရှိန်မထိန်း နိုင်ဘဲ ရှေ့မှ ယာဉ်မောင်း စိုးလှိုင်ဌေး မောင်းနှင်နေသော PROBOX ယာဉ်အား ဝင်တိုက်ခဲ့ရာ PROBOX ယာဉ်မှာ လမ်းယာဘက် မြေသား လမ်းပေါ် ရောက်ရှိတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် PROBOX ယာဉ်ပေါ်ပါ လေးဦးမှာ ထိခိုက်ဒဏ်ရာမရှိခဲ့သော်လည်း MICRO Bus ပေါ်ပါရှိသူ သုံးဦးဒဏ်ရာ(မစိုးရိမ်ရ) ရရှိသွားခဲ့သည်။ သို့ဖြစ်၍ ဒဏ်ရာရရှိခဲ့သူများအား ဖြူး အမြန်လမ်းရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင် ပေးခဲ့ရသည်။

ထို့အပြင် ယနေ့နံနက် ၉ နာရီ



မိနစ် ၅၀ က အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃၀၂/၅နှင့် ၃၀၂/၆) အကြား နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းနိုင်ဦး မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှ ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် အလူမီနီယံတန်းအား တိုက်မိတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားရှစ်ဦး၊ အမျိုးသမီးကိုးဦး ပေါင်း ၁၇ ဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးကိုးဦး ပေါင်း ၁၁ ဦး ဒဏ်ရာအသီးသီး (မစိုးရိမ်ရ) ရရှိသွားခဲ့သည်။ ဒဏ်ရာရရှိသူများအား သီးကုန်း အမြန်လမ်းရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရ သည်။

သို့ပါ၍ ဖြစ်စဉ်များအား သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**သန်းဦး (လေးမျက်နှာ)**
**ဓာတ်ပုံ (အမြန်လမ်းရဲတပ်ဖွဲ့)**

# နမ့်မချီကျောက်စိမ်းမော်သွားလမ်းမပေါ်၌ ၁၃၂ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**မိုးညှင်း မတ် ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ဒေသ နမ့်မချီမော်သွားလမ်းပေါ်တွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးတရားခံတို့၏ ကွင်းဆက်ပြစ်မှုကျူးလွန်သူထံမှ မူးယစ်ဆေးဝါးတန်ဖိုး ငွေကျပ် ၁၃၂ သိန်းကျော် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မော်ဟန်ရဲကင်းစခန်းမှ ဒုရဲအုပ်အေးမင်း နှင့်တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီခန့်က မော်ဟန်ကျေးရွာနှင့် နမ့်မချီမော်သွား လမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် နမ့်မချီမော်ဘက်မှ မော်ဟန်ရွာဘက်သို့ နေဆန်းဦးမောင်းနှင်ပြီး ဒေါ်နီနီဝင်းလိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဒေါ်နီနီဝင်းထံမှ ၁၀ ဂရမ်ခန့်ပါ ဘိန်းဖြူမှုန့်အား တွေ့ရှိရသဖြင့် ဒေါ်နီနီဝင်း (၄၂နှစ်)နှင့် နေဆန်းဦး (၂၃နှစ်) ပေကုန်းကျေးရွာ မန်ဟဲကျေးရွာအုပ်စု စစ်ကိုင်းတိုင်းဒေသကြီး နေထိုင်သူတို့အား မိုးညှင်းမြို့မရဲစခန်းက စစ်ဆေးခဲ့သည်။

၎င်းတို့၏ထွက်ဆိုချက်အရ အဆိုပါပစ္စည်းများအား နမ့်မချီအထက်မော်သစ်နေ ဦးကျိန်ကွယ်လျန်(ခ) ဦးလောကျိန်(၄၅နှစ်) ဆိုသူထံမှ ဝယ်ယူလာခဲ့ကြောင်း သိရ၍ တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နမ့်မချီအထက်မော်သစ်နေ ဦးကျိန်ကွယ်လျန်(ခ) ဦးလောကျိန်၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ၂၀ နှင့် ၁၀၀ စီပါ လေးထုပ် (စုစုပေါင်း ဆေးပြား ၄၄၀၀ ) ကာလတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀၀ အပြင် ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်ပါ တစ်ဘူးတို့အား ရှာဖွေတွေ့ရှိခဲ့ပြီး မူးယစ်ဆေးဝါး ရောင်းချရငွေဟုယူဆရသော ငွေကျပ် ၇၃၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့ကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(၀၆၇)



# ဒဂုံမြို့သစ်တောင်ပိုင်း ၇၀ ရပ်ကွက် မီးလောင်မှုဖြစ်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၇၀)ရပ်ကွက် အောင်ချမ်းသာလမ်းတွင် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကို မီးငြိမ်းသတ်ယာဉ် ၂၂ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ် ၁၁ စီးတို့ဖြင့် သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူများ ပူးပေါင်းငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၁၁ လုံး မီးလောင် ဆုံးရှုံးခဲ့ပြီး (Level-2) အဆင့်ဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။

မီးလောင်မှုကြောင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး အနည်းငယ်ဒဏ်ရာ ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ်ပိုင်ရှင် ဦးအောင်နိုင်ဦးအား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့မရဲစခန်းက မီးပေါ့ဆမှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - ကိုကြီးစိုး (ဆိပ်ကမ်း)၊ဓာတ်ပုံ- မင်းမင်း**

# တပ်ကုန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တပ်ကုန်း မတ် ၁၆**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးနှင့် စခန်းမှူး ဒုရဲမှူးဇော်မျိုးဝင်းတို့၏ ကြီးကြပ်မှုဖြင့် နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဖြိုး နှင့်အဖွဲ့သည် မတ် ၁၆ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က မူးယစ်ဆေးဝါး သတင်းအရ ဗိုလ်မင်းရောင်ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း DG စက်သုံးဆီ အရောင်းဆိုင်ရှေ့တွင် စောင့်ဆိုင်းနေစဉ် ရမည်းသင်းဘက်မှ တပ်ကုန်းဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့စစ်ဆေးရှာဖွေရာ ဆိုင်ကယ်စီးနင်းလာသူမှာ မိုးဝင်းထွန်း(၂၈ နှစ်) တောင်ကြီးကျေးရွာ လွှစင်ကျေးရွာအုပ်စု ရမည်းသင်းမြို့နယ်နေသူဖြစ်ပြီး ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၆၀၁ ပြား (အလေးချိန် ၆၀ ဒသမ ၁ ဂရမ်ခန့်) တန်ဖိုးငွေကျပ် ၁၈ သိန်းခန့် တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ မိုးဝင်းထွန်းအား တပ်ကုန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မေသုခ**

# ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


## မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အသင်းသားစုံညီ အထွေထွေညီလာခံဖိတ်ကြားခြင်း

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အသင်းသားစုံညီ အထွေထွေညီလာခံအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

| ကျင်းပမည့်နေ့ရက် | ကျင်းပမည့်အချိန် | ကျင်းပမည့်အကြောင်းအရာ | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၂-၄-၂၀၁၇ရက် (စနေနေ့) | နံနက် ၉း၀၀နာရီ | နှစ်ပတ်လည်အသင်းသားစုံညီ အထွေထွေညီလာခံ | အစည်းအဝေးခန်းမကြီး ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) သစ္စာလမ်း၊ ကံဘဲ့၊ ရန်ကင်းမြို့နယ် |

မှတ်ချက် - မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနှစ်ပတ်လည် အသင်းသားစုံညီအထွေထွေညီလာခံတွင် ကော်မတီဝင်အသစ် ရွေးချယ်တင်မြှောက်ခြင်း၊ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကော်မတီဝင်အဖြစ် အရွေးချယ်ခံလိုသူများသည် MNCOLD ရုံးသို့ ၂၇-၃-၂၀၁၇ရက်ထက် နောက်မကျဘဲ အဆိုပြုလွှာများကို လူကိုယ်တိုင်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပေးပို့ကြပါရန်ဖြစ်ပါသည်။ အသင်းဝင်များအနေဖြင့် ကော်မတီဝင်အသစ်များ၊ ရွေးချယ်ရာတွင် ဆန္ဒမဲ ပေးရမည်ဖြစ်၍လည်းကောင်း၊ ရွေးချယ်ခံရမည်ဖြစ်၍လည်းကောင်း မပျက်မကွက် တက်ရောက်ကြပါရန်။

၁-၄-၂၀၁၇ ရက်မှ ၃၁-၃-၂၀၁၈ရက်အထိ ပေးသွင်းရမည့် နှစ်စဉ်ကြေး ၂၀၀၀ဝိ/-(ကျပ်နှစ်သောင်း)ပေးသွင်းကြပါရန်နှင့် အသင်းသားများအနေဖြင့် ဖိတ်စာသီးခြားမရရှိပါကလည်း ဤဖိတ်ကြားချက်ဖြင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံသို့တက်ရောက်ပေးကြပါရန်။

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို‌ဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၆၄**

မထက်ထက်ဝိုင်း **နှင့်** မောင်တင်အောင်ကျော်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ အမှတ် ၁၄၂၊ ဒုတိယထပ်နေ မောင်တင်အောင်ကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မထက်ထက်ဝိုင်းက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၃၀ ရက် (၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဌေးဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အထူးတောင်းပန်ခြင်း

၂၀၁၇ ခုနှစ် မတ် ၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁ တွင် ဖော်ပြပါရှိသော သတင်းမှာ ဒေသခံတချို့မှားယွင်းသတင်းပေးမှုအရ မှားယွင်းစွာရေးသားမိပါသည်။ ကူးတို့လိုင်စင်ရ ဒေါ်အေးသိန်းမှ ကန့်ကွက်မှုမရှိ ခွင့်ပြုခဲ့ပြီးဖြစ်၍ မုန်းချောင်းယာယီတံတား အမြန်တည်ဆောက်ပြီးဖြစ်ပါ၍ ဒေါ်အေးသိန်းအား တောင်းပန်အပ်ပါသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9374, Mazda Bongo SKF2L,P/U ယာဉ်လက်ဝယ်ရှိသူ ဦးပြည်စိုး ၁၂/မဂတ(နိုင်)၀၈၂၀၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဝန်ထမ်းအလိုရှိသည်

MOE THAUK PAN ACADEMIC CENTRE တွင် English ဘာသာရပ် သင်ကြားပြသပေးရန် ဆရာ/ဆရာမများ လာရောက်လျှောက်ထားနိုင်ပါသည်။

- Starters, Movers, Flyers နှင့် ပတ်သက်၍ သင်ကြားပြသနိုင်သူအား ဦးစားပေးခန့်ထားပါမည်။
- မူကြို၊မူလတန်း၊အလယ်တန်း၊အထက်တန်းသင်ကြားရန် (Green Card) ရရှိပြီးသော ဆရာ/ဆရာမများ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

Junction ၈ဝနှင့် သုမင်္ဂလာအိမ်ရာအနီး၊ သုမင်္ဂလာလမ်းမကြီးပေါ် ဆက်သွယ်ရေးရုံးရှေ့။
TEL : 01-571545, 09-43122883, 09-5126882

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8760 Toyota Wish ZNE10 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၁၃/တကန(နိုင်)၀၆၇၉၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်




ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းသက်နိုင် ၁၃/နခန(နိုင်)၀၀၃၃၂၇မှ အထက်ပါ ကုန်အမှတ်တံဆိပ်များဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး တို့ကို မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းကာ အသုံးပြုမည်ဖြစ်၍ ၎င်းကုန်အမှတ်တံဆိပ်များအား တရားဝင်မှတ်ပုံတင်သွင်းလျက် လက်ရှိအသုံးပြုနေသူများအနေဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါကုန်အမှတ်တံဆိပ်များအား ဥပဒေနှင့်အညီ အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၆၇၀၂**

**ရုံးခန်း(၁) - အမှတ် ၅၆၁၊ MAC Tower၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးခန်း(၂) - ယူနိုက်တက်ကွန်ဒို၊ အခန်း ၂၀၇၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁)ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F-3155၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**

**ခုနှစ်၊ ရက်**

**( ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၇ - ၂၀၁၈ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ဃ)ပါ "အထူးကုန်စည်ကို" ဆိုသည့် စကားရပ်အစား "ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်း မဟုတ်သည့် အထူးကုန်စည်ကို" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကုန်စည်များထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ ပါဝင်သည့်အပြင်" ဆိုသည့် စကားရပ်အစား "ကုန်စည်များထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်း၊ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းလုပ်ငန်းများပါဝင်သည့်အပြင်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၃)ပါ "လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း" ဆိုသည့် စကားရပ်အစား "လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဆ)ပါ "ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ" ဆိုသည့် စကားရပ်အစား "ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကုန်စည်လဲလှယ်ခြင်းစနစ်ဖြင့် ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဇ)ပါ "ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည် " ဆိုသည့် စကားရပ်အစား "တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူက လွှဲအပ်သည့် အထူးကုန်စည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ည) ပါ "ပြည်ပမှတင်သွင်းသော" ဆိုသည့် စကားရပ်အစား "ပြည်တွင်းသို့တင်သွင်းသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ(ဋ)ပါ "အခွန်မပါသော" ဆိုသည့် စကားရပ်အစား "အခွန်အပါအဝင်ဖြစ်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ(ဍ)ပါ "သတ်မှတ်ချက်နှင့်အညီ" ဆိုသည့် စကားရပ်အစား "ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းနှင့်အညီ " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မခွဲ (ဎ)ပါ "မိမိ၏ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက်" ဆိုသည့် စကားရပ်အစား "အထူးကုန်စည်ထုတ်လုပ်သူ၊ ထုတ်လုပ်ရောင်းချသူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူက ပေးဆောင်ရမည့် အထူးကုန်စည်ခွန်နှင့် စပ်လျဉ်း၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) ပုဒ်မခွဲ (ထ) တွင် "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်အစား "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မခွဲ (န) ၏ နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ)၊ (မ)၊ (ယ)၊ (ရ)၊ (လ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ပ) **တင်ပို့သူ** ဆိုသည်မှာ အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့သူကို ဆိုသည်၊

(ဖ) **ကျောက်မျက်ရတနာ** ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကျောက်မျက်ရတနာများကို ဆိုသည်၊

(ဗ) **ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူ** ဆိုသည်မှာ ပြည်တွင်း၌ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်သည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဆိုသည်။

(ဘ) **အခွန်အမှတ်တံဆိပ်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၄ အရ ကပ်နှိပ်ထားသော သို့မဟုတ် အထူးကုန်စည်အတွက် အသုံးပြုသော စာမှတ်စာတမ်း သို့မဟုတ် အခြားသောအထောက်အထားတစ်ခုခုကို ဆိုသည်၊

(မ) **လုပ်ငန်းဥပစာ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ အဝန်းအဝိုင်းကို ဆိုသည်၊

(ယ) **ဤဥပဒေ၏ နောက်ဆက်တွဲဇယား** ဆိုသည်မှာပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အထူးကုန်စည်ခွန် အခန်းပါ အထူးကုန်စည်ဇယားကို ဆိုသည်။

(ရ) **ပုံစံများ** ဆိုသည်မှာ ဤဥပဒေပါ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ သတ်မှတ်သည့်ပုံစံများကို ဆိုသည်။

(လ) **တန်ဖိုးအဆင့်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပြဋ္ဌာန်းသည့် အထူးကုန်စည်များ၏ စျေးနှုန်းတန်ဖိုးအဆင့်ကို ဆိုသည်။"

၄။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)ပါ "အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည်" ဆိုသည့် စကားရပ်အစား "အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ကျောက်မျက်ရတနာနှင့် စပ်လျဉ်းသည့်ကိစ္စတွင် ပုဒ်မခွဲ (က)အရ ဆောင်ရွက်မှုများအပြင် ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်း အပေါ် အခွန်ကျသင့်စေရမည်။"

၆။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)နှင့် (င)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ကျောက်မျက်ရတနာကို ဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းချသူက ပေးဆောင်ရမည်။

(င) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်း ဖြစ်ပါက လက်ဝယ်ထားရှိသူက ပေးဆောင်ရမည်။"

၇။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ၆ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်-

(၁) အခွန်ကျသင့်စေမည့် အထူးကုန်စည်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

(၂) အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) (၁) အထူးကုန်စည် ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူသည် ယင်းထုတ်လုပ်သော သို့မဟုတ် တင်သွင်းသော အထူးကုန်စည်များကို တန်ဖိုးအဆင့် သတ်မှတ်နိုင်ရန်အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးထံမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(၂) လျှောက်လွှာပုံစံနှင့်တင်သွင်းရမည့်နည်းလမ်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နိုင်သည်။

(၃) ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် အထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးအဆင့် သတ်မှတ်ပေးရမည်။

(၄) တန်ဖိုးအဆင့် သတ်မှတ်ပေးထားခြင်းမရှိသည့် အထူးကုန်စည်များကို ညွှန်ကြားရေးမှူးချုပ်က အခြားဆီလျော်သော တန်ဖိုးအဆင့်သတ်မှတ်ပေးခြင်းမရှိပါက အမြင့်ဆုံးတန်ဖိုးအဆင့်သို့ သတ်မှတ်နိုင်သည်။"

၈။ အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၇ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြုသတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များအတွက် -

(ကက) ဝန်ကြီးဌာနကထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့၊

(ခခ) ကျန်အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

**ရှင်းလင်းချက်။** ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ဆိုရာတွင် အောက်ပါတို့ကိုဆိုသည်-

(က) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသည့် အထူးကုန်စည်များ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ လက်ဝယ်ရှိ အထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ တင်သွင်းထားခြင်း မဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်တင်သွင်းသူထံမှ ဝယ်ယူထားခြင်း မဟုတ်သည့် အထူးကုန်စည်များ၊ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း မဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်ထုတ်လုပ်သူ၊ ထုတ်ယူသူထံမှ ဝယ်ယူခြင်းအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် အထူးကုန်စည်များ။

(၄) ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းချသည့်နေ့၊

(၅) ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)များပါ ပြဋ္ဌာန်းချက်များအပြင် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အခြားသင့်လျော်သည့် နည်းလမ်းများ။

(ခ) ကျသင့်အထူးကုန်စည်ခွန်ကို တွက်ချက်ရာတွင် ဆောင်ရွက်မှုအလိုက် အောက်ပါတန်ဖိုးများအပေါ် အခြေပြုတွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုး၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များအတွက်-

(ကက) ဝန်ကြီးဌာနကထုတ်လုပ်မှုအပေါ်အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက အတည်ပြုသတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊

(ခခ) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူက တင်ပြသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးကသတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ် အနက်များရာ တန်ဖိုး၊

(၃) ပြည်ပသို့ တင်ပို့သည့်အထူးကုန်စည်ဖြစ်ပါက ပြည်ပသို့ သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ် အရောက်တန်ဖိုး၊

(၄) ဤဥပဒေအရ ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက စိစစ်တွေ့ရှိသည့်အချိန်၌ ရောင်းချနေသည့်တန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေး၊

(၅) ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်ရရှိသည့်တန်ဖိုး၊

(၆) ကျောက်မျက်ရတနာကို ဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းရငွေ။"

၉။ အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်-

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကိုရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်၊

(၂) ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် -

(ကက) ဝန်ကြီးဌာနကထုတ်လုပ်မှုအပေါ်အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်၊

(ခခ) ကျန်အထူးကုန်စည်များဖြစ်ပါက ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်၊

(၃) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါကအထူးကုန်စည်ကိုတင်ပို့သည့်လ၏ လကုန်ဆုံးပြီး၁၀ရက်အတွင်း ပေးဆောင်ရမည်၊

(၄) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကုန်စည်ပိုင်ရှင်က ပေးဆောင်ရမည်၊

(၅) ကျောက်မျက်ရတနာကို ဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။"


*ဆက်လက်ဖော်ပြပါမည်*

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၆၀)

# မြန်မာနိုင်ငံ ဥပဒေများ အညွှန်း



ဦးဟန်ညွန့်(ဥပဒေ)




**မည်သည့်နေရာတွင် ရှာရမည်**

ဥပဒေပညာရှင်တို့သည် မိမိသိလိုသည့် ဥပဒေအား မည်သည့်နေရာတွင် ရှာရမည်ကို ဦးစွာသိထားရန် လိုသည်။ မြန်မာနိုင်ငံ၏ ဥပဒေများကို သိရှိလေ့လာလိုသူများအတွက် ဤစာအုပ်တွင် ရှာဖွေတွေ့ရှိနိုင်ကြသည်။ ဤစာအုပ်ဆိုသည်မှာ ဦးကျော်စိန် ပြုစုသည့် **"မြန်မာနိုင်ငံ ဥပဒေများ အညွှန်း"** စာအုပ်ဖြစ်ပေသည်။

**အနှစ်ချုပ်**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ ဥပဒေများ အညွှန်း (Complete Index of Myanmar Laws up to December 2016) ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ တည်ဆဲဥပဒေများနှင့် ပြင်ဆင်ချက်များ အညွှန်းကို ဖော်ပြပေးသည်။ ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများက စီမံခန့်ခွဲသော ဥပဒေများ မြန်မာနိုင်ငံ ဥပဒေများအညွှန်း မာတိကာများကို ပေါင်းစုဖော်ပြထားသည့် အနှစ်ချုပ်စာအုပ်ဖြစ်သည်။

**အပိုင်း(၅)ပိုင်း**

ဤစာအုပ်တွင် အောက်ပါအတိုင်း အပိုင်း(၅)ပိုင်းခွဲ၍ ဖော်ပြထားသည်-

**အပိုင်း-၁။** ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ တည်ဆဲမှုရင်းနှင့် ပြင်ဆင်ချက် ဥပဒေများ။

**အပိုင်း-၂။** မြန်မာနိုင်ငံ တည်ဆဲဥပဒေများ၏ ပြင်ဆင်ချက်များ အညွှန်း။

**အပိုင်း-၃။** ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ တည်ဆဲမှုရင်း၊ ပြင်ဆင်ချက်ဥပဒေများနှင့် ရှင်းလင်းချက်။

**အပိုင်း-၄။** ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက စီမံခန့်ခွဲလျက်ရှိသော ဥပဒေများ။

**အပိုင်း-၅။** မြန်မာနိုင်ငံ ဥပဒေများ အက္ခရာစဉ်အညွှန်း။

အပိုင်း(၁)တွင် လွတ်လပ်ရေးမရမီကာလမှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ပြဋ္ဌာန်းဥပဒေများအနက် တည်ဆဲဥပဒေများစာရင်း (တည်ဆဲဥပဒေများနှင့် တည်ဆဲပြင်ဆင်သည့် ဥပဒေများ)နှင့် ရုပ်သိမ်းပြီးသည့် ဥပဒေများ၏ စာရင်းတို့ကို ခွဲခြားဖော်ပြထားသည်။ ရုပ်သိမ်းပြီးသည့် ဥပဒေများ၏ စာရင်းကို ဥပဒေ တစ်ခုချင်းအလိုက် ရုပ်သိမ်းပြီးပါက မည်သည့် ဥပဒေဖြင့် မည်သည့်နေ့ရက်က ရုပ်သိမ်းကြောင်း အမိန့်ကြော်ငြာစာဖြင့် အာဏာတည်ခြင်းမှ ရပ်စဲပြီးဖြစ်ပါက မည်သည့်အမိန့်ကြော်ငြာစာဖြင့် မည်သည့်နေ့ရက်က ရပ်စဲကြောင်း အပြင် အာဏာတည်ခြင်းမှ သက်တမ်းကုန်ဆုံးသွားသော ဥပဒေများကိုလည်း မည်သို့ သက်တမ်းကုန်ဆုံးသွားကြောင်း စသည်ဖြင့် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည်။ နိုင်ငံခြားသားများအတွက်ပါ အသုံးဝင်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို ရည်ညွှန်းကိုးကားရာတွင် မိမိရည်ညွှန်းကိုးကားမည့် ဥပဒေသည် တည်ဆဲဟုတ်/မဟုတ်၊ ရုပ်သိမ်းပြီး/မပြီးကို အပိုင်း(၁)တွင် ဦးစွာရှာဖွေပြီး တည်ဆဲဖြစ်ကြောင်း တွေ့ရှိပါက မိမိကိုးကားမည့် ပုဒ်မသည် ပယ်ဖျက်ပြီး/မပြီး၊ ပြင်ဆင် အစားထိုး ဖြည့်စွက်ထား/မထားတို့ကို အပိုင်း(၂)တွင် ရှာဖွေပြီး နောက်ဆုံးတည်ဆဲပြဋ္ဌာန်းချက်ဖြစ်မှသာ မိမိရည်ညွှန်းကိုးကားချက် မှန်ကန်မည်ဖြစ်သည်ကိုလည်း ညွှန်းဆိုထားသည်။

မြန်မာနိုင်ငံ ဥပဒေအတွဲ(၁)မှ (၁၃)အထိ ဥပဒေများကို စကားရပ်များ အစားထိုးပြောင်း လဲခဲ့ပြီးနောက် ၁၉၅၅ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ နှင့် အမိန့်များနှင့်အညီ အစားထိုးရေးသားဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

**စာအုပ်ပြုစုသူ**

ဤစာအုပ်ပြုစုသူ ဦးကျော်စိန်သည် ဥပဒေများကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာဆည်းပူးထားကြောင်း သက်သေခံနေပါသည်။ ဥပဒေအရာရှိ လုပ်သက်တစ်လျှောက်လုံး ဥပဒေလက်တွေ့ နယ်ပယ်တွင် ကြုံတွေ့ခဲ့ရပုံများ၊ မြန်မာနိုင်ငံဥပဒေ အတွဲ(၁၃)တွဲထဲမှ ဥပဒေ တစ်ခုခုနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေး တော့မည်ဆိုလျှင် ထိုဥပဒေသည် ရုပ်သိမ်းပြီး မပြီး၊ အာဏာတည်ခြင်းမှ ရပ်စဲပြီး မပြီး ဦးစွာသိအောင် ကြိုးပမ်းခဲ့ရပုံ၊ ပြန်တမ်းများ ရှာဖွေလေ့လာရပုံ၊ အပြန်ပြန်အလှန်လှန် ရှာဖွေရသည့် ကိစ္စရပ်များ ကြိမ်ဖန်များစွာ နှစ်နှင့်ချီ၍ ဥပဒေလေ့လာ ဆည်းပူးခဲ့ရပုံများကို ပြုစုသူ၏ အမှာစာတွင် ဖတ်ရသည်။

**ဥပဒေစာရင်းနှင့် ပြင်ဆင်ချက်များ**

ဥပဒေစာရင်းနှင့် ပြင်ဆင်ချက်များ ကို ဥပဒေအရာရှိ ဒေါ်ခင်ထွေးမြင့်နှင့် ဒေါ်ယဉ်ယဉ်အေးတို့၏ အကူအညီဖြင့် ပြုစုခဲ့ပုံ၊ ဥပဒေများ၊ လက်စွဲများ၊ ဂေဇက်တီးယားများ ပြည့်ပြည့်စုံစုံ စုဆောင်းထားသည်ဟု သတင်းကြီးသည့် ဥပဒေအရာရှိ ဦးသန်းမောင်၏ အဘိုး၊ စစ်တွေ မြို့နေ ဦးမောင်သာဇံ (တရားလွှတ်တော် ရှေ့နေ၊ စက်ရှင်တရားသူကြီး၊ ငြိမ်း)ထံ စစ်တွေမြို့ အထိ သွားရောက်၍ လေ့လာဆည်းပူး ပညာယူခဲ့ရပုံများကိုပါ အမှာစာတွင် ဖတ်ရ၍ ပြုစုသူ ဦးကျော်စိန်၏ စေတနာကို ပို၍သိနားလည်ရပါသည်။ ဥပဒေစာရင်းနှင့် ပြင်ဆင်ချက်များ၏ အရေးပါပုံ ကိုပါ တစ်ဆက်တည်း သတိ ပြုမိပါသည်။

**ရပ်စဲသည့်ဥပဒေကိုးကားမိ**

ဥပဒေတစ်ရပ်သည် တည်ဆဲလား။ ရပ်စဲပြီးပြီးလား။ သေသေချာချာ သိသင့်သည်။ အာဏာတည်ခြင်းမှ ရပ်စဲသွားသော ဥပဒေများ ရှိတတ်သည်။ ရပ်စဲသည်ကို မသိ၊ မလေ့လာမိသော ဥပဒေအရာရှိ တစ်ဦးသည် ရပ်စဲသော ဥပဒေပုဒ်မဖြင့်

> **ရုပ်သိမ်းပြီးသည့် ဥပဒေများ၏ စာရင်းကို ဥပဒေ တစ်ခုချင်းအလိုက် ရုပ်သိမ်းပြီးပါက မည်သည့် ဥပဒေဖြင့် မည်သည့်နေ့ရက်က ရုပ်သိမ်းကြောင်း အမိန့် ကြော်ငြာစာဖြင့် အာဏာတည်ခြင်းမှ ရပ်စဲပြီးဖြစ်ပါက မည်သည့်အမိန့်ကြော်ငြာစာဖြင့် မည့်သည့် နေ့ရက်က ရပ်စဲကြောင်းအပြင် အာဏာတည်ခြင်းမှ သက်တမ်းကုန်ဆုံးသွားသော ဥပဒေများကိုလည်း မည်သို့သက်တမ်းကုန်ဆုံးသွားကြောင်း စသည်ဖြင့် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထား**

အပြစ်ပေးရန် လျှောက်ထားခဲ့ဖူးကြောင်း ဦးကျော်စိန်က သတိသံဝေဂရမိပုံ ရေးထားသည်။ ဥပဒေ အရာရှိမှ မဟုတ်၊ တရားသူကြီး (အချို့)၊ အတွေ့အကြုံ ကြွယ်ဝသော ရှေ့နေကြီး(အချို့) ပင် ထိုအမှားမျိုး ကျူးလွန်တတ်ကြသည်။ သတိလက်လွတ်ဖြစ်တတ်ကြပါသည်။ အပြစ်တင်ခြင်း မဟုတ်ပါ။ ဖြစ်တတ်သည့် သဘာဝပါ။ ဆင်ခြင်စရာပါ။

**နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာ**

နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု သတ်မှတ်သည့်နေ့ မတိုင်မီ အာဏာတည်စေရမည် ပြဋ္ဌာန်းထားခြင်း၊ အမိန့်ကြော်ငြာစာမထုတ်ပြန်ဘဲ ဥပဒေအသစ်ပြဋ္ဌာန်း၍ ရုပ်သိမ်းခဲ့သည့် သာဓကများလည်းရှိခြင်းစသည်များကို ဦးကျော်စိန်က နမူနာများဖြင့် တင်ပြထားပါသည်။ အာဏာတည်သည့်နေ့၊ အာဏာတည်သည့် ဥပဒေစသည်များကိုလည်း သတိပြုစရာ အကိုးအကားများစုံလင်စွာ ရည်ညွှန်းထားပါသည်။ လေ့လာ၊ ဖတ်ရှု၊ သတိပြုထိုက်ပါသည်။

**ဥပဒေကျမ်း(၁၃)အုပ်**

ရှေ့နေများ လုပ်ငန်းခွင်လက်စွဲ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအသုံးချ ဋီကာ၊ တရားမလက်တွေ့၊ ရာဇသတ်ကြီး ဋီကာစာအုပ်များစသည်ဖြင့် ဥပဒေကျမ်း စာအုပ်(၁၃)အုပ် ပြုစုပြီးသော ဥပဒေအတွေ့အကြုံရှိသူ၊ နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ တစ်ဦး ဖြစ်သူ ဦးကျော်စိန်၏ ဥပဒေရေးရာ စွမ်းဆောင်မှုကို ဥပဒေလောကသားများ ကြိုဆိုကြမည်ဟု မျှော်လင့်သည်။ ၎င်း၏ စာအုပ်များက သက်သေခံပါလိမ့်မည်။

**ပြင်ဆင်ဖြည့်စွက်**

ဥပဒေတစ်ရပ်သည် အာဏာတည် ခြင်းရှိ/မရှိ၊ ပြဋ္ဌာန်းဥပဒေများ၊ ဂေဇက်တီးယားများ၊ မြန်မာနိုင်ငံပြန်တမ်းများကို လေ့လာပြီးနောက် ပြင်ဆင်သည့် ဥပဒေ ဖြင့်ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုး၊ ပယ်ဖျက်ထား၊ မထားကိုပါ အခါမလပ် လေ့လာမှတ်သားရန် လိုအပ်လှပါသည်။ ဥပဒေစာအုပ်များတွင် အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ထားခြင်းရှိ/ မရှိမှာလည်း တစ်ဆက်တည်း သတိချပ်ဖို့ လိုအပ်လာပြန်ပါသည်။ အဆိုပါ လိုအပ်ချက် ကွက်လပ်အတွက် ဦးကျော်စိန် ပြုစု သော မြန်မာနိုင်ငံဥပဒေများ အညွှန်းစာအုပ်က အထောက်အကူပြုမည်ဟု မျှော်လင့်သည်။

**မျိုးဆက်သစ်လူငယ်များ**

မျိုးဆက်သစ် လူငယ်ရှေ့နေများ သည် ဥပဒေလောကနယ်ပယ်တွင် လေ့လာမှုအင်အား ပြည့်ဝကြပါစေ။ "ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းသည်"ဆိုသော ဥပဒေဆောင်ပုဒ်နှင့် အညီ ဥပဒေကျမ်း အဖုံဖုံ၊ ဉာဏ်ရည်ဉာဏ်သွေးအစုံစုံတို့ဖြင့် ဘက်စုံထူးချွန်ကြစေချင်ပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ စသည်တို့တွင် အာဏာတည်ခြင်း အာဏာတည်ခြင်းမှ ရပ်စဲစေခြင်း၊ ပြင်ဆင်ခြင်းစသည်ဖြင့် ဥပဒေပြဋ္ဌာန်းခြင်း အနှစ်သာရများကို ကြွယ်ကြွယ်ဝဝရှာဖွေ၊ ပြည့်ပြည့်စုံစုံ လေ့လာဆည်းပူးနိုင်ကြပါစေ။ လိုအပ်ချက်၊ ချို့ယွင်းချက် အားနည်းချက်များကိုလည်း ဝေဖန်ထောက်ပြနိုင်ကြပါစေ။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအား မည်သည့်နေရာတွင် ရှာဖွေရမည်ကိုလည်း သွက်သွက် လက်လက် ချက်ချက်ချာချာ သိရှိကျွမ်းကျင်ကြစေချင် လှပါသည်။

**စေတနာ**

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ် ၃၃၃ (ထက်စာပေ)မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေဖြန့်ချိသော **ဦးကျော်စိန်** ၏ **မြန်မာနိုင်ငံဥပဒေများ အညွှန်း** စာအုပ်ကို ဖတ်ရှုမိရာမှ ဥပဒေစာအုပ်ကောင်း ရည်ညွှန်း သုံးစွဲလိုသူများအား စေတနာ မျှဝေပေးသော ကျွန်တော်၏ ဥပဒေအတွေးမျှသာပါ....။ ။

## မန္တလေးမြို့ဝင် ဂိတ်လေးဂိတ်မှ လမ်းအသုံးပြုခွင့်အား လေလံစနစ်ဖြင့် ချထားမည်

**မန္တလေး မတ် ၁၆**

မန္တလေးမြို့ဝင်ဂိတ်များတွင် မြို့တော်စည်ပင်သာယာ အခွန်ဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မြို့ဝင်ဂိတ် လေးဂိတ်တွင် လမ်းအသုံးပြုခွင့်အား ပွင့်လင်းမြင်သာစွာ လေလံစနစ်ဖြင့်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက ကြမ်းခင်းဈေး အပေါ်လက်ရှိတိုးတက်လာသည့် ယာဉ်အစီးရေအရ လာမည့်ဘဏ္ဍာနှစ်တွင် အခွန်ငွေတိုးလာစေရန်နှင့် စိတ်ဝင်စားသူအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် ၁၀ ရာခိုင်နှုန်းတိုး၍ ယခုကဲ့သို့လေလံစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ လေလံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်ကပြောသည်။

"အရပ်သားအစိုးရဖြစ်တဲ့ ကျွန်တော်တို့ အစိုးရလုပ်ဆောင်ချက်တွေကို ပြည်သူတွေ စိတ်ဝင်စားမှုမြင့်တက်နေတဲ့အတွက် ခုလိုပွင့်လင်းမြင်သာစွာနဲ့ လုပ်ဆောင်နေပါတယ်။ ဒါကြောင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပံ့ပိုးကူညီ လုပ်ဆောင်ကြမှသာ ဝင်ငွေပိုမိုရရှိလာမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။ ထို့အပြင် ယခင်နှစ်များက စပေါ်ငွေကိုသတ်မှတ်ကြမ်းခင်းဈေး၏ ၅၀ ရာခိုင်နှုန်း ပေးသွင်းရသော်လည်း ယခုဘဏ္ဍာနှစ်တွင် ၂၅ ရာခိုင်နှုန်းသာ ပေးသွင်းရမည်ဖြစ်ရာ လုပ်ငန်းရှင်အားလုံး နီးပါး လေလံယှဉ်ပြိုင်နိုင်ခွင့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ သတ်မှတ်ကြမ်းခင်းဈေးမှာ လေးဂိတ်အတွက် ငွေကျပ်သိန်းပေါင်း ၁၄၀၀၀၀ ခန့်ဖြစ်၍ တင်ဒါလျှောက်လွှာခေါ်ယူနေပြီဖြစ်ပြီး ၂၀ ရက်တွင်လေလံပစ်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ဝင် ဂိတ်လေးခုမှာ ရွှေကျင်ဂိတ်၊ ရွှေကြက်ယက်ဂိတ်၊ ထုံးဘိုဂိတ်၊ အောင်ပင်လယ်ဂိတ်တို့ဖြစ်ပြီး လမ်းအသုံးပြုခအဖြစ် ယာဉ်+ကုန်အလေးချိန်တန် ၂၀ ထိတင်ဆောင်လာသော ယာဉ်များအတွက် တစ်တန်လျှင် ငွေကျပ် ၁၅၀၊ ယာဉ်+ကုန်အလေးချိန်တန် ၂၀ အထက် တင်ဆောင်လာသောယာဉ်များအတွက် တစ်တန်လျှင် ငွေကျပ် ၃၀၀ ဖြစ်ကြောင်း သိရသည်။

ဘီးခွန်ကောက်ခံရမည့်ဈေးနှုန်းမှာ ဆိုင်ကယ်ငွေကျပ် ၅၀၊ ထော်လာဂျီ ငွေကျပ် ၁၀၀၊ နှစ်တန်အောက်ယာဉ် ငယ်ငွေကျပ် ၂၀၀၊ နှစ်တန်နှင့် သုံးတန် ကြားယာဉ်လတ် ငွေကျပ် ၃၀၀၊ သုံးတန် နှင့်အထက် ယာဉ်ကြီးငွေကျပ် ၅၀၀ တို့ဖြစ်၍ ၂၄ နာရီအတွင်း တစ်ကြိမ်သာ ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ သွားလာရေး အဆင်ပြေစေရန်အတွက် မတ် ၁၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် (အထူးပြင်ဆင် ထိန်းသိမ်းရေး) အဖွဲ့က ပြည်ထောင်စုရန်ပုံငွေဖြင့် မိုင်တိုင်အမှတ် ၄၅/၇ မှ ၄၉/၀ အထိ သုံးမိုင် တစ်ဖာလုံ၊ အကျယ် ၁၈ ပေအား ထု သုံးလက်မ၊ အမြင့်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် မိုင်တိုင်အမှတ် ၄၂/၀ မှ ၄၃/၅ အထိ တစ်မိုင်ငါးဖာလုံ အကျယ် ၁၂ပေအား ၁၈ ပေ တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းကို အဖွဲ့များခွဲကာ ဆောင် ရွက်စဉ်** ကိုကျော်(သုံးခွ)



## မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**ခနုဖြူ မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ် မီးသတ်တပ်ဖွဲ့က ကြီးမှူးကျင်းပသော မီးလောင်ကျွမ်းမှုမရှိစေရေးနှင့် ဈေးကြီးများလုံခြုံမှုရှိရေးတို့အတွက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို မတ် ၈ ရက်က ခနုဖြူမြို့(မြို့မ) ဈေးအတွင်း မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး၊ သန္ဓေတပ်ဖွဲ့အင်အား ၁၅ ဦးဖြင့် ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ဦးအောင်မိုးဇော်၊ မီးသတ်တပ်ဖွဲ့မှူးစီးမှူး ဦးအောင်အောင်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ပြည်သူများ ကြည့်ရှုကြသည်။

အဆိုပါ သရုပ်ပြပွဲတွင် ကယ်ဆယ်ရေးအဖွဲ့များက မီးခိုးများစုပ်ထုတ်သည့် ပစ္စည်းကိရိယာများဖြင့် လက်တွေ့သရုပ်ပြကြကြောင်း သိရသည်။

**အောင်မိုးဇော်(ခနုဖြူ)**

# လယ်မြေဧက ၂၀၀ ကို စက်မှုလယ်ယာအဖြစ် စနစ်တကျဖော်ထုတ်

**မင်းဘူး မတ် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကုလားပါးကျေးရွာမှ ဒေသခံတောင်သူ ၂၆၀ ၏ လယ်ယာမြေ ဧက ၂၀၀ ကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် စနစ်ကျ စက်မှုလယ်ယာများအဖြစ် ဖော်ထုတ် ဆောင်ရွက်ပေးခဲ့ကြောင်း မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

စနစ်ကျစက်မှုလယ်ယာမြေ ဖော်ထုတ်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၇ ဒသမ ၁၇၂ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကုလားပါကျေးရွာ ကွင်းအမှတ်(၁၂၀၀) နှင့် (၁၂၀၂)တို့တွင် တောင်သူ ၂၆၀ ၏ လယ်ယာမြေ ဧက ၂၀၀ ကို ထွန်စက်ကြီး ၁၀ စီးဖြင့် ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လယ်ယာမြေ စံကွက်ဖော်ထုတ်ရတဲ့ ရည်ရွယ်ချက်ကတော့ တောင်သူတွေရဲ့ ပုံသဏ္ဌာန်မမှန်တဲ့ လယ်ယာမြေအကွက်တွေကို ပုံသဏ္ဌာန်မှန်သွားအောင် ဆောင်ရွက်တာပါ။ လယ်ယာမြေတွေမှာ ရေသွင်းမြောင်းတွေ၊ ရေထုတ်မြောင်းတွေ ပျောက်နေတဲ့အခါ ရေအတွက် ခက်ခဲနေတာတွေကို ကုန်ထုတ်လမ်းဘေးမှာ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတွေ တစ်ပါတည်းပါရှိတဲ့အတွက် လယ်ယာတွေမှာ ရေသွင်းရေထုတ်ရတာ လွယ်ကူသွားပြီး တောင်သူတွေ စိုက်၊ ရိတ်၊ သိမ်း စနစ် ပိုပြီးကောင်းမွန်လာမယ်။ ကုန်ထုတ်စွမ်းအား တိုးမြင့်လာမှာဖြစ်ပါတယ်"ဟု မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စက်မှုလယ်ယာများ ဖော်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကုလားပါးကျေးရွာမှ တောင်သူတစ်ဦးက "ကျွန်တော်တို့ဒေသက ဆည်ရေပေးတဲ့ မြောင်းဖျားဒေသ ဖြစ်ပါတယ်။ လယ်တစ်ကွက်နဲ့ တစ်ကွက်ကလည်း ဆက်နေတယ်။ လယ်ခြားမြောင်းတွေကလည်း ပျောက်ကုန်တယ်။ လယ်ကိုသွားရင် အဝင်လမ်း၊ အထွက်လမ်းလည်းမရှိဆိုတော့ သီးနှံစိုက်ပျိုးချိန်တွေဆို သွားရေးလာရေးခက်သလို လယ်ခြားမြောင်းမရှိတဲ့အတွက် ရေအခက်အခဲလည်း ရှိခဲ့ကြတယ်။ ယခု ဖော်ထုတ်ပေးတဲ့ လယ်ယာမြေတွေက ကုန်ထုတ်လမ်းဘေးတွေမှာ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတွေ စနစ်တကျပါတဲ့အတွက် စိုက်ပျိုးချိန်မှာ ရေ အဆင်ပြေသလို သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဖိုးပြည့်**



## ဆီအုန်းဆီကြိမ်းစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရေး ကွင်းဆင်းစစ်ဆေး



**ကော့သောင်း မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ရှိ ယုဇန ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ၏ ဆီအုန်းဆီကြိမ်းစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက မတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာတို့ ဦးဆောင်သည့် ဒေသအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ စစ်ဆေးရာတွင် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သည့် ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ၏ ဆီအုန်းဆီကြိမ်းထုတ်လုပ်သည့်စက်ရုံ၏ လည်ပတ်ထုတ်လုပ်မှု၊ လုပ်ငန်းခွင်နှင့် စက်ရုံမှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ရေဆိုးရေပုပ် စွန့်ပစ်မှုစနစ်များ လုပ်ကိုင်ဆောင်ရွက်ထားရှိမှု၊ စက်ရုံမှ စွန့်ပစ်ရေဆိုးများကို ရေဆိုးထုတ်မြောင်းမှတစ်ဆင့် စွန့်ပစ်ရန်နှင့် ကျေးရွာနေပြည်သူများ အသုံးပြုသည့် သဘာဝချောင်းများအတွင်း စီးဝင်မှုမရှိစေရေး၊ စက်ရုံမှ စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် ဒေသနေကျေးလက်ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုဘဝများတွင် အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျဆောင်ရွက်ကြရန်တို့ကို ဝန်ကြီးများက စက်ရုံတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## သင်္ကြန်ကာလအတွင်း ပြည်သူများဘေးကင်းလုံခြုံရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေ

**ရေး မတ် ၁၆**

လာမည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ကာလအတွင်း ရေးမြို့နယ်တွင် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ကြရန်နှင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ရေးမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

အတာသင်္ကြန်ကာလ မရောက်မီအချိန်ကပင် မူးယစ်ဆေးဝါးနှင့် လိုင်စိတ်ကြွဆေး ရောင်းဝယ်သုံးစွဲသူများကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်သွားမည့်အပြင် ယစ်မျိုးလိုင်စင်သတ်မှတ်ချက် စည်းကမ်းများကို လိုက်နာခြင်းမရှိသော ဆိုင်များနှင့် လိုင်စင်မဲ့ အရက်ရောင်းချနေသည့်ဆိုင်များကိုလည်း ဖော်ထုတ်၍ ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ စည်းကမ်းလိုက်နာခြင်းမရှိသည့် ယာဉ်များကိုလည်း အရေးယူမည်ဖြစ်ကာ တရားမဝင် လက်နက်ပုန်းငယ်များကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်က ပြောကြားသည်။

အတာသင်္ကြန်ကာလအတွင်း ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ရဲလုပ်ငန်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားနိုင်ရန်အတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ လမ်းညွှန်ထားမှုများကိုလည်း ရေးမြို့နယ်ရဲတပ်ဖွဲ့မှူးက မြို့နယ်အတွင်းရှိ ရဲစခန်းအသီးသီးမှ ရဲတပ်ဖွဲ့ဝင်များအား မတ် ၁၄ ရက်က တွေ့ဆုံ၍ ထပ်ဆင့် ရှင်းလင်းပြောကြားထားကြောင်း သိရ သည်။

**နေမျိုးထွဋ်(ရေး)**

## ရေသန့်နှင့် စားသောက်ကုန်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး



**မင်းကင်း မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ ပြည်သူများ အစားအသောက်များကြောင့် ဘေးအန္တရာယ်ဖြစ်ပွားခြင်း မရှိစေရန်အတွက် သောက်ရေသန့်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ် လုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချမ်းမြေ့လှိုင် ဦးဆောင်ပြီး မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က မင်းကင်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ နှင်းပုလဲ RO သောက်ရေသန့် စက်ရုံနှင့် အမှတ်(၃) ရပ်ကွက်ရှိ စိုးဖြိုး ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်း၊ ကောင်းမြတ် မုန့်မျိုးစုံလုပ်ငန်းတို့မှ မုန့်ရုံများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းရှင်များအား အစားအသောက်များ ထုတ်လုပ်ရာ၌ ထောက်ခံချက်ရှိသည့် မုန့်များကိုသာ ထုတ်လုပ်ရောင်းချရန်နှင့် ထောက်ခံချက်ရရှိထားခြင်းမရှိသော အစားအသောက်များ ထုတ်လုပ်ခြင်း၊ ထောက်ခံချက်ရရှိပြီးသော်လည်း သက်တမ်းကုန်ဆုံးနေသော အစားအသောက်များ ထုတ်လုပ်ရောင်းချခြင်း မပြုရန်တို့ကို အသေးစိတ် ရှင်းလင်းမှာကြားကာ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မီးသတ်ဆေးဘူးများ စနစ်တကျ ထားရှိသုံးစွဲကြရန်လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်းသောကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ကန့်ဘလူ မတ် ၁၆**

ဂျပန်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့ကြား ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ JICS စီမံကိန်းမှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီးကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ မတ် ၁၄ ရက်က ကျင်းပခဲ့သည်။ ကျောင်းဆောင်သစ်ပေးအပ်ပွဲတွင် JICS မှ Mr.Joel က ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးစိုးသန်းထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်အောင်စိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး၊ JICS မှ Mr.Joel ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် BSW ဆောက်လုပ်ရေးကုမ္ပဏီမှ MD ဦးတင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျောင်းဆောင်အဆောက်အအုံအပြင် စာသင်ခုံနှင့် ထိုင်ခုံ အစုံ ၆၀၊ စားပွဲနှင့် ကုလားထိုင်ငါးစုံနှင့် ပိုက်ဘုတ်ခြောက်ခုတို့ကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၈၆၀၀ အကုန်ကျခံ၍ လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# လီဗာပူးကို ရှုံးကြွေးဆပ်ရမယ့် မန်စီးတီး




—— ဝေမိုးဆက် ——

ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကိုလာမယ့် မတ်လ ၁၈၊ ၁၉ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးဟာ လီဗာပူးနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အားစိုက်နေတဲ့ အာဆင်နယ်၊ မန်ယူတို့လည်း နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး စပါးကလည်း ဆောက်သမ်တန်နဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ခက်ခဲတဲ့ပွဲတစ်ပွဲနဲ့ ကြုံတွေ့နေကာ နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။




## ဘုန်းမောက် VS ဆွမ်ဆီး

| ပကျော့ | ဆွမ်ဆီး | ၀ | ၃ | ဘုန်းမောက် |
|---|---|---|---|---|

ဆွမ်ဆီးက ဟားလ်ကို ရှုံးနိမ့်ခဲ့ရလို့တန်းမဆင်းရဖို့ အာမခံချက်မရသေးတာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဘုန်းမောက်ကလည်း ခြေစွမ်းပိုင်းအရ သာမန်သာရှိသလို ခံစစ်ပိုင်းကလည်း အားနည်းမှုရှိနေပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ရှန်းအားကောင်းမွန်တတ်ပါတယ်။ တိုက်စစ်ကလည်း အိမ်ကွင်းမှာ ဂိုးသွင်းခြေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာဆွမ်ဆီးတို့အခက်တွေ့နိုင်ပြီး ဘုန်းမောက်ကပ်နိုင်မယ်။

## မန်စီးတီး VS လီဗာပူး

| ပကျော့ | လီဗာပူး | ၁ | ၀ | မန်စီးတီး |
|---|---|---|---|---|

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အရေးပါတဲ့ပွဲဖြစ်တာကြောင့် နှစ်သင်းစလုံးအားစိုက်ကစားလာမှာသေချာနေပါတယ်။ မန်စီးတီးအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတိုးတက်လာပေမယ့် အဆုံးသတ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့်လည်း လီဗာပူးကလည်း အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာ ခြေကုန်ထုတ်လေ့ရှိသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်တတ်ပါတယ်။ မန်စီးတီးသရေသာ ကစားနိုင်ဖို့ရှိပါတယ်။

## ဝက်စ်ဘရွန်း VS အာဆင်နယ်

| ပကျော့ | အာဆင်နယ် | ၁ | ၀ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တစ်ခုလောက်ကိုသာ အာရုံစိုက်ရတော့မယ့် အာဆင်နယ်အနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းပွဲတွေမှာ ရှန်းအားကောင်းမွန်တတ်ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် ဖိအားတွေအောက်ရောက်နေလို့ နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမယ့် အာဆင်နယ်ကသာ ဝက်စ်ဘရွန်းကို ဖိအားပေးကစားပြီး အနိုင်ရယူသွားနိုင်မှာပါ။

## အဲဗာတန် VS ဟားလ်

| ပကျော့ | ဟားလ် | ၂ | ၂ | အဲဗာတန် |
|---|---|---|---|---|

ဥရောပဝင်ခွင့်ရရှိနိုင်သေးတာကြောင့် အဲဗာတန်တို့နောက်ပိုင်းမှာ အားစိုက်ကစားနေပါတယ်။ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေသလို လူကာကူခြေစွမ်းပြနေတာကြောင့်လည်း တိုက်စစ်ပိုင်းကထက်မြက်နေပါတယ်။ ဒီပွဲကိုလည်း အိမ်ကွင်းမှာကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဟားလ်ကတော့ ရှန်းအားမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေကျတတ်ပါတယ်။ အဲဗာတန်ပဲ အနိုင်ရမယ်။

## ဆန်းဒါးလန်း VS ဘန်လေ

| ပကျော့ | ဘန်လေ | ၄ | ၁ | ဆန်းဒါးလန်း |
|---|---|---|---|---|

လက်ရှိအချိန်မှာ ဆန်းဒါးလန်းကတန်းဆင်းရမယ့် အခြေအနေနဲ့ နီးကပ်လွန်းနေတာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဆန်းဒါးလန်းရဲ့ ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဘန်လေကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိလာသလို ဒီပွဲမှာလည်း ခံစစ်အားပြုကစားမှာ ဖြစ်ပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဆန်းဒါးလန်းတို့ သရေလောက်ပဲ ကစားနိုင်မယ်။

## ဝက်စ်ဟမ်း VS လက်စတာ

| ပကျော့ | လက်စတာ | ၁ | ၀ | ဝက်စ်ဟမ်း |
|---|---|---|---|---|

တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့ လက်စတာ ခြေစွမ်းက ကောင်းမွန်မှုရှိလာပါတယ်။ ဒါပေမယ့်လည်း ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် လက်စတာတို့ပွဲပန်းလာနိုင်ပါတယ်။ ဝက်စ်ဟမ်းကတော့ ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် အိမ်ကွင်းပွဲဖြစ်တဲ့ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ လက်စတာတို့ နိုင်ပွဲရယူနိုင်ဖို့ ရှန်းကန်ရနိုင်ကာ သရေလောက်ပဲကစားနိုင်မယ်။

## စတုတ် VS ချယ်လ်ဆီး

| ပကျော့ | ချယ်လ်ဆီး | ၄ | ၂ | စတုတ် |
|---|---|---|---|---|

အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ဖို့နဲ့ လက်ရှိကွာဟနေတဲ့အမှတ်ကို လျော့မသွားဖို့အတွက် ချယ်လ်ဆီးတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးရဲ့ ထိုးဖောက်ကစားပုံကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကအဝေးကွင်းပွဲတွေမှာ ခြေအနည်းငယ်ကျလာသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုကျဆင်းလာပါတယ်။ စတုတ်ကလည်း အိမ်ကွင်းမာလို့ ချယ်လ်ဆီးကပ်ပြီးသာနိုင်မယ်။

## ပဲလေ့စ် VS ဝက်ဖို့ဒ်

| ပကျော့ | ဝက်ဖို့ဒ် | ၁ | ၁ | ပဲလေ့စ် |
|---|---|---|---|---|

ဒီနောက်ပိုင်းပွဲတွေမှာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့ပဲလေ့စ်ရဲ့ အသင်းလိုက်ရှန်းအားက ကောင်းမွန်မှုရှိနေပါတယ်။ ဒီပွဲကိုလည်း အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုအချို့ရှိနေကာ အဝေးကွင်းပွဲတွေမှာဆိုရင်ခြေစွမ်းပိုင်း ပိုမိုအားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပဲလေ့စ်ကသာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## စပါး VS ဆောက်သမ်တန်

| ပကျော့ | ဆောက်သမ်တန် | ၁ | ၄ | စပါး |
|---|---|---|---|---|

စပါးအတွက် မထင်မှတ်ဘဲခက်ခဲတဲ့ပွဲ ဖြစ်လာနိုင်ပါတယ်။ စပါးဟာပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အာရုံစိုက်ကစားနေသလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိနေပါတယ်။ ဂတ်ဘီယာဒီနီခြေစွမ်းပြနေတာကြောင့်လည်း ထိုးဖောက်ကစားပုံကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း စပါးတို့အိမ်ကွင်းဖြစ်ပေမယ့် ဆောက်သမ်တန်ကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ကာ ကပ်ပြီးသာနိုင်မယ်။

## မစ်ဒယ်ဘရော့ VS မန်ယူ

| ပကျော့ | မန်ယူ | ၂ | ၁ | မစ်ဒယ်ဘရော့ |
|---|---|---|---|---|

မန်ယူဟာ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဒီပွဲစဉ်မှာ မန်စီးတီးနဲ့ လီဗာပူးတို့ ဆုံတွေ့နေတာကြောင့် မန်ယူတို့ နိုင်ပွဲရယူထားနိုင်ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အခွင့်အရေးရှိလာနိုင်တဲ့အတွက် ဒီပွဲစဉ်မှာ နိုင်ပွဲရအောင်အားစိုက်လာမှာ သေချာနေပါတယ်။ မစ်ဒယ်ဘရော့ကတော့ အိမ်ကွင်းပွဲတွေမှာ ရှန်းကန်ကစားတတ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ အားနည်းနေသလို ခံစစ်လည်းအားနည်းလာပါတယ်။ မန်ယူပဲကပ်နိုင်မယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၂၉)

**စနေနေ့ (၁၈-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ဝက်စ်ဘရွန်း | ☐ - ☐ | အာဆင်နယ် |
| ည ၉း၃၀ | ပဲလေ့စ် | ☐ - ☐ | ဝက်ဖို့ဒ် |
| ည ၉း၃၀ | အဲဗာတန် | ☐ - ☐ | ဟားလ်စီးတီး |
| ည ၉း၃၀ | စတုတ်စီးတီး | ☐ - ☐ | ချယ်လ်ဆီး |
| ည ၉း၃၀ | ဆန်းဒါးလန်း | ☐ - ☐ | ဘန်လေ |
| ည ၉း၃၀ | ဝက်စ်ဟမ်း | ☐ - ☐ | လက်စတာစီးတီး |
| နံနက် ၀၀း၀၀ | ဘုန်းမောက် | ☐ - ☐ | ဆွမ်ဆီး |

**တနင်္ဂနွေနေ့ (၁၉-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၃၀ | မစ်ဒယ်ဘရော့ | ☐ - ☐ | မန်ယူ |
| ည ၈း၄၅ | စပါး | ☐ - ☐ | ဆောက်သမ်တန် |
| ည ၁၁း၀၀ | မန်စီးတီး | ☐ - ☐ | လီဗာပူး |

## စပိန်လာလီဂါပွဲစဉ်(၂၈)

**သောကြာနေ့ (၁၇-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | လက်ပဲလ်မက်စ် | ☐ - ☐ | ဗီလာရီးရဲ |

**စနေနေ့ (၁၈-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၃၀ | အီဘာ | ☐ - ☐ | အက်စ်ပန်ညို |
| ည ၉း၄၅ | ဘီဘာအို | ☐ - ☐ | ရီးရဲ |
| နံနက် ၀၀း၀၀ | အလာဗက်စ် | ☐ - ☐ | ဆိုစီဒက်စ် |
| နံနက် ၂း၁၅ | ဘက်တစ် | ☐ - ☐ | အိုဆာဆူနာ |

**တနင်္ဂနွေနေ့ (၁၉-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၅း၃၀ | လီဂါနက်စ် | ☐ - ☐ | မာလာဂါ |
| ည ၉း၄၅ | အက်သလက် | ☐ - ☐ | ဆီဗီလာ |
| နံနက် ၀၀း၀၀ | ဂီရွန် | ☐ - ☐ | ဂရန်နာဒါ |
| နံနက် ၀၀း၀၀ | ဒီပို့တီဗို | ☐ - ☐ | ဆယ်တာဗီဂို |
| နံနက် ၂း၁၅ | ဘာစီလိုနာ | ☐ - ☐ | ဗလင်စီယာ |

## စီးရီးအေပွဲစဉ်(၂၉)

**စနေနေ့ (၁၈-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၁၁း၃၀ | တိုရီနို | ☐ - ☐ | အင်တာမီလန် |
| နံနက် ၂း၁၅ | အေစီမီလန် | ☐ - ☐ | ဂျီနိုအာ |

**တနင်္ဂနွေနေ့ (၁၉-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၀၀ | အမ်ပိုလီ | ☐ - ☐ | နာပိုလီ |
| ည ၈း၃၀ | ဘိုလော့ဂ်နာ | ☐ - ☐ | ချီယေဗို |
| ည ၈း၃၀ | ခရိုတိုနီ | ☐ - ☐ | ဗီအိုရင်တီးနား |
| ည ၈း၃၀ | ဆမ်ဒိုးရီးယား | ☐ - ☐ | ဂျူဗင်တပ်စ် |
| ည ၈း၃၀ | ကယ်ဂလီယာရီ | ☐ - ☐ | လာဇီယို |
| ည ၈း၃၀ | အတ္တလန္တာ | ☐ - ☐ | ပက်စ်ကာရာ |
| ည ၁၁း၃၀ | အူဒီးနိစ် | ☐ - ☐ | ပါလာမို |
| နံနက် ၂း၁၅ | ရိုးမား | ☐ - ☐ | ဆက်ဆူအိုလို |

## ပြင်သစ်ပထမတန်းပွဲစဉ်(၃၀)

**သောကြာနေ့ (၁၇-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၃၀ | မတ်ဇ် | ☐ - ☐ | ဘက်စတီယာ |
| နံနက် ၂း၁၅ | လေလီ | ☐ - ☐ | မာဆေး |

**စနေနေ့ (၁၈-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၁၅ | နန့်စ် | ☐ - ☐ | နိုက်စ် |
| နံနက် ၁း၃၀ | နန့်စီ | ☐ - ☐ | လောရီယင့် |
| နံနက် ၁း၃၀ | ဘော်ဒိုး | ☐ - ☐ | မောင့်ပယ်လီယာ |
| နံနက် ၁း၃၀ | တူးလောက်စ် | ☐ - ☐ | ရိန်းစ် |
| နံနက် ၁း၃၀ | အန်ဂျာစ် | ☐ - ☐ | ဂူအင်ဂမ့် |

**တနင်္ဂနွေနေ့ (၁၉-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၃၀ | ကိန်းစ် | ☐ - ☐ | မိုနာကို |
| ည ၁၀း၃၀ | ဒီဂျွန် | ☐ - ☐ | စိန့်အက်တီယန် |
| နံနက် ၂း၃၀ | ပီအက်စ်ဂျီ | ☐ - ☐ | လိုင်ယွန် |



| # | Team | GP | W | D | L | GF | GA | GD | PTS |
|---|---|---|---|---|---|---|---|---|---|
| 1 | Chelsea | 27 | 21 | 3 | 3 | 57 | 20 | 37 | 66 |
| 2 | Tottenham | 27 | 16 | 8 | 3 | 53 | 20 | 33 | 56 |
| 3 | Man. City | 27 | 17 | 5 | 5 | 53 | 29 | 24 | 56 |
| 4 | Liverpool | 28 | 16 | 7 | 5 | 60 | 35 | 25 | 55 |
| 5 | Arsenal | 26 | 15 | 5 | 6 | 55 | 31 | 24 | 50 |
| 6 | Man United | 26 | 13 | 10 | 3 | 39 | 22 | 17 | 49 |

# စဉ်းစားစရာတွေဖြစ်လာတဲ့ အဆင့် ၆ နေရာနဲ့ မန်ယူ

● အောင်က

**မန်ယူအသင်းမတ်လ ၄ ရက်နေ့ ကစားခဲ့တဲ့ ဘုန်းမောက်အသင်းနဲ့ပွဲမှာ သရေကျခဲ့တယ်။ ဒါကြောင့်လည်း ရလဒ်ကအကောင်းဆုံးအခြေအနေကို မရှိခဲ့ပေမယ့် အဆိုးဆုံးလည်းမဖြစ်ပါဘူး။ ဒါတင်မကဘူး။ မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် ၆ နေရာမှာ ရပ်တည်မှုကလည်း ရှည်ကြာလွန်းတယ်။ စုစုပေါင်း အဆင့် ၆ နေရာမှာ ရပ်တည်နေတာက ၁၆ ပတ်ဆက်တိုက် ရှိနေခဲ့တဲ့အသင်းလည်း ဖြစ်တယ်။ ဒါကြောင့် မန်ယူအသင်းအနေနဲ့ ရာသီကုန်မှာလည်း ချယ်လ်ဆီး၊ စပါး၊ မန်စီးတီး၊ အာဆင်နယ်နဲ့ လီဗာပူးရဲ့နောက် အဆင့် ၆ နေရာမှာပဲ ဆက်လက်ရပ်တည်နိုင်ဖို့ရှိနေတယ်လို့တောင် ပြောရမလို ဖြစ်နေတယ်။ အဲ့ဒီလိုပြောရလောက်တဲ့အကြောင်းတရားတွေကလည်း ရှိနေတယ်လို့ဆိုရမယ်။**

### ဂိုးသွင်းခွင့်ဖြုန်းတီးမှုနှင့် အိမ်ကွင်း သရေပွဲများခြင်း

မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ် ၂၆ ပွဲပါဝင်ကစားထားပြီးဖြစ်တယ်။ မန်ယူအသင်းရဲ့ အိမ်ကွင်းရလဒ်တွေကိုကြည့်။ ၆ ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ခုနစ်ပွဲတိတိသရေကျထားတယ်။ အာဆင်နယ်နဲ့ လီဗာပူးအသင်းတို့လို ပွဲတွေမှာ သရေကျတာကတော့ လက်ခံနိုင်စရာဖြစ်ပေမယ့် စတုတ်၊ ဘန်လေ၊ ဝက်စ်ဟမ်း၊ ဟားလ်နဲ့ ဘုန်းမောက်တို့လို အသင်းတွေနဲ့ ယှဉ်ရတဲ့ပွဲတွေကို အနိုင်မရတာကတော့ အသင်းအတွက် အဓိက ရမှတ်ဆုံးရှုံးမှုတွေဖြစ်စေခဲ့တဲ့ပွဲတွေလို့ ပြောရမှာပါ။ ဒါ့အပြင် အဲ့ဒီပွဲတွေကို ကြည့်မယ်ဆိုရင်လည်း ၀-၀၊ ၁-၁ ရလဒ်တွေနဲ့သာ အဆုံးသတ်တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာ မန်ယူအသင်းအတွက်အရေးကြီးတဲ့ ဆုံးရှုံးမှုတွေကတော့ ဂိုးသွင်းခွင့်တွေကို ဖြုန်းတီးမှုလို့ ပြောရမှာပါ။ မန်ယူအသင်းဟာ စတုတ်၊ ဘန်လေ၊ ဝက်စ်ဟမ်း၊ ဟားလ်နဲ့ ဘုန်းမောက်အသင်းတို့နဲ့ ကစားခဲ့တဲ့ ငါးပွဲမှာဆိုရင်လည်း ကန်သွင်းခွင့်တွေဟာ ၁၁၅ ကြိမ် ရှိခဲ့ပေမယ့် ပစ်မှတ်ကို ထိအောင်ကန်သွင်းနိုင်တဲ့ အခွင့်အရေးကတော့ ၄၁ ကြိမ်ပဲရှိပါတယ်။ ဒါတွေကြောင့်လည်း မန်ယူအသင်းဟာ ဂိုးဖြုန်းတီးမှုတွေနဲ့အတူ အိမ်ကွင်းသရေပွဲတွေများလာကာ ရမှတ်တွေဆုံးရှုံးပြီး လက်ရှိအချိန်အထိ အဆင့် ၆ နေရာမှာပဲရှိနေတာ ဖြစ်ပါတယ်။

### အီဘရာဟီမိုဗစ်အပေါ်အားကိုးခြင်း

ဒီနှစ်ရာသီမှာ မန်ယူအသင်းရရှိတဲ့ ရဂိုးကို ကြည့်မယ်ဆိုရင် ၃၉ ဂိုးရှိတယ်။ အဲ့ဒီဂိုးတွေထဲမှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ် သွင်းယူတဲ့ဂိုးကတော့ ၁၅ ဂိုးရှိတယ်။ ဒါကြောင့်လည်း မန်ယူအသင်းအတွက် ဂိုးတွေဟာတိုက်စစ်မှူး အီဘရာဟီမိုဗစ်အပေါ်မှာတော့ များစွာမှုတည်နေတယ်လို့ ပြောရမှာ ဖြစ်တယ်။ ဒါကြောင့်လည်း အီဘရာဟီမိုဗစ် မပါဝင်တဲ့ ပွဲတိုင်းကတော့ မန်ယူအသင်းအတွက် တိုက်စစ် အားကိုးမဲ့တဲ့နေ့ရက်တွေလို့တောင် ဆိုရမှာပါ။ ဒါပေမယ့် အခုတော့ အီဘရာဟီမိုဗစ်ဟာ တိုက်ရိုနီမင့်စ်ကို တံတောင်နဲ့ ရိုက်ခဲ့တာကြောင့် ပြည်တွင်းပွဲ သုံးပွဲပယ်ပြစ်ဒဏ်ကျခံရပြီဖြစ်ပါတယ်။ ဒါကြောင့် မော်ရင်ညိုရဲ့ တိုက်စစ်ပိုင်းကတော့ တစ်အားလျော့သွားခဲ့ပါပြီ။ မန်ယူအသင်းဟာ မိုဗစ်မပါဝင်ဘဲ မစ်ဒယ်ဘရော့(အဝေးကွင်း)၊ ဝက်စ်ဘရွန်း (အိမ်ကွင်း)တို့နဲ့ ကစားရဦးမှာပါ။ ဒါကြောင့်လည်း မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူးအီဘရာဟီမိုဗစ်မပါဝင်တဲ့ တိုက်စစ်နဲ့အတူ ဆက်ကစားရဦးမယ့်ပွဲတွေကလည်း ရှိနေသေးတာကြောင့် အဆင့် ၆ နေရာကတော့သူ့အတွက် အကျေနပ်သင့်ဆုံးနေရာလို့တောင် ပြောရမှာပါ။

### အာဆင်နယ်၊ စပါး၊ မန်စီးတီးတို့နဲ့ အဝေးကွင်းပွဲစဉ်ရှိခြင်း

မန်ယူအသင်းဟာ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်လက်ကျန်ပွဲအနေနဲ့ ၁၂ ပွဲကစားဖို့ ရှိနေပါသေးတယ်။ အဲ့ဒီထဲမှာမှ အဓိကအဝေးကွင်း သုံးပွဲကတော့ အာဆင်နယ်၊ စပါးနဲ့ မန်စီးတီး အသင်းတို့နဲ့ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း အဲ့ဒီအသင်း သုံးသင်းလုံးဟာ မန်ယူအသင်းရဲ့ အထက်မှာ ရမှတ်အသာတွေနဲ့ရှိနေပြီး ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင်ရေးကို အပြင်းအထန်ကြိုးစားနေကြတဲ့အသင်းတွေ ဖြစ်ပါတယ်။ ဒါကြောင့်မန်ယူအသင်းအနေနဲ့ လက်ကျန်အဝေးကွင်းပွဲတွေမှာအခုလို အသင်းမျိုးတွေနဲ့ ကြုံတွေကစားရမှာဖြစ်ခြင်းဟာ အသင်းအတွက်တော့ ရမှတ်တွေအပြည့်အဝ ရရှိနိုင်ဖို့ဆိုတာဟာ အတိအကျအသေအချာပြောလို့ မရဘူးလို့ဆိုရမှာပါ။

### လီဗာပူးအသင်းရဲ့အားပြိုင်မှု

ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက လီဗာပူးအသင်းရဲ့ ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင်ရေးကို အကောင်းဆုံးအရောင်တင်ပေးခဲ့တဲ့ အသင်းကတော့ မန်ယူအသင်းလို့ပြောရမှာပါ။ ဘာဖြစ်လို့လည်းဆိုရင် လက်ရှိပရီမီယာလိဂ် ထိပ်တန်းအသင်းတွေထဲမှာတော့ မန်ယူအသင်းကပဲ အင်အားအနည်းဆုံးအသင်းလို့ ပြောရမှာပါ။ လီဗာပူးအသင်းဟာ စပါးနဲ့ အာဆင်နယ်အသင်းတွေကို နိုင်ခဲ့ပေမယ့် လက်စတာအသင်းကိုတော့ ရှုံးခဲ့ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းဟာ ရာသီကုန်မှာတော့ ဘယ်လိုရလဒ်တွေရယူနိုင်မလဲ ဆိုတာကို ဘယ်သူကမှ မခန့်မှန်းနိုင်ပါဘူး။ ဒါပေမယ့် အကြမ်းဖျင်းအားဖြင့်တော့ ထိပ်ဆုံးလေးသင်း ဝင်ရောက်နိုင်လောက်တဲ့ အရည်အချင်းရှိတဲ့ အသင်းလို့တော့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့အပြင် အာဆင်နယ်အသင်းရဲ့ အခြေအနေကလည်း မခန့်မှန်းနိုင်ပေမယ့် နှစ်တိုင်း ချန်ပီယံလိဂ်ဝင်ခွင့်ကတော့ အာဆင်နယ်အသင်းအတွက် မခက်ခဲပါဘူး။ ဒါကြောင့်လည်း မန်ယူအသင်းအတွက်တော့ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေးဟာခက်ခဲတယ်လို့ ပြောရမှာပါ။

### ယူရိုပါလိဂ်နဲ့ ပွဲကျပ်မှု

လီဗာပူးအသင်းဟာ ဒီနှစ်ရာသီမှာ ယူရိုပြိုင်ပွဲတွေ ပြိုင်ရခြင်းမရှိပါဘူး။ ဒါ့အပြင် အက်ဖ်အေဖလားပြိုင်ပွဲကလည်း ထွက်ခဲ့ရပြီဖြစ်ပါတယ်။ စပါးနဲ့ အာဆင်နယ် ဆိုရင်လည်း ဥရောပပြိုင်ပွဲတွေက ထွက်ခဲ့ရပြီဖြစ်ပါတယ်။ မန်ယူအသင်းလို့ ဥရောပပြိုင်ပွဲရှိတဲ့အသင်းဆိုလို့ မန်စီးတီးအသင်းသာ ရှိပါတော့တယ်။ ဒါ့အပြင် အခြားအသင်းတွေထက်လည်း မန်ယူအသင်းဟာ ပွဲကျပ်ကာလတွေကို ဖြတ်ကျော်ရဦးမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာမန်ယူအသင်းဟာ ပရီမီယာလိဂ် ပွဲကျန်တွေလည်း ကစားရဖို့ရှိနေပါသေးတယ်။ ဒါ့အပြင် မန်ယူအသင်းအနေနဲ့ ယူရိုပါလိဂ်ကလည်း ကစားဖို့ရှိနေသေးတာကြောင့် ပရီမီယာလိဂ်အဆင့် ၄ ကို ရရှိဖို့ကတော့ ခက်ခက်ခဲခဲနဲ့ပြင်းပြင်းထန်ထန် ကြိုးစားရဦးမှာပါ။ ॥

> **“မန်ယူအသင်းရရှိတဲ့ ရဂိုးကို ကြည့်မယ်ဆိုရင် ၃၉ ဂိုးရှိတယ်။ အဲ့ဒီဂိုးတွေထဲမှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ် သွင်းယူတဲ့ဂိုးကတော့ ၁၅ ဂိုးရှိတယ်။ ဒါကြောင့်လည်း မန်ယူအသင်းအတွက် ဂိုးတွေဟာတိုက်စစ်မှူး အီဘရာဟီမိုဗစ်အပေါ်မှာတော့ များစွာမှုတည်နေတယ်လို့ ပြောရမှာဖြစ်တယ်။ ဒါကြောင့်လည်း အီဘရာဟီမိုဗစ် မပါဝင်တဲ့ ပွဲတိုင်းကတော့ မန်ယူအသင်းအတွက် တိုက်စစ်အားကိုးမဲ့တဲ့နေ့ရက်တွေ လို့တောင် ဆိုရမှာပါ။”**

## အေစီမီလန်တိုက်စစ်မှူး ကားလော့စ်ဘာကာ တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ



ပြီးခဲ့သည့် မတ် ၁၁ ရက်တွင် အေစီမီလန်အသင်းက အဝေးကွင်း၌ ဂျူဗင်တပ်စ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော စီးရီးအေပွဲစဉ်တွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး ထပ်ဆောင်းအချိန်ပို ၇ မိနစ်တွင် ဂျူဗင်တပ်စ်အသင်းက ပယ်နယ်တီကန်ခွင့် ရရှိခဲ့ခြင်းနှင့် ပတ်သက်၍ ပွဲတာဝန်ရှိသူများနှင့် အချင်းများခဲ့သူ အေစီမီလန် တိုက်စစ်မှူး ကားလော့စ်ဘာကာအား စီးရီးအေပြိုင်ပွဲကျင်းပရေးအဖွဲ့က တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်လိုက်သည်။

အဆိုပါပွဲစဉ်တွင် ကိုလံဘီယာ တိုက်စစ်မှူး ကားလော့စ်ဘာကာသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပွဲချိန် ၄၃ မိနစ်တွင် အေစီမီလန်အတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၅၅ မိနစ်တွင် လူစားလဲခံခဲ့ရသူ တိုက်စစ်မှူး ကားလော့စ်ဘာကာသည် ဂျူဗင်တပ်အသင်းအား ပယ်နယ်တီကန်ခွင့်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ ပွဲတာဝန်ရှိသူများနှင့် အချင်းများခဲ့ပြီး အေစီမီလန်အသင်း နည်းပြမွန်တဲလာက တိုက်စစ်မှူး ကားလော့စ်ဘာကာအား ထိန်းချုပ်ဖျန်ဖြေပေးခဲ့ရသည်။

တိုက်စစ်မှူး ကားလော့စ်ဘာကာသည် စီးရီးအေပြိုင်ပွဲကျင်းပရေးအဖွဲ့က ချမှတ်ခဲ့သည့် တစ်ပွဲပယ်ပြစ်ဒဏ်ကြောင့် မတ် ၁၉ ရက်တွင် အိမ်ကွင်း၌ ဂျီနိုအာအသင်းကို လက်ခံကစားရမည့် စီးရီးအေပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။ ကားလော့စ်ဘာကာသည် သူ၏အပြုအမူကြောင့် တစ်ပွဲပယ်ပြစ် ဒဏ်အပြင် ဒဏ်ငွေ ယူရို ၁၀၀၀၀ ပေးဆောင်ရန်လည်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

တိုက်စစ်မှူး ကားလော့စ်ဘာကာ (၃၀နှစ်)သည် ယခုနှစ်ဘောလုံးရာသီတွင် အေစီမီလန်အသင်းအတွက် စုစုပေါင်း ၂၆ ပွဲ ပါဝင်ကစားထားကာ ၁၃ ဂိုး သွင်းယူထားပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။ အေစီမီလန်အသင်းသည် စီးရီးအေပွဲစဉ် (၂၈) ကစားပြီးချိန်၌ ရမှတ် ၅၀ ဖြင့် အဆင့် ၇ နေရာတွင် ရပ်တည်နေရကာ လာမည့်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိရန် ရုန်းကန်နေရသည့်အသင်းဖြစ်သည်။

ထက်အောင်

## ဝင်ငွေ ပေါင်တစ်သန်းအား ရက်အနည်းဆုံးဖြင့် ရရှိသည့် အားကစားသမားစာရင်းတွင် ရော်နယ်ဒို ဦးဆောင်ခဲ့

Expert Market UK ၏ လေ့လာတွက်ချက်မှုအရ နာမည်ကျော်ဘောလုံးသမားများဖြစ်သည့် ရီးရဲမက်ဒရစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုနှင့် ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီတို့သည် အခြားအားကစားသမားများအနက် ဝင်ငွေပေါင်တစ်သန်းအား ရက်အနည်းဆုံးဖြင့် ရရှိသည့် ကစားသမားများအဖြစ် ရပ်တည်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

Forbes မဂ္ဂဇင်းမှ ဖော်ပြခဲ့သော အားကစားသမားများ၏ ချမ်းသာကြွယ်ဝမှုစာရင်းကို အခြေခံကာ Expert Market UK သည် အဆိုပါ ချမ်းသာကြွယ်ဝမှုပမာဏကို တစ်ရက် အလုပ်ချိန် ၈ နာရီဖြင့် သတ်မှတ်ကာ တွက်ချက်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ တွက်ချက်ရာတွင် ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ဝင်ငွေ ပေါင်တစ်သန်းအား အလုပ်လုပ်ချိန် ၄၅ နာရီ (သို့မဟုတ်) ရက်ပေါင်း ၅ ဒသမ ၆၈ ရက်ဖြင့် ရရှိသူအဖြစ် ရပ်တည်ခဲ့ပြီး ဝင်ငွေပေါင်တစ်သန်းအား ရက်အနည်းဆုံးဖြင့်ရရှိသည့် အားကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ အဆိုပါ တွက်ချက်မှုအရ အာဂျင်တီးနားကစားသမား မက်ဆီက ဝင်ငွေပေါင်တစ်သန်းအား ၅ဒသမ ၉၆ရက်ဖြင့် ဒုတိယမြောက် အမြန်ဆုံး ရရှိသူအဖြစ် ရပ်တည်ခဲ့သည်။



ပေါင်တစ်သန်းအား ရက်အနည်းဆုံး ရရှိသည့် ထိပ်ဆုံးအားကစားသမား ၁၀ ဦးစာရင်း၌ တတိယမြောက် ဘောလုံးအားကစားသမားအဖြစ် ရီးရဲမက်ဒရစ်နှင့် ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ်လည်း ပါဝင်ခဲ့သည်။ အဆိုပါစာရင်း၏ အဆင့် ၉ နေရာတွင် ရပ်တည်ခဲ့သည့် ဂါရတ်ဘေးလ်သည် Expert Market UK ၏ တွက်ချက်မှုအရ ပေါင်တစ်သန်းအား ၁၂ ဒသမ ၇၇ ရက်ဖြင့် ရရှိသူဖြစ်သည်ဟု ဆိုသည်။

အဆိုပါစာရင်း၏ တတိယနေရာတွင် အမေရိကန် ဘောလုံးအားကစားသမား ဂျိုဖယ်ကာအိုက ၇ ဒသမ ၂၃ ရက်ဖြင့် တတိယနေရာတွင်လည်းကောင်း၊ ဖော်မြူလာဝမ်းကားမောင်းသမား လူးဝစ်ဟာမီလ်တန်က ၇ ဒသမ၅၇ ရက်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ အခြားဖော်မြူလာဝမ်းကားမောင်းသမားတစ်ဦးဖြစ်သူ ဆီဘက်စတီယန်ဗက်တီလ်က ၇ ဒသမ၉၆ ရက်ဖြင့် ပဉ္စမနေရာတွင် လည်းကောင်း ရပ်တည်ခဲ့သည်။

## ဘယ်လာရင်နှင့် ပတ်သက်၍ ဘာစီလိုနာနှင့် အာဆင်နယ်အသင်းတို့ ဆွေးနွေး




စပိန်ကလပ် ဘာစီလိုနာအသင်းနှင့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းမှ ကိုယ်စားလှယ်များသည် အာဆင်နယ်အသင်း ညာတောင်ပံ ခံစစ်မှူး ဟက်တာ ဘယ်လာရင်၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း ဘာစီလိုနာမြို့ အခြေစိုက် Sport နေ့စဉ်အားကစားသတင်းစာက ရေးသားဖော်ပြခဲ့သည်။

စပိန်ကစားသမား ဘယ်လာရင် (၂၁နှစ်) သည် ဘာစီလိုနာလူငယ်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၁ ခုနှစ် နွေရာသီအတွင်းတွင် အာဆင်နယ်လူငယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ၂၀၁၃-၁၄ ခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အတွက် လိဂ်ဖလားပွဲ တစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အဆိုပါရာသီတွင် ဝက်ဖို့ဒ်အသင်းသို့ နှစ်လအငှားဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် နှစ်ရာသီတွင်မှ ဘယ်လာရင်သည် အာဆင်နယ်အသင်း၏ အဓိက ကစားသမား တစ်ဦးဖြစ်လာခဲ့ပြီးနောက် ဘာစီလိုနာအသင်းက ဘယ်လာရင်အား ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအနေဖြင့် ခံစစ်မှူး ဘယ်လာရင်အား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၄၀ နီးပါး သုံးစွဲရဖွယ်ရှိသည်ဟုဆိုသည်။

Sport နေ့စဉ်အားကစားသတင်းစာ၏ မျက်နှာဖုံးစာမျက်နှာတွင် “ဘာစီလိုနာအသင်းသည် ဘယ်လာရင်အား ခေါ်ယူရေးအတွက် အာဆင်နယ်နှင့် တွေ့ဆုံခဲ့ပြီး ဘယ်လာရင်အား ခေါ်ယူရေးသည် ဘာစီလိုနာ၏ အဓိကပစ်မှတ်ဖြစ်သည်။ ဘယ်လာရင်အား အခြားအသင်းများကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် ဘာစီလိုနာအနေဖြင့် ဘယ်လာရင်အား ခေါ်ယူနိုင်ရန် ပေါင်သန်း ၄၀ နီးပါး အသုံးပြုရနိုင်သည်”ဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

# အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှု အထိမ်းအမှတ် နှလုံးသွေးကြောပိတ်ရောဂါပညာပေးရက်သတ္တပတ်အခမ်းအနားကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန အရေးပေါ် နှလုံးသွေးကြောချဲ့ကုသမှု (Primary PCI) လေးနှစ်ပြည့်အထိမ်းအမှတ် နှလုံးသွေးကြောပိတ်ရောဂါ ပညာပေးရက်သတ္တပတ် (Heart Attack Awareness Week) ကို မတ် ၁၂ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ ကျန်းမာရေးဆိုင်ရာများနှင့်ပတ်သက်သည့်အမှာစကား ပြောကြားသည်။

"မန္တလေးဆေးရုံကြီးမှာ ၂၀၁၆ ခုနှစ် နှလုံးရောဂါနဲ့ ပတ်သက်တဲ့ လူသုံးထောင်ကျော်တက်တဲ့ထဲမှာ ၅၃ ရာခိုင်နှုန်းက နှလုံးရောဂါနဲ့ ပတ်သက်တာ ဖြစ်နေတယ်။ အဲဒီထဲမှာ နှလုံးသွေးကြော နဲ့ပတ်သက်တာ ၆၆ ရာခိုင်နှုန်း ဖြစ်နေတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းက အသင့်စားသုံးနိုင်တဲ့ အစားအစာတွေ balance diet မဖြစ်တာတွေကို စားနေရတာ။ ဘာကြောင့်လဲဆိုတော့ ရုန်းကန်နေရတာကြောင့် အစားအသောက်တွေကို အပြင်စာစားရတာများလာတယ်။ အလေ့အထ ပြောင်းလာတဲ့အခါ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေ မစားရတာ။ အဆီတွေ စားတာများလာတဲ့အခါ နှလုံးရောဂါများလာတာ။ ဒီဟာတွေကို သိရက်နဲ့ ကြိုတင်မကာကွယ်ရင် ထိခိုက်မှုက များနေဦးမှာ၊ ဆုံးရှုံးမှုများနေဦးမှာပါ"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး (ငြိမ်း) ဒေါက်တာမောင်ဝင်း၊ ဆေးရုံအုပ်ကြီးဒေါက်တာတင်တင်မိုးတို့က မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် ပြည်သူလူထုကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးသည့်လုပ်ငန်းများ၊ ဆောင်ရွက်နေဆဲလုပ်ငန်းများ၊ ဆောက်ရွက်ရန်ကျန်နေသည့်လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာသန်းသန်းကြိုင်က အရေးပေါ် နှလုံးသွေးကြောချဲ့ကုသမှု Primary PCI ၏ အရေးကြီးပုံအကြောင်း ကိုလည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာမြင့်ငွေက နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်ရောဂါလက္ခဏာများ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# JICA နှင့် ပူးပေါင်းဆောင်ရွက်သည့် စက်ရေတွင်းတူးဖော်မှု အောင်မြင်ပြီးစီး



**ကျောက်ပန်းတောင်း မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အနက် ပေ ၁၀၀၀၊ ခြောက်လက်မစက်ရေတွင်း တူးဖော်မှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် ဦးစိုးဝင်း(ဦးစီးအရာရှိ - နည်းပညာ)တို့က မတ် ၁၄ ရက်က သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။ အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းကို ခွင့်ပြုငွေကျပ် ၂၄ ဒသမ ၃၁၁ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရေတွင်းအပြင် ဂါလန် ၂၄၀၀ ဆံ့ ရေစင်ဆောက်လုပ်ခြင်း၊ ရေစက်ရုံ ဆောက်လုပ်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ စက်ရေတွင်းကို ရေမှုတ်ခြင်း၊ ပန့်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းအားလုံး ပြီးစီးပါက နှစ်ကျပ်ခွဲကျေးရွာရှိ အိမ်ခြေ ၈၃၀ ခန့်မှ လူဦးရေ ၄၀၀၀ နီးပါးအတွက် သန့်ရှင်းသောသောက်သုံးရေကို လုံလောက်စွာ ရရှိမည်ဖြစ်ပြီး နွေရာသီ ရေရှားပါးသည့်အခက်အခဲကို ကျော်လွှားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် NGO များ၊ INGO များနှင့်ပါ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ကျောက်ပန်းတောင်းမြို့နယ်တွင် ရေရရှိရေးလုပ်ငန်းကို နှစ်ကျပ်ခွဲကျေးရွာအပြင် တင့်ကန်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာတွင်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဘားအံမြို့တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဘားအံ မတ် ၁၆**

ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်အရောင်းပွဲ၊ ဉာဏ်ရည်ဉာဏ်သွေး ဖော်ထုတ်သည့် တစ်ဦးချင်းနှင့် အဖွဲ့လိုက် ဂိမ်းကစားပွဲများ၊ ဖျော်ဖြေပွဲများ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပြခန်းများ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ အစရှိသည့် ကလေးများနှင့်ပတ်သက်သည့် ပျော်ပွဲရွှင်ပွဲများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော် ကျင်းပနေစဉ်ကာလအတွင်း ညစဉ် ၇ နာရီမှစ၍ စာပေဟောပြောပွဲများကိုလည်း ကျင်းပမည်ဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။




"အခု ဒီကလေးစာပေပွဲတော်ဟာ ယနေ့ ပြောင်းလဲလာတဲ့ နည်းပညာခေတ်မှာ ကလေးများရဲ့အသိပညာ ဗဟုသုတနဲ့ စိတ်ဓာတ်ခွန်အားတွေ၊ ယဉ်ကျေးမှုတွေနဲ့ စာဖတ်တဲ့ အလေ့အထတွေ ဖြစ်ပေါ်လာစေဖို့ အကျိုးသက်ရောက်မှုတွေ ဖြစ်လာမယ်ဆိုတာ ယုံကြည်ပါတယ်" ဟု ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလင်းက ပြောကြားသည်။

ကလေးစာပေပွဲတော်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဘားအံမြို့ရှိ လူစည်ကားရာနေရာများတွင် ကလေးစာပေပွဲတော် အကြောင်း လှုံ့ဆော်မြေစိုက်ပိုစတာများ၊ လမ်းဖြတ်ပိုစတာများ စိုက်ထူထားသည်။

ဘားအံမြို့ ကလေးစာပေပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း၊ ပွဲတော်ကျင်းပချိန် နီးကပ်လာသည့်အမျှ ပြည်သူများ၏ စိတ်ပါဝင်စားမှုလည်း လိုက်ပါမြင့်တက်လာလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ရမည့်ကိစ္စများ ညှိနှိုင်းဆွေးနွေး

**ချောက် မတ် ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ မတ် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ကျော်တို့က နွေရာသီကာလအတွင်း ကျေးရွာများတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့ကြကာ ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း ကျေးရွာများတွင် ရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်နေသည့် အခြေအနေများနှင့် ရေပြတ်လပ်မှုမရှိရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ကားတစ်စီး ပေးအပ်လှူဒါန်း

**မြင်းခြံ မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အဖြူရောင်လက်များ ပရဟိတအသင်းသို့ ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ကားတစ်စီးကို ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း မိသားစုက မတ် ၁၄ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေရှားပါးသော ဒေသများသို့ သောက်သုံးရေ သွားရောက်လှူဒါန်းပေးနိုင်ရေးနှင့် ရေလိုအပ်သည့် အခြေအနေများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း မိသားစုမှ ရေသယ်ယာဉ် လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ဂါလံ ၃၀၀၀ ဆံ့ ရေသယ်ယာဉ်သည် ကာလတန်ဖိုး ကျပ်သိန်း ၄၇၀ ဖြစ်ကြောင်း သိရသည်။ ရေသယ်ယာဉ် ပေးအပ်လှူဒါန်းရာတွင် အဖြူရောင်လက်များပရဟိတအသင်းဥက္ကဋ္ဌ ဦးအေးချမ်းနိုင်က လက်ခံရယူခဲ့သည်။



မြင်းခြံမြို့ရှိ အဖြူရောင်လက်များ ပရဟိတအသင်းသည် အများပြည်သူအတွက် လူမှုကူညီရေးလုပ်ငန်းများကို ၂၄ နာရီ ဆောင်ရွက်ပေးနေပြီး လူနာတင်ယာဉ်များလည်း ရှိထားပြီးဖြစ်ကြောင်း၊ ယခုအခါ ရေသယ်ယာဉ်ပါ ရောက်ရှိလာပြီဖြစ်၍ နွေရာသီကာလအတွင်း ရေရှားပါးပြတ်လပ်သည့် နေရာများသို့ သွားရောက်ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



သကြၤန်မတိုင်မီနှင့် သကြၤန်ကာလအတွင်း မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းတိုက်နယ်အတွင်းရှိ ဆေးအရောင်းဆိုင်များနှင့် ကွမ်းယာဆိုင်များကို မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့မရဲစခန်း၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က မတ် ၁၄ ရက်က လိုက်လံစစ်ဆေးစဉ်။
သတင်းဓာတ်ပုံ - စိုးနိုင်ဝင်း(သပိတ်ကျင်း)

# ကျေးရွာလျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေး

**တနင်္သာရီ မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု ပဝရွာမတွင် ပြည်သူများ လုံလောက်ပြည့်ဝသော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မြို့နယ် လျှပ်စစ်မီးလင်းရေးကော်မတီနှင့် ဒေသခံများ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ ရက်က အဆိုပါကျေးရွာရှိ ဓမ္မဝိဟာရီ သုံးထပ်ကျောင်းဆောင် ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ် လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က ပဝကျေးရွာအတွင်းမှ ဒေသခံပြည်သူများ၏ လျှပ်စစ်မီးရယူလိုကြောင်း ဆန္ဒပြုတောင်းဆိုမှုအရ လာရောက်တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိမှသာလျှင် ကျေးရွာရော၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းမှ ဦးစီးမှူး ဦးမြတ်ထွန်းနိုင်က မြို့နယ်အတွင်း နိုင်ငံတော်နှင့် ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေကိုလည်းကောင်း၊ ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီမှ မြို့နယ်မန်နေဂျာ ဦးဝင်းကိုက ကုမ္ပဏီအနေဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးရာ၌ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ဆောင်ပေးနေသည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များကိုမေးမြန်းပြီး တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကာ ဒေသခံပြည်သူများက လျှပ်စစ်မီးကို အမှန်တကယ်ရယူလိုကြောင်း ဆန္ဒပြုသဘောတူခဲ့ကြသည်။ သို့ဖြစ်၍ ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်အနေဖြင့် အိမ်ခြေ ၃၂၀ ကျော်ရှိသည့် ပဝရွာမတွင် ဧပြီလကုန်အမီ လျှပ်စစ်မီးရရှိရေးအတွက် လုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ရေစကြိုမြို့နယ်တွင် မြောင်းဟောင်းများပြန်လည်တူးဖော်လျက်ရှိ

**ရေစကြို မတ် ၁၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရမှချထားပေးသော ဘက်ဟိုးစက်ယန္တရားများအား အသုံးပြု၍ ဒေသခံပြည်သူများ၏ စက်မောင်းဆီဖိုးထည့်ဝင်ငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ ချင်းတွင်းမြစ်ကမ်းအနီးရှိ အမှတ် (၈) ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်တို့မှ ထန်းဆယ်ပင်ကျေးရွာရှိ လယ်စိုက်ကေများအား ဆက်သွယ်ထားသောရေသွယ်မြောင်းဟောင်းကို လယ်ယာစိုက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးရေရရှိစေရေးနှင့် ချင်းတွင်းမြစ်ရေတက်၍ ပြန်လည်ကျဆင်းချိန်များတွင် အမှတ် (၇)နှင့် (၈)ရပ်ကွက်အတွင်းရေဝပ်ခြင်းမရှိစေရန် ပြန်လည်တူးဖော်လျက်ရှိသည်ဟုသိရသည်။

"ကျွန်တော်တို့ အမှတ် (၇) ရပ်ကွက်မှာ ပြီးခဲ့တဲ့နှစ် ချင်းတွင်းမြစ်ရေမြင့်တက်ချိန်က ရပ်ကွက်အတွင်းမြစ်ရေဝင်ရောက်ခဲ့ပါတယ်။ မြစ်ရေပြန်ကျချိန်မှာ ရပ်ကွက်ထဲကို မြစ်ရေတင်ကျန်ခဲ့တာရော မိုးကလည်းဆက်တိုက်ရွာတာနဲ့ဆိုတော့ ကျွန်တော်တို့က ရပ်ကွက်လူနေအိမ်ခြေ ၆၅၀ လောက်က တစ်ပေခွဲလောက်ရှိတဲ့ ရေထဲမှာလေးလလောက်နေလိုက်ရပါတယ်။ ရေထဲမိုးထဲမှာ နေရတာအခက်အခဲအတော်ဖြစ်ရပါတယ်" ဟု အမှတ် (၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးလှထွန်းက ပြောသည်။

အဆိုပါ ဘက်ဟိုးစက်ယန္တရားများအား ပြင်ပကုမ္ပဏီများမှ ငှားရမ်းအသုံးပြုပါက ၈ နာရီလျှင် စက်ငှားရမ်းခငွေကျပ်သုံးသိန်းခန့်ပေါက်စျေးရှိသဖြင့် ယခုကဲ့သို့ တိုင်းဒေသကြီးအစိုးရကချပေးသော စက်ယန္တရားကို အခမဲ့သုံးခွင့်ရရှိသဖြင့် ပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာကုန်ကျစရိတ်သက်သာပြီး အကျိုးရှိစေသည်ဟုသိရသည်။



မြောင်းဟောင်းကို ပြန်လည်တူးဖော်ရာတွင် အကျယ် ၁၂ပေ၊ အနက်ငါးပေ၊ မြောင်းပေါင်အမြင့်ခြောက်ပေအဖြစ် ပြန်လည်တူးဖော်လျက်ရှိသည်။ မြောင်းအရှည်ပေ ၈၄၀ ဖြစ်ပြီး အမှတ် (၈) ရပ်ကွက်မှ စတင်ကာ ထန်းဆယ်ပင်ကျေးရွာစပါးခင်းများအထိ ရောက်ရှိမည်ဖြစ်သည်။

အဆိုပါမြောင်းရေသည် ထန်းဆယ်ပင်ချောင်းရိုးမှတစ်ဆင့် ကြီးကံ၊ ကံသစ်အင်းအိုင်များအတွင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အင်းအိုင်ချောင်းမြောင်းများအတွင်းမှ ပခန်းငယ်အင်းအတွင်းသို့ ရောက်ရှိစီးဝင်မည်ဖြစ်သည်ဟု သိရသည်။ ထို့ပြင် မြောင်း၏တောင်ဘက်ခြမ်းတွင် အရှည်ပေ ၅၅၀ ရှိမြောင်းလက်တံခွဲတစ်ခုကိုပါ ထည့်သွင်းတူးဖော်လျက်ရှိပြီး မြောင်းလက်တံခွဲမှ ထွက်ရှိမည့်ရေများသည် ညောင်စောက်ကျေးရွာအနောက်ဘက်ရှိ သေမသောက်အင်းအတွင်းစီးဝင်မည်ဖြစ်ရာ အဆိုပါအင်းရေကိုအသုံးပြု၍ စပါးစိုက်ပျိုးလျက်ရှိသော ညောင်စောက်ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပေါက္ကူကျေးရွာတို့မှ စပါးစိုက်တောင်သူများအတွက် စိုက်ပျိုးရေရရှိကြမည်ဖြစ်သည်။ မြောင်းသည် မြစ်ရေတက်ချိန်များ၌ မြစ်ကမ်းနှင့်သွယ်ဆက်သွားလျက်ရှိသည်ဟု သိရသည်။

အဆိုပါမြောင်းပြန်လည်တူးဖော်ခြင်းပြီးစီးပါက မြောင်းမကြီးနှင့်ဆက်စပ်လျက်ရှိသော ချောင်းငယ်၊ မြောင်းငယ်များ၊ အင်းအိုင်များအတွင်းပါ မြောင်းရေများစီးဝင်မည်ဖြစ်သဖြင့် အဆိုပါမြောင်းရေအသုံးပြု၍ စပါးစိုက်ဧက ၁၀၀၀ ကျော်ခန့်ကို စိုက်ပျိုးနိုင်မည်ဖြစ်သည်ဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

## မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်းဆင်း

**ကျောက်တန်း မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေး ဆင်းရဲမှုလျှော့ချရေးနှင့်တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်းဆင်းပွဲကို မတ် ၁၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာကလုပ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူသုံးဦးတို့အား ဆုများချီးမြှင့်ပေးသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၁၃ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## ဖျာပုံမြို့၌ ကျောင်းသားကျောင်းသူလူငယ်များအတွက် နွေရာသီပညာဒါန ပန်းချီသင်တန်းဖွင့်

**ဖျာပုံ မတ် ၁၆**

နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားကျောင်းသူလူငယ်များ ပန်းချီပညာ လေ့လာရေးဆွဲနိုင်ကြစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး (ဖျာပုံ)မှ ကြီးမှူးကာ မတ်လဒုတိယပတ်မှစ၍ ဖျာပုံမြို့ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၀ ဦးခန့် တက်ရောက်လျက်ရှိပြီး ပန်းချီကျောင်းဆင်းဆရာများက စနစ်တကျသင်ကြားပေးလျက်ရှိကာ သင်တန်းကြေးအခမဲ့ဖြစ်ကြောင်း၊ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရိခေါဒါရ်မြို့ နယ်စပ်ဂိတ်မှဖရဲသီးများ တင်ပို့မှုများပြားလာ

**ရိခေါဒါရ် မတ် ၁၆**

ယခုရက်ပိုင်းအတွင်းသစ်သီးဝလံဝယ်ယူမှုအား မြင့်တက်လာရာ မြန်မာ- အိန္ဒိယနယ်စပ်ဖြစ်သည့် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်းရှိ ရိခေါဒါရ်နယ်စပ်ဂိတ်ကိုဖြတ်ကျော်၍ တစ်ဖက်အိန္ဒိယနိုင်ငံသို့ ဖရဲသီးများတင်ပို့မှု များပြားလာကြောင်းသိရသည်။



အဆိုပါဖရဲသီးများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် အခြားသောဒေသများမှ တင်ပို့လာရခြင်းဖြစ်ကြောင်း၊ ဖရဲသီးများကိုရိခေါဒါရ်မြို့တွင် အလုံးအသေး၊ အကြီးပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၂၀၀၀ မှ ၃၅၀၀အထိ လက်ငင်းရောင်းချနိုင်ကြောင်း၊ ယင်းအပြင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့အထိ တင်ပို့ထားကြောင်း၊ အိုင်ဇောလ်မြို့သို့ ဖရဲသီးများအား ရူပီး ၁၀၀ မှ ၂၀၀ အထိတင်ပို့ရောင်းချနိုင်ကြောင်း ဖရဲသီးတင်ပို့မှု လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ဖရဲသီးများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ နေ့စဉ်မော်တော်ယာဉ် နှစ်စီးမှ ငါးစီးအထိ ပုံမှန်တင်ပို့လာကြောင်း၊ယခုအချိန်တွင်မူ မိုးအနည်းငယ်ရွာသွန်းလာမှုကြောင့် ဖရဲသီးတင်ပို့မှု အနည်းငယ်လျော့ကျနေကြောင်း၊ ဖရဲသီးများအပြင် ပန်းသီး၊ ကြက်သွန်ဖြူ စသည်တို့ကိုလည်း တင်ပို့လာကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်ကျင်းပ

**လွိုင်ကော် မတ် ၁၆**

ကယားပြည်နယ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို လွိုင်ကော်မြို့ စားသုံးသူရေးရာဦးစီးဌာန ရုံးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးဦးခမ်းလျန်စွမ်းက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးခန့်က စားသုံးသူရေးရာအကြောင်း စိုက်ပျိုးရေးရှုထောင့်မှ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်စေရေး အားကစားသင်တန်းဖွင့်



**ပူတာအို မတ် ၁၆**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားသမား မျိုးဆက်သစ်ပေါ်ထွက်လာစေရေး၊ လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းလွတ်စေရန်နှင့်အားကစားကို စိတ်ပါဝင်စားသူများဖြစ်လာစေရန်ရည်ရွယ်ချက်ဖြင့် နွေရာသီအားကစားသင်တန်းကို မတ်လအတွင်း မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

"လောလောဆယ်တော့ ဖူဆယ်အားကစားနည်းကို ဆရာဦးဘရန်မိုင်ကသင်ကြားပေးပါတယ်။ ပူတာအိုမြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲပြီးတာနဲ့ ဘော်လီဘောအားကစားနည်း သင်တန်းပါထပ်ဖွင့်ဖို့ရှိပါတယ်။ မချမ်းဘောမြို့နယ်မှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲပြီးတာနဲ့ ပိုက်ကျော်ခြင်းနဲ့ဘောလုံးအားကစားနည်းနှစ်မျိုးကို သင်ကြားပို့ချဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးကပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၁၀ ရက်မှ ၃၁ ရက်အထိ ရက်သတ္တသုံးပတ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုလက်ရှိ ဖူဆယ်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

သင်တန်းကို နံနက် ၈ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ တစ်ကြိမ် တစ်ရက်လျှင် နှစ်ကြိမ် သင်ကြားသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် ဖူဆယ်အားကစားနည်း၊ ညနေပိုင်းတွင် ဘော်လီဘောအားကစားနည်းများကို စာတွေ့ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အဖြူအလင်းတန်း စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**တောင်ကုတ် မတ် ၁၆**

တောင်ကုတ်မြို့ ဂျိုပြင်ကျေးရွာအုပ်စု ဂျိုပြင်ကျေးရွာ အဖြူအလင်းတန်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက်က အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းနှင့်စာရေးဆရာအောင်သာဆန်း(သံတွဲ)တို့က စာကြည့်တိုက်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးဆိုင်ရာများကိုလည်းကောင်း၊ စာရေးဆရာအောင်သာဆန်း(သံတွဲ)၊ အောင်ခိုင်ထူး(တန်းလွဲ)နှင့် နန္ဒာထွန်း(တောင်ကုတ်)တို့က စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောမှုများကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် အောင်သာဆန်း(သံတွဲ)တို့က စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကြိုတင်ဝင်ငွေခွန် ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားရာ ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။
- ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ် ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည် ဖြစ်ပါသည်။
- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- ➢ တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂(က)အရ မည်သူမဆို နှစ်တစ်နှစ် အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှု အပေါ် သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး နောက် တစ်လအတွင်း တင်ပြရမည် ဖြစ်ပါသည်။
- ➢ တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁(ခ)အရ သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီ အလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- ➢ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာကို အချိန်မီတင်သွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် SGG/5811 Yamaha-150 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၅/ကလထ(နိုင်) ၂၁၄၈၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တမူး)**

## ဝန်ထမ်းအလိုရှိသည်

အရောင်းဝန်ထမ်း ကျား+မ (၁၀)ဦး
ကျွမ်းကျင်ယာဉ်မောင်း ကျား (၂)ဦး

လျှောက်ထားလိုသူများအနေဖြင့် CV Form, နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပညာရေးထောက်ခံချက်၊ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်း မိတ္တူတို့နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာအမှတ်(၅၀၅)၊ မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊

**ဆက်သွယ်ရန် ဖုန်း-၀၁-၂၅၃၃၂၇၊ ၀၁-၃၇၆၈၃၀**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော် ဥတ္တရသီရိမြို့၊မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ လူနေရပ်ကွက် ရွှေနံ့သာရပ်ကွက်၊ မြေကွက်အမှတ်(ဥ-၂၇၂)၊ ဧရိယာ ၀.၁၁၄ ၀၈၂ဧကရှိ ဦးတင်အေး (ဘ) ဦးချော PMA-၁၂၇၅၈၉ အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ဌေး (ဘ) ဦးမြငြိမ်း ၈/နမန(နိုင်)၀၃၄၁၄၀မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနား ဖိတ်ကြားခြင်း

၂၀၁၇ခုနှစ် မတ် ၂၃ရက်တွင်ကျရောက်မည့် (၆၇)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားကို HOTEL ROYAL ACE နေပြည်တော်၌ ၂၃-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၀၉း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အငြိမ်းစား အရာထမ်း၊ အမှုထမ်းများအား ကြွရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**
**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄**

ဒေါ်နန်းဂေးစိန် **နှင့်** ၁။ ဦးမျိုးသန့်
(အထွေထွေကိုယ်စားလှယ် ဦးစောကော်ခို) ၂။ ဒေါ်တင်ရီ
**အနိုင်ဒီကရီရသူ** **တရားရှုံးများ**

(၁) တရားရှုံး ဦးမျိုးသန့်နှင့် (၂) တရားရှုံး ဒေါ်တင်ရီ (အတူနေလင်မယား) အမှတ်-၂၀(က)၊ မင်းကြီးလမ်း၊ မညတကုန်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်နန်းဂေးစိန်(အထွေထွေကိုယ်စားလှယ် ဦးစောကော်ခို)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် မတ်လ ၂၈ ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် မတ်လ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မောင်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**သထုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

ဦးရဲအောင် **နှင့်** ၁။ ဦးစိုးပေ၊ ၂။ ဒေါ်ငုဝါလှိုင်၊ ၃။ ဒေါ်ဌေးဌေး
**တရားလို** **တရားပြိုင်များ**

မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ ခေမာရာမလမ်းကြား၊ အမှတ် ၉၇၂(က)နေ ဦးစိုးပေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးရဲအောင်က ကြက်ဖိုးအကြွေးငွေ (၈၁၈၇၀၀ိ/-)ကျပ် ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၂၈ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**သထုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ-၂၀)**
**သထုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

ဒေါ်ခင်မြကြူ(ခ)ဒေါ်ပု **နှင့်** ၁။ ဦးစိုးပေ
၂။ ဒေါ်ငုဝါလှိုင်
၃။ ဒေါ်ဌေးဌေး
**(တရားလို)** **(တရားပြိုင်များ)**

မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ ခေမာရာမလမ်းကြား၊ အမှတ် ၉၇၂(က)နေ ဦးစိုးပေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်မြကြူ(ခ)ဒေါ်ပုက ကြက်ဖိုးအကြွေးငွေ(၁၅၃၆၀၀၀ိ/) ကျပ် ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၂၈ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**သထုံမြို့နယ်တရားရုံး**


SAMSUNG
သင်္ကြန်အကြို
နွေဦး အထူးဈေးရောင်းပွဲ
မတ်လ (၆) ရက်နေ့ မှ ဧပြီလ (၉) ရက်နေ့ အထိ
Samsung Smartphones နှင့် Tablets တွေဝယ်ယူပြီး
လက်ငင်းငွေသားလက်ဆောင်များရယူပါ . . .
၁၀,၀၀၀ – ၈၀,၀၀၀ ကျပ်
အထိ
လက်ငင်း ငွေသား
လက်ဆောင်
On7, J2 Prime, J5 Prime, J7 Prime,
C9 Pro, A7 2017, A5 2017
အထူးလက်ဆောင်ဗူးများ
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG


ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၅)ခု မှ ရွေးထုတ်ထားသည့် World Star ပဏာမလက်ရွေးစင်များကလာမည့်
ဧပြီလ (၇) ရက်နေ့ ည (၉) နာရီ (၁၅) မိနစ် အချိန်မှာ MRTV-4 မှတစ်ဆင့်
ပရိသတ်ကြီးဆီ အရောက်လှမ်းလာမှာမို့ စောင့်ကြည့်ကြဖို့မမေ့နဲ့နော် . . .
Galaxy STAR
World Star Searching Project
GRAHAM
PHYU PHYU KYAW THEIN
PHOE KAR
J ME
SUNG TIN PAR
Title Sponsored by
SAMSUNG
Main Sponsored by
ooredoo
Co - Produced by
LIFE
Produced by
SBS Plus
NAMIN



# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း ၂၂×၂၃ကြား မောင်ခိုင်လမ်းထောင့်၌ (9.3.2017)တွင် **ဦးဆန်းဝင်း+ဒေါ်ဝင်းမာ**တို့၏ **ဖွဲ့ထက်စိန်ရွှေရတနာဆိုင် အမှတ်(၅)**ကို နိုင်ငံကျော်ရုပ်ရှင်နှင့်သရုပ်ဆောင်များ၊ စစ်ဖက် နယ်ဖက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . . . . . . . .

ဦးရန်မျိုးနိုင် + မစန္ဒာ



# BLUE DIAMOND CEMENT
## ဘလူးဒိုင်းမွန်းဘိလပ်မြေ

BLUE DIAMOND CEMENT

STRENGTH FOREVER



ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ ထိပ်တန်းအင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်

**မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။**

WWW.BLUEDIAMONDCEMENT.COM | 09-777-777-688 | WWW.FACEBOOK.COM/BLUEDIAMONDCEMENT

---

Fully Light Travels & Tours

သင်္ကြန် 2017

တွင်ခရီးစဉ် ၂၃သာကျန်ရှိသောကြောင့် အမြန်ဆုံးဆက်သွယ်လိုက်ပါနော်!

ကိုရီးယားခရီးစဉ် April12-19
(ဂျေဂျူး-ဗူဆန်-ဂရောင်းဂျူး-ဆိုးလ်) 2000 USD

ဟောင်ကောင်ခရီးစဉ် April14-21
(ဟောင်ကောင်-မကာအို-ကွမ်ကျိုး-ကျူဟိုင်-စန်းကျန့်) 1650 USD

HOTLINE ! 09-4210 130 85 , 09 -333 777 82

Tel: 01-503815,01-516932,01-516964,01-516958

Address : Dagon Center(1),Myaynigone

---

# MCC

တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသူ/ကျောင်းသားများ တက်ရောက်နိုင်ပါပြီ။

**နွေရာသီ ရက်တိုသင်တန်းများ**

| အခြေခံ ကွန်ပျူတာ သင်တန်း တက်ရောက်ပြီး သူများအတွက် | အလုပ်ခွင်သို့ ချက်ခြင်း ဝင်ရောက်လိုသူများအတွက် | တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူများ အတွက် တက္ကသိုလ်ဝင်အကြိုသင်တန်း |
|---|---|---|
| ▪ Programming Technique with JAVA | ▪ MCC Secretary Training Course | ▪ Pre-University Foundation Program |
| ▪ Networking & Network Security | ▪ Certified Professional Manager | |

သင်တန်းဖွင့်ရက် - မတ်လ (၂၅)ရက်

သင်တန်းကာလ (၁၀)ပတ်၊ သင်တန်းကြေး - ကျပ် (၂၀၀,၀၀၀)

**Hot-Line: 01-246634, 01-249152**

ကြိုတင်စာရင်းသွင်းရန် - www.facebook.com/mcc.institute

MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152

MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113

MCC.i (Naypyitaw Campus) Ph - 09-254148940, 067 - 421198

MCC.i (Yatanarpon Campus) Ph - 09- 960662744, 02-5178112

MCC.p (Monywa) - 09-965676777, 09-265333120

MCC.p (Pathein) - 09-451 888 373, 09- 773 510 899

---

# ပါကေး အစားထိုး ကြမ်းခင်း

သင်္ကြန် ပွဲတော်အကြို Promotion

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Since 1996

Home

think of House, think of Home



Grade A,B,C,D
စစ်မှန်မှုကိုဝက်ဖြင့် "အာမခံ" လက်မှတ်
စစ်ဆေးပေးသည်။

Buy Flooring → Get Box

၃ ကျင်း ဝယ်ရှင် → ၁ ပုံး လက်ဆောင်

* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
* လက္ကား ဝယ်ယူလိုသူများ အတွက် အထူး ဈေးနှုန်း

ပိတ်ရက်မရှိ

➤ အမှတ် F.( 2~8 ) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

➤ အမှတ်( 11 )၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

HOTLINE: 09-79 700 70 70
09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (မြင်းခြံ) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

---

# ကြည်စိုး I.C

အိမ်ခြံမြေသင်တန်း

09 510 40 41

09 76 510 4041

ဆေးစာအုပ်တွေဖတ်ရုံဖြင့် ဆရာဝန်မဖြစ်ပါ

ဆေးတက္ကသိုလ်ကာဘွဲ့ရမှ ဆရာဝန်

---

ပွဲတော်ချုပ် **ဆန်ဆိုင်**

Door To Door

ဆိုင်ဒေပါက်ဝ မှ အိမ်ပေါက်ဝသို့

01-512443,09-5055574

---

အဝလွန်၍ စိတ်ညစ်နေသူများ ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်

မလိုအပ်သော သွေးထဲမှ အဆီများ အသားထဲမှ အဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည်



ကေသီပန်

# မြတ်သုခ

အမှတ်တံဆိပ်

အဆီကျဆေး

နေ့စဉ်သုံးစွဲခြင်းဖြင့် တစ်လအတွင်း သိသာစွာ ကျစ်လျစ်ပေါ့ပါးသွားစေပါမည်။

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ပင်ရင်း ➤ ယခုလိပ်စာအသစ်။ ။ ခြံအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်။

ဖုန်း - ၀၁ - ၄၀၁၁၀၀၊ ၀၁ - ၅၄၅၂၅၉၊ ၀၁ - ၈၆၀၄၃၆၆

# အဆင့်မီကော်ဖီများ စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် နိုင်ငံအတွက် ပြည်ပဝင်ငွေရရှိမှု အထောက်အကူပြု

**နေပြည်တော် မတ် ၁၆**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒိုးကွင်းကော်ဖီစက်ရုံနှင့် ပုဂ္ဂလိကကော်ဖီခြံများအား ကြည့်ရှုပြီး ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် ရတနာပုံမြို့သစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် Mandalay Coffee Group ကော်ဖီစက်ရုံသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ကော်ဖီစက်ရုံညွှန်ကြားရေးမှူး ... ကော်ဖီစက်ရုံညွှန့်ခန်းမ၌ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က မြန်မာနိုင်ငံကော်ဖီအသင်းတည်ထောင်ခဲ့မှု၊ အသင်းဖွဲ့စည်းပုံ၊ ဈေးကွက်ရရှိမှု၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်ပသို့တင်ပို့နိုင်မှု၊ ဈေးကွက်နှင့်ပညာပေးဆွေးနွေးမှု၊ အရည်အသွေး တိုင်းတာရေးအဖွဲ့ ဖွဲ့စည်းထားမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ Mandalay Coffee Group ကော်ဖီစက်ရုံအတွင်း ကြည့်ရှုစဉ်**
(သတင်းစဉ်)

# အာရှဖလားခြေစစ်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း အပြီးသတ်ပြင်ဆင်



**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မတ် ၁၆**

၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲစတင်ရန် ရက်ပိုင်းသာလိုသောကြောင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မတ် ၁၇ ရက်(**ယနေ့**)တွင် အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲအဖြစ် အောင်ဆန်းကွင်း၌ ယနေ့ နံနက်ပိုင်းတွင် ဇွဲကပင်အသင်း၊ ညနေပိုင်းတွင် သစ္စာအားမာန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၃* ■

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၈ ရက် သတင်းစာတွင် ပါရှိမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၈ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။
(မြန်မာ့အလင်း)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အစိုးရသစ် သက်တမ်းတစ်နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

● မင်းမင်းဇော် (သတင်းစဉ်)






ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

ဒီမိုကရေစီစနစ်ခိုင်မာရေးတွင် တရားဥပဒေစိုးမိုးရေးကဏ္ဍသည် မရှိမဖြစ်အရေးပါသည်။ ပြည်သူများ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်ရေးတည်းဟူသော လူမှုဘဝတည်ငြိမ်ရေးအတွက်လည်း ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှ ဖြစ်မည်။

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက် (၄)ရပ်ဖြင့် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး အပါအဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနအပါအဝင် မီးသတ်ဦးစီးဌာနတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**တစ်တပ်တစ်အား**

ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက် (၄) ရပ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က "မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ ပြည်သူလူထုအခြေပြုရဲလုပ်ငန်းစနစ် (Community Policing) ကို ကျင့်သုံးပြီး ရဲစခန်းနယ်မြေတွေမှာ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ ခြေကျင်လှည့်ကင်းတွေ အပါအဝင် ရေယာဉ် လှည့်ကင်းတွေကိုပါ ဒေသခံပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးအနေနဲ့လည်း အသိပညာပေးဟောပြောခြင်းကို အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် (Home Visit) အပြင် မှုခင်းအသိပညာပေးပြခန်းယာဉ်တွေနဲ့ ရပ်ကွက်နဲ့ကျေးရွာအရောက် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းလျော့နည်းကျဆင်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် စီမံချက်တွေ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

အစိုးရသစ်တစ်နှစ်တာကာလအတွင်း အမှုကြီး (၁၀)မျိုး ၂၅၅၉ မှုနှင့် အခြားအမှု ၁၀ မျိုး ၅၄၁၁၄ မှုတို့ကို အရေးယူနိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၁၀ မျိုး ၁၆၅၁၂၆ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ထို့ပြင် လူမှုကွန်ရက်မှ ခြိမ်းခြောက်နှောင့်ယှက်သည့် အရေးယူမှု ၃၅၁ မှုအနက် ၈၂ မှုမှ တရားခံ အမျိုးသား ၁၀၄ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၁၂၈ ဦး ဖော်ထုတ်တရားစွဲ တင်နိုင်ခဲ့သည်။ ကျန် ၁၇၅ မှုမှာ စုံစမ်းဆဲဖြစ်ပြီး ၂၅ မှုကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**အချပ်ပို (ခ) သို့**

၆

**အထပ်မြင့်အဆောက် အအုံများ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် စက်ရုံအလုပ်ရုံများ၊ ဟိုတယ်မိုတယ်များ၊ ဈေးများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မီးဘေးကြိုတင် ကာကွယ်တားဆီးရေး စစ်ဆေးအကြံပေးခြင်းများကို ဆောင်ရွက်ခဲ့**







အချပ်ပို(က)မှ

### စည်းကမ်းပျက်ယာဉ် ၁၈၃၆၀၁ စီး

"၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ စည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူမှုအနေနဲ့ ကား ၈၀၂၉၇ စီး၊ ဆိုင်ကယ် ၁၀၁၅၁၉ စီး၊ ထော်လာဂျီ အစီး ၇၀၀ ၊ သုံးဘီး ဆိုင်ကယ် ၁၀၈၅ စီး စုစုပေါင်း ၁၈၃၆၀၁ စီး အရေးယူနိုင်ခဲ့ပြီး လိုင်စင်မဲ့ယာဉ်ကား ၂၇၉ စီး၊ ဆိုင်ကယ် ကိုးစီး စုစုပေါင်း ၂၈၈ စီး ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက်မှာ ဆိုရင် ယာဉ်မတော်တဆမှု ၇၄၄ မှု၊ သေဆုံး ၁၇၀ ၊ ဒဏ်ရာရ လူနာ ၁၃၀၄ ဦးရှိခဲ့တဲ့အတွက် ယာဉ်မတော်တဆမှု ကျဆင်းစေဖို့ အရှိန်နှုန်းတိုင်းကိရိယာနဲ့တိုင်းတာပြီး ယာဉ်စီးရေ ၄၀၀၄ စီး ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ဒုတိယရဲမှူးကြီး တင်ဝင်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အစိုးရသစ် သက်တမ်း တစ်နှစ်တာကာလအတွင်း နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ကြေညာချက်အမှတ်(၁/၂၀၁၆)နှင့်အညီ အမှုရင်ဆိုင်နေရသည့် တက်ကြွလှုပ်ရှားသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေး အတွက် တရားရုံးသို့စွဲတင်ပို့ထားသည့် အမှုကိစ္စများ ရုပ်သိမ်းခြင်းနှင့် ရဲစစ်ဆေးဆဲအမှုများ ပိတ်သိမ်းခြင်း စသည်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် ဆောင်ရွက်နိုင်ခဲ့သည်။

### နိုင်ငံရေးအမှုများ ရုပ်သိမ်း

"နိုင်ငံရေးနဲ့ ဆက်နွှယ်တဲ့အမှုတွေ၊ နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေ၊ နိုင်ငံရေးနဲ့ ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေတဲ့ ကျောင်းသား ကျောင်းသူတွေ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ၂၀၁၆ ခုနှစ် ဧပြီလ ၇ ရက်နေ့က ထုတ်ပြန်တဲ့ ကြေညာချက်အမှတ် ၁/၂၀၁၆ အရ နိုင်ငံရေးမှုနဲ့တရားရုံးကို တရားစွဲတင်ထားတဲ့ အမှုတွေ ရုပ်သိမ်းခြင်းကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄(က)အရ လည်းကောင်း၊ ရဲစစ်ဆေးဆဲ အမှုတွေကို ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေပုဒ်မ- ၉၆ အရလည်းကောင်း ရုပ်သိမ်း/ပိတ်သိမ်း ဆောင်ရွက်ခဲ့ပါတယ်။

"၂၀၁၆ ခုနှစ် ဧပြီလ ၈ ရက်ကနေ ဇူလိုင်လ ၁ ရက်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိုင်းဒေသကြီး ခြောက်ခုနဲ့ ပြည်နယ် လေးခုမှာ ရုပ်သိမ်းအမှုပေါင်း ၁၇၄ မှုနဲ့ ပိတ်သိမ်းအမှုပေါင်း ၁၀၀ စုစုပေါင်း ၂၇၄ မှု ၊ တရားခံ အမျိုးသား ၃၈၀ ၊ အမျိုးသမီး ၇၅ ဦး၊ ကလေး နှစ်ဦး စုစုပေါင်း ၄၅၇ ဦးတို့ကို အမှုရုပ်သိမ်းခြင်းနဲ့ ပိတ်သိမ်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဒုရဲမှူးကြီး တင်ဝင်းက ဆိုသည်။




ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ်ဖြင့် လှည့်ကင်းဆောင်ရွက်ရန် အသင့်ရှိနေသည့် ရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်



ရန်ကုန်မြို့တွင်း စက်ဘီးဖြင့် ကင်းလှည့်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ



မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မော်တော်ယာဉ်လှည့်ကင်း

### အတည်ပြုပြဋ္ဌာန်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းနိုင်ရေးအတွက် ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို စီမံချက်ချမှတ်တိုးမြှင့်ဖမ်းဆီးခြင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်စနစ်နှင့်အညီ ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ရေးဆွဲခြင်းတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေ(၂၂) ခုရှိရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ကြီးကြပ်၍ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိသည့် ဥပဒေများကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် ဥပဒေများ ဖြစ်စေရေး၊ အစိုးရ၏မူဝါဒ နှင့်ကိုက်ညီမှုရှိစေရေးနှင့် အများပြည်သူလေးစားလိုက်နာနိုင်သည့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်သည့် ဥပဒေဖြစ်ရေးတို့အတွက် လက်ရှိဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းနှင့် ရုပ်သိမ်း၍ အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့သည်။

### မူလအတိုင်းထားရှိ

မြန်မာနိုင်ငံရဲတပ်ဖွဲ့စီမံခန့်ခွဲမှုအောက်တွင် The Unlawful Association Act (India Act 4 – 1908, Vol. II) ၁၉၀၈ ခုနှစ်၊ မတရားအသင်းအက်ဥပဒေ၊ The Myanmar Passport Act (India Act 34-1920, Vol.I) ၁၉၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ၊The Myanmar Official Secrets Act (19, 1923) ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံလျှို့ဝှက်ချက်အက်ဥပဒေ၊ The Public Order (Preservation) Act (Myanmar Act 16, 1947, Vol. II) ၁၉၄၇ခုနှစ်၊ ပြည်သူငြိမ်ဝပ်ပိပြားရေး(ထိန်းသိမ်းစောင့်ရှောက်မှု)အက်ဥပဒေ၊ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေ၊ The Explosives Substances Act (India Act 6, 1908, Vol.II) ၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအက်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၆ ခုနှစ်၊ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ၊ ၂၀၁၆ခုနှစ်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေနှင့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေစသည့် ဥပဒေ(၁၂) ခုကို မူလအတိုင်း ထားရှိမည်ဖြစ်သည်။

ရုပ်သိမ်းပြီး အသစ်ရေးဆွဲမည့် ဥပဒေ(၈)ခုမှာ ( The Arms Act)(India Act XI, 1878)၁၈၇၈ ခုနှစ်၊ လက်နက်များအက်ဥပဒေ၊ Temporary Amendment Act.(Act LI/1951)၁၉၅၁ ခုနှစ်၊ လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်စီရင်မှု)(ယာယီ) အက်ဥပဒေ၊ The Yangon Police Act(India Act. 4.1899, Vol.I)၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲအက်ဥပဒေ၊ The Police Act(6, 1945) ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ၊ ၁၉၀၄ ခုနှစ်၊ တရားခံလွှဲပြောင်းပေးရေးဥပဒေ၊ ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေများဖြစ်ကြောင်း သိရသည်။

### မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေ

"ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေနှစ်ခုကတော့ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွေဖြစ်ပါတယ်၊ အသစ်ရေးဆွဲမှာကတော့ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေဖြစ်ပါတယ်"ဟု ဒုတိယရဲမှူးကြီး တင်ဝင်းက ပြောသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက် တာဝန် ၄ ရပ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြို့နှင့် ကျေးရွာများ စနစ်တကျဖွဲ့စည်းခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ခြင်း၊ အသင်းအဖွဲ့များဥပဒေနှင့်အညီ ဖွဲ့စည်းခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များချီးမြှင့်ခြင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်ဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီမြေယာစီမံခန့်ခွဲခြင်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်လေးမျိုး လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံခြင်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပင်မလုပ်ငန်းတာဝန်များဖြစ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ မြေပိုင်ဆိုင်မှုခိုင်မာစေရန် အိမ်ခြံမြေအာမခံချက်များရရှိရေး ဆောင်ရွက်ခဲ့ရာ လက်ရှိအစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်း ကျေးရွာမြေငှားဂရန်ပေါင်း ၂၀၆၆၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### အခွန်လေးမျိုး ကောက်ခံရငွေ ၁၀၄ ဒသမ ၀၄ ရာခိုင်နှုန်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ယစ်မျိုးခွန်အပါအဝင် အခွန်လေးမျိုးကောက်ခံရန် ကျပ် ၂၇၉၀၈ ဒသမ ၆၅၇ သန်း လျာထားခဲ့ရာ ယနေ့အထိ ကျပ် ၂၉၀၃၅ ဒသမ ၂၇၄ သန်း ကောက်ခံရရှိသဖြင့် ၁၀၄ ဒသမ ၀၄ ရာခိုင်နှုန်း ကောက်ခံရရှိခဲ့သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကို ယခင်က ဗဟိုအဖွဲ့တစ်ခုတည်းကသာဆောင်ရွက်ပြီး ယခုအခါ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်များတွင် မှတ်ပုံတင်ရေး အဖွဲ့များ ထားရှိဆောင်ရွက်ပြီး ပြည်ထောင်စုအဆင့်တွင်

အချပ်ပို(ဂ)သို့

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



အချပ်ပို(ခ)မှ
နှစ်စဉ်ကြေး ကျပ် တစ်သိန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်အဆင့်တွင် နှစ်စဉ်ကြေး ကျပ်သုံးသောင်း၊ ခရိုင်နှင့် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့များတွင် မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ဖြေလျှော့ပေးနိုင်ခဲ့သည်။

အစိုးရ၏ တစ်နှစ်တာသက်တမ်းအတွင်း အသင်းအဖွဲ့ မှတ်ပုံတင်စုစုပေါင်း NGO (၁၅၈၁)ဖွဲ့နှင့် INGO အဖွဲ့(၃၀) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ယနေ့အထိ စုစုပေါင်း အသင်းအဖွဲ့ ၂၂၉၅ ဖွဲ့ ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိတရားကင်းရှင်းရန် ရည်ရွယ်၍ အမိုးအကာတစ်ခုတည်းအောက်၌ ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်သည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များ ဖွင့်လှစ်၍ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည်။

### ပြည်သူ့အတွက် OSS

"ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးရာမှာ အဆင်ပြေချောမွေ့စေတဲ့ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်ဖို့၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေကို တားမြစ်ပြီး ထိရောက်တဲ့ဝန်ဆောင်မှု အလေ့အကျင့်တွေ ပြုစုပျိုးထောင်ပေးနိုင်ဖို့၊ ပြည်သူတွေက အစိုးရနဲ့ ဌာနဆိုင်ရာတွေအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေဖို့နဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ ဦးစီးဌာနတွေအလိုက် အပြန်အလှန်ထိန်းကျောင်းမှုတွေ ပြုနိုင်ရေးအတွက် အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီး "ပြည်သူ့အတွက် OSS"ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) တွေ ထူထောင်ဖွင့်လှစ်ခဲ့ပါတယ်"ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းသိုက်ဝင်းက ရှင်းပြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်တို့တွင် (OSS) ရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး ဆပ်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ရာ ရုံးပေါင်း ၃၁၆ ရုံးကို ဖွင့်လှစ်နိုင်ခဲ့သည်။ ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် ဌာန ၁၅ ခုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြည်သူ့ဝန်ဆောင်မှုရုံးများမှ ယခုနှစ် ဇန်နဝါရီလကုန်အထိ ကချင်ပြည်နယ်တွင် ၄၂၅၃၈ ခု၊ ကယားပြည်နယ်တွင် ၅၃၆၂ ခု၊ ကရင်ပြည်နယ်တွင် ၄၉၂၀၀၊ ချင်းပြည်နယ်တွင် ၁၆၆၁၂ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၄၈၂၉၉ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၄၆၂၀၁ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၄၇၉၃၇ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၆၃၂၀၂ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၁၂၅၉၆ ခု၊ မွန်ပြည်နယ်တွင် ၁၂၃၁၅၁ ခု၊ ရခိုင်ပြည်နယ်တွင် ၃၉၁၁၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂၃၉၁၂ ခု၊ ရှမ်းပြည်နယ်တွင် ၆၃၆၃၆၄ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၇၄၃၁၅ ခုနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၉၉၇၀ စုစုပေါင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ၁၅၅၈၇၆၁ ခုကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

### စုံစမ်းဖော်ထုတ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် စီးပွားရေးဆိုင်ရာ ပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် သတင်းများ စုဆောင်းတင်ပြရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူသည့် ဌာန၏ရည်မှန်းချက်များကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါဆောင်ရွက်ခြင်း၊ သတင်းထောက်လှမ်းစုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးကိစ္စဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် အစိုးရသက်တမ်း တစ်နှစ်တာအတွင်း ငွေကြေးခဝါချမှုများနှင့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းခြင်းများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့် စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့သည်။

ငွေကြေးခဝါချမှုစိစစ်ခြင်းလုပ်ငန်းများ စိစစ်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ရာတွင် အမှုပေါင်း၉၃ မှု စိစစ်ရန် တာဝန်ပေးအပ်ခဲ့ပြီး ၅၆ မှု စိစစ်ဆောင်ရွက်နိုင်ခဲ့သည်။ စုံစမ်းစစ်ဆေးရသည့် တိုင်စာ ၆၈ မှုအနက် ၅၂ မှု ဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၆ မှု စစ်ဆေးဆောင်ရွက်ဆဲဖြစ်သည်။

### နိုင်ငံတော်ငွေကြေးအလွဲသုံးစားမှု လျော့နည်းပပျောက်ရေး

"အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း အစိုးရဌာနတွေ အပါအဝင် အဖွဲ့အစည်းအသီးသီးတွေမှာ မလိုလားအပ်တဲ့ မသမာမှုတွေ၊ ငွေကြေးအလွဲသုံးစားမှုတွေ မရှိစေဖို့ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ အထူးစီမံချက်တွေ ချမှတ်ဆောင်ရွက်နေပါတယ်။ သတင်းထောက်လှမ်းရယူပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့လို့ နိုင်ငံတော်


မန္တလေးဗဟိုအကျဉ်းထောင်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် လူငယ်အကျဉ်းသားများအား ပညာသင်ကြားနေစဉ်

ငွေကြေးအလွဲသုံးစားမှုတွေ လျော့နည်းပပျောက်ရေး ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ပြောသည်။

ငွေကြေးခဝါချမှုသည် ကြီးမားသည့် စီးပွားရေးဆိုင်ရာ အမှုအခင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူများသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိလာသည့် ငွေကြေးနှင့် ပစ္စည်းများကို အသွင်ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ တရားမဝင်လွှဲပြောင်းခြင်းများ ပြုလုပ်ခြင်းဖြင့် တရားဝင်အနေအထားကို ရောက်ရှိရန် ခဝါချဆောင်ရွက်ခြင်းဖြစ်သည်။

ထိုကဲ့သို့သော မှုခင်းများကို အရှိန်အဟုန်မြှင့် စုံစမ်းဖော်ထုတ်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုအရေးယူနိုင်သည့်အပြင် အများနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းနှင့်ငွေကြေးများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သောကြောင့် အများပြည်သူကို အကျိုးရှိစေမည်ဖြစ်သည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးက "အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်းမှာ ငွေကြေးခဝါချမှု ကျူးလွန်သူတွေကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းတွေပြုလုပ်ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ-၄၃ နဲ့ တရားစွဲနိုင်ဖို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ငွေကြေးအလွဲသုံးစားမှုတွေနဲ့ ဝန်ထမ်းဆိုင်ရာ မသမာမှုဆောင်ရွက်နေတာတွေ၊ စီးပွားရေးဆိုင်ရာ အမှုအခင်းတွေဖြစ်တဲ့ ငွေကြေးခဝါချမှုနဲ့ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုတွေကို အရှိန်အဟုန်မြှင့် စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ပါတယ်"ဟု ရှင်းပြသည်။

### ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်း

အကျဉ်းဦးစီးဌာနသည် အကျဉ်းသား၊ အချုပ်သားများကို ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်းဆောင်ရွက်ရသည့် ဌာနတစ်ခုဖြစ်သည်။ အကျဉ်းသား၊ အချုပ်သားများကို ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်းရာတွင် အကျဉ်းသား၊ အချုပ်သားများ၏ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်များ တတ်မြောက်သွားစေရေးတို့အပြင် ပြစ်ဒဏ်ကာလပြည့်ပြီးသည့်နောက် ဘဝရပ်တည်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည့်အစီအမံများကိုပါ ဝန်ဆောင်မှုပေးနေသည့် ဌာနတစ်ခုဖြစ်သည်။

လုံခြုံစွာထိန်းသိမ်းရေး၊ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့သည် အကျဉ်းဦးစီးဌာနရဲ့ ရည်မှန်းချက် (၄)ရပ် ဖြစ်သည်။

အစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများတွင် အ - သုံးလုံးပညာသင်ပေးခြင်း၊ ဘာသာရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း၊ အတန်းပညာဆက်လက်သင်ကြားပေးခြင်း၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲပြုလုပ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

### ထောင်ဝင်စာတွေ့ဆုံခွင့်

"လက်ရှိအစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်းမှာ ထောင်ဝင်စာ တွေ့ဆုံခွင့်ပြုတဲ့လုပ်ငန်းစဉ်ကို အကျဉ်းသား၊ အချုပ်သားမခွဲခြားဘဲ တစ်ပတ်မှာ တစ်ကြိမ် တွေ့ဆုံခွင့်နဲ့ ညှိတွေ့ချိန်ကို အနိမ့်ဆုံး ၂၅ မိနစ်အထိ တိုးမြှင့်ဆောင်ရွက်ပေးပြီး ဖြေလျှော့မှုတွေပေးခဲ့ပါတယ်။ အကျဉ်းသား၊ အချုပ်သားတွေရဲ့ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်တွေ တတ်မြောက်သွားစေရေး၊ ပြစ်ဒဏ်ကာလစေ့လို့ လွတ်မြောက်တဲ့အခါ ဘဝရပ်တည်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်တဲ့ အစီအမံတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ရှင်းပြသည်။

ပြစ်ဒဏ်ကျ အကျဉ်းသားများ၏ အတန်းပညာဆက်လက်သင်ကြားစေရေးအတွက် ၂၀၁၃-၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အကျဉ်းသား ကျောင်းသား ခုနစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ နှစ်ဦးအောင်မြင်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ခုနစ်ဦး အောင်မြင်ခဲ့သည်။ ပြီးခဲ့သည့် ပညာသင်နှစ်တွင်လည်း အကျဉ်းသား ၁၉ ဦးဖြေဆိုခဲ့ရာ တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်သူ နှစ်ဦး အပါအဝင် ၁၁ ဦး အောင်မြင်ခဲ့သည်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပထမနှစ်အဝေးသင် တက္ကသိုလ်စာမေးပွဲကို မြန်မာစာဘာသာအထူးပြုဖြင့် အကျဉ်းသား တစ်ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ယခု တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်လည်း အကျဉ်းသား ၃၅ ဦး၊ အကျဉ်းသူ သုံးဦး ဝင်ရောက်ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့သည် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ ဖြစ်ကြသည်။

အချပ်ပို(ဃ)သို့


စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်



ဘောလခဲမြို့နယ် ဘောလခဲကျေးရွာအုပ်စု ဝမ်ချယ်ကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးရေး ပြည်သူများအား ချပြရှင်းလင်းစဉ်



သာယာဝတီဗဟိုအကျဉ်းထောင်အတွင်း နံနက်ခင်း ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်နေစဉ်

အချပ်ပို(၈)မှ

### အထပ်မြင့်အဆောက်အအုံများ

အစိုးရသစ်သက်တမ်း တစ်နှစ်အတွင်း မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကာကွယ်ရေးစစ်ဆေးခြင်း၊ ရပ်ရွာနှင့် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးနှင့် လူထုအသိပညာပေးလုပ်ငန်းငန်းများ ဆောင်ရွက်ခြင်း၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် စက်ရုံအလုပ်ရုံများ၊ ဟိုတယ်မိုတယ်များ၊ ဈေးများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး စစ်ဆေးအကြံပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်ဘေးအန္တရာယ် ကျရောက်သူများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ထိရောက်စွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားရှာဖွေကယ်ဆယ်ရေး အစီအမံများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေး ကော်မတီတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အတွင်းရေးမှူးအဖြစ် ပါဝင်လျက်ရှိသည်။

### ရေလှူဒါန်း

၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေပြတ်လပ်သည့် မြို့နယ်များကို မီးသတ်ဦးစီးဌာနက ရေလှူဒါန်းမှု အကြိမ်ပေါင်း ၂၂၄၇ ကြိမ်၊ ရေဂါလန်ပေါင်း ၃၆၂၁၂၃၀ ပေးဝေလှူဒါန်းနိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ် ဧပြီလမှ ယခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်အပါအဝင် မတော်တဆမှုဖြစ်စဉ် ၁၄၈၅ ကြိမ်အနက် သဘာဝဘေးဖြစ်စဉ် ၅၇၄ ကြိမ်၊ ရုတ်တရက်ဖြစ်ပွားမှုဖြစ်စဉ် ၄၃၈ ကြိမ်နဲ့ အခြားမတော်တဆမှုဖြစ်စဉ် ၄၄၆ ကြိမ် ဖြစ်ပွားခဲ့ရာ ၁၉၇၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၄၃၈ ဦး သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀၆၄ ဦးနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၂၁၀ တို့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ရှင်းပြသည်။



အင်းစိန်ဗဟိုအကျဉ်းထောင်၌ တရားစခန်းဝင်မည့် ယောဂီများအတွက် အိပ်ရာများ ပြင်ဆင်ထားစဉ်



စစ်တွေအကျဉ်းထောင်တွင် အားကစားပြိုင်ပွဲများ ကျင်းပစဉ်

### မီးသတ်ယာဉ် ၃၁၃၆ စီး

မီးသတ်ဦးစီးဌာနတွင်ပြီးခဲ့သည့်နှစ် မတ်လအထိ မီးသတ်ယာဉ် ၂၉၂၀ ရှိရာမှ ယခုနှစ် မတ်လအထိ ၂၁၆ စီး ဖြည့်တင်းနိုင်ခဲ့ပြီး စုစုပေါင်းမီးသတ်ယာဉ် ၃၁၃၆ စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မီးသတ်ဦးစီးဌာနဖွဲ့စည်းပုံများ ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဌာနတွင်း လေ့ကျင့်ရေးသင်တန်းများ၊ အကြိုအခြေခံမီးသတ်သင်တန်းများ၊ အရန်မီးသတ်မွမ်းမံသင်တန်းများ၊ မီးသတ်ယာဉ်နှင့် မီးသတ်စက်ဖြည့်တင်းခြင်းများ၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်းများနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားမတော်တဆမှုဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

“ဒီတစ်နှစ်တာကာလအတွင်းမှာ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့လို့ မီးလောင်မှုအကြိမ်ရေ လျော့နည်းလာပြီး မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးတွေ လျော့ကျလာမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေကျင်းပနိုင်ခဲ့လို့ မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ နည်းပညာတွေ၊ မီးသတ်ပစ္စည်းကိရိယာတွေနဲ့ စီမံခန့်ခွဲမှုနည်းစနစ်တွေကို လေ့လာသိရှိခဲ့တယ်၊ နိုင်ငံတကာနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်”ဟု မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက ဆိုသည်။

အစိုးရသစ်၏ တစ်နှစ်တာသက်တမ်းကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမဏ္ဍိုင် ပိုမိုအားကောင်းလာမည်ဟု ယုံကြည်မိပါကြောင်း...။



ဗန်းမော်အကျဉ်းထောင်တွင် ကြိမ်ရက်ခြင်းသင်တန်းဖွင့်လှစ်သင်ကြားစဉ်



ကျိုင်းတုံအကျဉ်းထောင်တွင် အကျဉ်းသားများ ‘အ’သုံးလုံးသင်ကြားစဉ်

# အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

● သတင်းဆောင်းပါး - မောင်ဆွေ၊ သိမ့်သိမ့်မိုး

“စိစစ်အကြံပြုခဲ့တဲ့ ဥပဒေတွေအနက် ဥပမာအနေနဲ့ ပြောရရင် ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေအရ နိုင်ငံသားနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူအားလုံးဟာ တူညီတဲ့ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။




“အလားတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (မူကြမ်း) ကိုလည်း ကျွန်တော်တို့ရုံးက စိစစ်အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ မကြာမီ ထုတ်ပြန်ကြေညာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်တစ်ခုကတော့ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေ (IP Law) တွေ ဖြစ်ပါတယ်။ ဒီဥပဒေတွေကို ပြဋ္ဌာန်းပြီးရင်တော့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် အများကြီး အထောက်အကူပြုမှာ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောကြားသည်။

> **ကျွန်တော်တို့အနေနဲ့ အစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနများက ဥပဒေအကြံဉာဏ်တောင်းခံသော ကိစ္စရပ်များ ပိုများလာပြီး ကျွန်တော်တို့ရုံးအနေနဲ့လည်း မြန်မြန်ဆန်ဆန် ပြန်ကြားနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအကြံဉာဏ်ပေးခြင်းမှာ မြန်ဆန်ခြင်းထက် ဥပဒေနဲ့အညီမှန်ကန်ခြင်းက ပိုမိုအရေးကြီးတဲ့အတွက် မှန်လည်းမှန်၊ မြန်လည်းမြန်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။**

**ကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်ရသည့် ရုံးတစ်ရုံးဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေများ စိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနနှင့် စီမံရေးရာဦးစီးဌာနဟူ၍ ဦးစီးဌာနလေးခုဖြင့် ဖွဲ့စည်းထားပြီး အဆင့်ဆင့်သော ဥပဒေရုံးများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံး ၁၄ ရုံး၊ ခရိုင်ဥပဒေရုံး ၇၂ ရုံးနှင့် မြို့နယ်ဥပဒေရုံး ၃၃၀ တို့ဖြင့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥပဒေများစိစစ်ရေးဦးစီးဌာနအနေဖြင့် တစ်နှစ်တာကာလအတွင်း ဥပဒေမူကြမ်း ၆၈ ခု၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) ၁၃၁ ခုကို စိစစ်အကြံပြုခဲ့ကြောင်း၊ ဥပဒေ ၈၀ ကိုလည်း မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရသည်။

**နိုင်ငံအတွက် အရေးပါ**

စိစစ်ခဲ့သော ဥပဒေများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားသားများဆိုင်ရာဥပဒေ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း၊ တီထွင်မှု၊ ကုန်အမှတ်တံဆိပ်၊ စာပေနှင့်အနုပညာဥပဒေများသည် နိုင်ငံအတွက် အရေးပါသောဥပဒေများဖြစ်သည်။ အလားတူ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတို့ကိုလည်း စိစစ်အကြံပြုခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ အရေးပေါ်စီမံမှုဥပဒေကို ရုပ်သိမ်းသည့် ဥပဒေတို့ကိုလည်း စိစစ်အကြံပြုခဲ့သည်ဟု သိရသည်။

**စိစစ်အကြံပြု**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ Convention များနှင့် ညီညွတ်စေရန် စိစစ်အကြံပြုခဲ့ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနအနေဖြင့် တစ်နှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာနှင့်သက်ဆိုင်သည့်ကိစ္စ အမှု ၄၉၀၊ အစိုးရဌာနများနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ ချုပ်ဆိုသော စီးပွားရေးစာချုပ်စာတမ်း ၅၆၄ ခု၊ အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စ ၁၃၂ ခု တို့ကို စိစစ်အကြံပြု ပြန်ကြားခဲ့သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတ်တမ်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ဖက်စာချုပ်ဝင်များကြား နည်းပညာ၊ ငွေရေးကြေးရေးထောက်ပံ့ကူညီရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များအပေါ် ဥပဒေအကြံဉာဏ်ပေးရာတွင် ၂၀၁၆ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်တစ်ခုဖြစ်သည့် ICESCR အား မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်သံရုံးတို့အကြား ချုပ်ဆိုခဲ့သည့် MoU ကို လက်မှတ်ရေးထိုးနိုင်ရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှပစိဖိတ်အဖွဲ့မှ နိုင်ငံအချင်းချင်း အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံအပေါ် ဒုတိယအကြိမ် အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအရ ဆောင်ရွက်ရသော ကိုယ်ပိုင်အကဲဖြတ်ဆန်းစစ်သုံးသပ်ချက်လုပ်ငန်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတော်ကိုယ်စားအမှုလိုက်ပါဆောင်ရွက်**

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနက ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စားအမှုလိုက်ပါခြင်းများ ဆောင်ရွက်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့

**အချပ်ပို (စ) သို့**

**အချပ်ပို(င)မှ**

လျှောက်ထားသည့် စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် နိုင်ငံတော်ဘက်မှလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရုံးသဟာယအဖြစ်လည်းကောင်း လိုက်ပါဆောင်ရွက်ရသည်။

ပြည်ထောင်စုရှေ့နေချုပ်က "ရာဇဝတ်မှုတွေကို တရားစွဲဆို၊ အမှုလိုက်ပါဆောင်ရွက်ရာမှာ ကြန့်ကြာမှုမရှိစေဖို့အတွက် အဓိကကျတဲ့ သက်သေတွေကို ရုံးရှေ့ရောက်ရှိရန် ဆင့်ခေါ်ရေး၊ မလိုအပ်ဘဲ ရုံးချိန်းရက်ကိုခွာပြီး ချိန်းဆိုမှုမပြုရေးကို သက်ဆိုင်ရာတရားရုံး၊ တရားစွဲအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ဆိုသည်။

ယင်းကဲ့သို့ အမှုများကြန့်ကြာမှုမရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးထားသကဲ့သို့ ဥပဒေအကြံတောင်းခံလာသည့်အခါတွင်လည်း ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**အမှုရုပ်သိမ်းခြင်း**

အမှုရုပ်သိမ်းခြင်းကိုလည်း ကြန့်ကြာမှုမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ အမှုပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေရုံးအဆင့်ဆင့်တွင် ပိတ်သိမ်းရန် တင်ပြမှုပေါင်း ၅၃၁၀ ရှိသည့်အနက် ၅၂၁၁ မှု ဆောင်ရွက်ပြီးစီးခဲ့သည်။

တရားစွဲအဖွဲ့အစည်းက စုံစမ်းထောက်လှမ်းနေသော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ အမှုပိတ်သိမ်းခွင့်ပြုနိုင်သော အခြေအနေခြောက်မျိုးရှိကြောင်း သိရသည်။ ၎င်းတို့မှာ တရားခံသေဆုံးမှု၊ ရဲအရေးယူပိုင်ခွင့်မရှိသောအမှု၊ လွှဲပြောင်းမှု၊ စုံထောက်မရမှု၊ လီဆယ်မှုနှင့်မှားယွင်းမှုတို့ကြောင့် အမှုပိတ်သိမ်းရခြင်းဖြစ်သည်။

တရားစွဲအဖွဲ့အစည်းက အမှုပိတ်သိမ်းလိုကြောင်း ဥပဒေရုံးအဆင့်ဆင့်ကို တင်ပြလာပါက ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် ပိတ်သိမ်းရန် သင့်၊ မသင့် စိစစ်ရသည်။ စိစစ်သော အချက်များမှာ တရားခံအား တရားစွဲဆိုရန် အချက်အလက်ပြည့်စုံခိုင်လုံခြင်း ရှိ မရှိ၊ သက်သေခံအထောက်အထားများ ထပ်မံစုံစမ်းဖော်ထုတ်နိုင်ဖွယ်ရာ ရှိ မရှိ၊ ရဲစက္ကူအမှုတွဲပါ နေ့စဉ်မှတ်တမ်းအရ စုံစမ်းထောက်လှမ်းမှုပြည့်စုံခြင်း ရှိ မရှိတို့ဖြစ်သည်။ ဖော်ပြပါအချက်များနှင့်အညီ ပိတ်သိမ်းရန် အထောက်အထားခိုင်လုံပါက သက်ဆိုင်ရာဥပဒေရုံးက အမှုပိတ်သိမ်းရန် ဆုံးဖြတ်သည်။

အမှုရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေရုံးအဆင့်ဆင့်သို့ ရုပ်သိမ်းရန် တင်ပြလာသည့်အမှုပေါင်း ၁၉၉၄၃ မှုအနက် ရုပ်သိမ်းခွင့်ပြုခဲ့သောအမှုပေါင်း ၁၈၆၁၀၊ ရုပ်သိမ်းခွင့်မပြုရန်ဆုံးဖြတ်သည့်အမှုပေါင်း ၁၂၅၈ မှုဖြစ်သည်။

ရုပ်သိမ်းခွင့်ပြုခဲ့ရသော အကြောင်းများမှာ အမှုသည်အချင်းချင်း နှစ်ဖက်ကျေအေးကျေနပ်မှု ရရှိကြပြီးဖြစ်ခြင်း၊ အမှုသည်များသည် ဆွေမျိုးသားချင်းများဖြစ်၍ အမှန်တရားကို ထုတ်ဖော်ပြောဆိုမည်မဟုတ်ခြင်း၊ နှစ်နာသူရရှိသည့်

**အချပ်ပို(ဆ)သို့**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ရန်ကုန်တရားဥပဒေစိုးမိုးရေးစင်တာ၌ ဧည့်သည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်

**ဥပဒေများစိစစ်ရေးဦးစီးဌာနအနေဖြင့် တစ်နှစ်တာကာလအတွင်း ဥပဒေမူကြမ်း ၆၈ ခု၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) ၁၃၁ ခုကို စိစစ်အကြံပြုခဲ့ကြောင်း၊ ဥပဒေ ၈၀ ကိုလည်း မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရ**




တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ပထမအကြိမ်အစည်းအဝေး ကျင်းပစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



အချပ်ပို(၈)မှ

ဒဏ်ရာများသည် ကြီးကြီးမားမားမဟုတ်ဘဲ ဒဏ်ရာများ ပျောက်ကင်းနေပြီဖြစ်ခြင်း၊ တရားခံဘက်မှ လူမှုရေးအရ လိုအပ်သော ဆေးကုသမှုနှင့် လူမှုရေးစရိတ်များအား ပေးအပ်မှုရှိခြင်း၊ တရားလိုဘက်မှ တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်အထောက်အထား တင်ပြနိုင်မှုမရှိခြင်း၊ အမှုစစ်ဆေးပေါ်ပေါက်သည့် သက်သေခံချက်များအရအမှုကို ဆက်လက်စစ်ဆေးပါက အကျိုးထူးဖွယ်ရာမရှိခြင်း စသည်တို့ကိုစိစစ်ပြီး အမှုများကို ရုပ်သိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါအကြောင်းအချက်များနှင့် ညီညွတ်ပါက အမှုရုပ်သိမ်းရန်အတွက် သက်ဆိုင်ရာတရားရုံးသို့ ထောက်ခံတင်ပြဆောင်ရွက်သည်ဟု သိရသည်။

**အမိန့်ကြော်ငြာစာအမှတ် ၁၄ / ၂၀၁၇**

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ၉-၂-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာ စာအမှတ် ၁၄/ ၂၀၁၇ ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ၂၂-၂-၂၀၁၇ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၁၁-၃-၂၀၁၇ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဧည့်သည်များ တရားဥပဒေစိုးမိုးရေးစင်တာ (မန္တလေး)၌ စုပေါင်းဓာတ်ပုံရိုက်စဉ်



ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်

ယင်းအဖွဲ့တွင် လွှတ်တော်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေပါမောက္ခ၊ လူမှုအဖွဲ့အစည်းဝင်များနှင့် တရားလွှတ်တော်ရှေ့နေများပါဝင်သဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးကဏ္ဍအတွက် အဓိကကျသောဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များပါဝင်သည်။

**၂၀၁၅-၂၀၁၉ ခုနှစ် မဟာဗျူဟာစီမံကိန်း**

"တရားဥပဒေ စိုးမိုးရေးဆီသို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ၂၀၁၅-၂၀၁၉ ခုနှစ် မဟာဗျူဟာစီမံကိန်းကို ကျွန်တော်တို့ ချမှတ်အကောင်အထည်ဖော်နေပါတယ်"ဟု ပြည်ထောင်စုရှေ့နေချုပ်က ပြောသည်။

အချပ်ပို(၉)သို့

**စိစစ်ခဲ့သော ဥပဒေများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားသားများဆိုင်ရာ ဥပဒေ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း၊ တီထွင်မှု၊ ကုန်အမှတ်တံဆိပ်၊ စာပေနှင့် အနုပညာဥပဒေများသည် နိုင်ငံအတွက် အရေးပါသောဥပဒေများဖြစ်သည်။ အလားတူ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတို့ကိုလည်း စိစစ်အကြံပြုခဲ့**




ဒုတိယရှေ့နေချုပ် မုံရွာမြို့၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာန လက်ထောက်အတွင်းဝန်နှင့်အဖွဲ့ ဆွေးနွေးစဉ်

**ဥပဒေရုံးအဆင့်ဆင့်တွင် အမှုများ ကြန့်ကြာမှုမရှိစေရန် (Case Management) များ ပိုမိုကောင်းမွန်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ အလားတူ တရားစီရင်ရေး ကဏ္ဍ တိုးတက်ကောင်းမွန်စေရေးအတွက် အကောင်အထည် ဖြစ်စေရန်အလို့ငှာ ရှေ့ပြေးဥပဒေရုံးများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်နေသော ဥပဒေရုံးများမှာ ပြင်ဦးလွင်ခရိုင် ဥပဒေရုံး၊ ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးနှင့် မော်လမြိုင်မြို့နယ် ဥပဒေရုံးတို့ဖြစ်**

**အချပ်ပို(ဆ)မှ**

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်နေသော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးရန်၊ ယင်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့်တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်၊ ဆောင်ရွက်ပေးသင့်သောကိစ္စများ၊ ဖြေလျှော့ပေးသင့်သောကိစ္စများ၊ ပြုပြင်ပေးသင့်သောကိစ္စများ၊ ပြုပြင်သင့်သောကိစ္စများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရသည်။

တရားစွဲနှင့်အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေအရာရှိများသည် မျှတသော တရားစီရင်ရေးစနစ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မျှတသော တရားစီရင်ရေးစနစ်စံချိန်စံညွှန်းများ လက်စွဲစာအုပ် (Fair Trial Standard) ကို အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (IDLO) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ထားရှိရမည့် ဥပဒေအရာရှိ ကျင့်ဝတ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ UNDP ၏ အကူအညီဖြင့် ပူးပေါင်းရေးဆွဲနေသည်။

ဥပဒေရုံးအဆင့်ဆင့်တွင် အမှုများ ကြန့်ကြာမှုမရှိစေရန်အတွက် အမှုကိစ္စများစီမံခန့်ခွဲမှုစနစ်၊ အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ် (Case Management)ကို ပိုမိုကောင်းမွန်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ အလားတူ တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရေးအတွက် အကောင်အထည်ဖြစ်စေရန် အလို့ငှာ ရှေ့ပြေးဥပဒေရုံးများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်နေသော ဥပဒေရုံးများမှာ ပြင်ဦးလွင်ခရိုင်ဥပဒေရုံး၊ ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးနှင့် မော်လမြိုင်မြို့နယ် ဥပဒေရုံးတို့ဖြစ်သည်။

**USAID နှင့် KOICA**

ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ ပြည်သူ့ဆက်ဆံရေးယူနစ်များ ဖွင့်လှစ်နိုင်ရန် **USAID** နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ်တည်ထောင်ရေး စီမံကိန်းအတွက် KOICA ၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုရှေ့နေရုံးချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နေသည်။

ပြည်ထောင်စုရှေ့နေချုပ်က "ကျွန်တော်တို့အနေနဲ့ အစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနများက ဥပဒေအကြံဉာဏ်တောင်းခံသော ကိစ္စရပ်များ ပိုများလာပြီး ကျွန်တော်တို့ရုံးအနေနဲ့လည်း မြန်မြန်ဆန်ဆန် ပြန်ကြားနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအကြံဉာဏ်ပေးခြင်းမှာ မြန်ဆန်ခြင်းထက် ဥပဒေနဲ့အညီ မှန်ကန်ခြင်းက ပိုမိုအရေးကြီးတဲ့အတွက် မှန်လည်းမှန်၊ မြန်လည်းမြန်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ဖို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနဲ့ ပုဂ္ဂိုလ်များအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း။




ပြည်ထောင်စုရှေ့နေချုပ်ရုံး ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပစဉ်